မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထုတ်ဝေခဲ့သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၆၂)

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ တနလာနေ့။

မြန်မာ-ဂျပန်သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့် သဝဏ်လွှာများပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် နှစ် (၆၀)ပြည့်မြောက်သော ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ●

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရိုမေးနီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျရောက်သော ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရိုမေးနီးယားနိုင်ငံသမ္မတ မစ္စတာ ထရာယန် ဘာဆက်စ်ကူထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျရောက်သော ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရိုမေးနီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗစ်တာ-ဗိုင်အိုရယ်လ်ပွန်တာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိဘပြည်သူများသို့ ရေဒီယိုမှမိန့်ခွန်းပြောကြားမည်

နေပြည်တော် နိုဝင်ဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်နေ့တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

(သတင်းစဉ်)

ရခိုင်ဒေသဖွံ့ဖြိုးရေးကိုအထောက်အကူပေးမည့် မဟာဓာတ်အားလိုင်း

သတင်းဆောင်းပါး
သူ(ပုဏ္ဏားမြို့)

စစ်တွေ နိုဝင်ဘာ ၃၀

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏အနောက်ဘက် ရခိုင်ကမ်းရိုးတန်းပေါ်တွင်တည်ရှိသော ပြည်နယ်တစ်ခုဖြစ်သကဲ့သို့ နိုင်ငံ၏အနောက်ဘက်တံခါး The west gate way ဟု ဆိုရမည် ဖြစ်သည်။ ခရိုင်ငါးခု၊ မြို့နယ်ခွဲ သုံးခုနှင့် မြို့ပေါ်ရပ်ကွက်ပေါင်း ၁၃၃ ခု ကျေးရွာအုပ်စုပေါင်း ၃၇၇၀ ရွာရှိပြီး အိမ်ထောင်စုပေါင်း ၅၄၀၀၆၅ စု၊ လူဦးရေပေါင်း ၃၃၇၀၄၄၉ ဦး နေထိုင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းမြို့နယ်များသို့ မဟာဓာတ်အားလိုင်း လျှပ်စစ်အားဖြန့်ဖြူးပေးနိုင်ရန် ဥသျှစ်ပင် ၂၃၀ ကေဗွီဓာတ်အားခွဲရုံမှ တစ်ဆင့် တောင်ကုတ်မြို့ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံနှင့် ပုဏ္ဏားကျွန်းမြို့ ၂၃၀ ကေဗွီဓာတ်အားခွဲရုံသို့လည်းကောင်း၊ တောင်ကုတ်မှသံတွဲ ၆၆ ကေဗွီ ဓာတ်အားလိုင်းကြိုးများဖြင့် လည်းကောင်း၊ မအီမှကျောက်ဖြူသို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းကြိုးများဖြင့် လည်းကောင်း သွယ်တန်းပြီး တောင်ကုတ်၊ သံတွဲ၊ အမ်းမြို့များကို ဇွန်လမှ စတင်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ ပုဏ္ဏားကျွန်းမြို့တွင် ၂၃၀ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်မှုရာနှုန်းပြည့် ပြီးစီးနေပြီးဖြစ်ရာ မြို့တွင်း၌ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ လေးလုံးနှင့် ၁၁ ကေဗွီလိုင်းများ ၀ ဒသမ ၄ ကေဗွီဓာတ်အားလိုင်းများ တပ်ဆင်ပြီးမြောက်လျက် ပုဏ္ဏားကျွန်း ဓာတ်အားခွဲရုံမှ

စာမျက်နှာ ၇ ကော်လံ ၄ ❐

ယနေ့ မာတိကာ

အတိုက်အခံပါတီတွင်း ရွေးကောက်ပွဲ သမ္မတဟောင်း ဆာကိုဇီအနိုင်ရ — စာ ၄

ကျွန်တော်နဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ — *ဆောင်းပါး* — စာ ၆

မန်ယူဂိုးပြတ်နိုင် ချယ်လ်ဆီးသရေ — စာ ၁၃

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

Japan Myanmar Pwe Taw

ဂျပန် - မြန်မာ ပွဲတော်

2014.12.6 (Sat), 7 (Sun)

14:00 - 22:30 | Free! (2 Days)

အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ရွှေထွန်းတင် (Sky Star Hotel အနီး)၊ တာမွေ။

ဝင်ကြေးအခမဲ့

လူကြီး ၊ လူငယ်မရွေး ပါဝင်ပျော်ရွှင်နိုင်ပါသည်။

JAPAN MYANMAR PWE TAW ဂျပန် - မြန်မာ ပွဲတော်

စိုင်းစိုင်းခမ်းလှိုင် ၊ လွှမ်းပိုင် ၊ ကျော်ထွဋ်ဆွေ၊ နီနီခင်ဇော် ၊ Bobby Soxer ၊ နန်းမြတ်ပြိုးသင်း ၊ နန်းသူဇာ အစရှိသော နာမည်ကြီး အနုပညာရှင်များ၏

ဂျပန် - မြန်မာ ပွဲတော်ကျင်းပရေးကော်မတီ

jmpt.mbc.mm@gmail.com

ဖျော်ဖြေမှုများနှင့်အတူ ဂျပန်ဖျော်ဖြေတင်ဆက်မှု DRUM TAO အဖွဲ့၏ထူးခြားဆန်းကြယ်သော တင်ဆက်မှုများကို Japan ရိုးရာစားသောက်ဖွယ်များ စားသုံးပြီး အခမဲ့ရှုစားရန် ကြွလှမ်းခဲ့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကုန်ဈေးနှုန်းတည်ငြိမ်ရေး

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်ဈေးနှုန်းတည်ငြိမ်ရေးမှာ အရေးကြီးသည့်အချက်ဖြစ်ပါသည်။ ကုန်ဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်နေလျှင် တိုးတက်မှုကိုနှေးကွေးစေနိုင်သည့်အပြင် ဆင်းရဲချမ်းသာကွာဟမှု ကြီးမားလာပြီး ဆင်းရဲမွဲလျှောချရေးလုပ်ငန်းစဉ်များအပေါ် အကျိုးသက်ရောက်မှု ရှိလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် စွမ်းဆောင်ရည်ပြသနိုင်ရန်လိုအပ်ပါသည်။

တစ်နည်းအားဖြင့် ကုန်ဈေးနှုန်းမြင့်တက်ခြင်းသည် ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်လာခြင်းပင်ဖြစ်ပါသည်။ ငွေကြေးဖောင်းပွမှုနှင့် တိုးတက်မှုတို့သည် ဆက်စပ်လျက်ရှိပါသည်။ ကျွန်ုပ်တို့နိုင်ငံ၌ ၂၀၁၁-၂၀၁၂ ခုနှစ်တို့တွင် ငွေကြေးဖောင်းပွမှုနှုန်းပျမ်းမျှ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိခဲ့သော်လည်း ၂၀၁၃ ခုနှစ်အကုန် ၂၀၁၄ ခုနှစ်အတွင်း ၅ ဒသမ ၇ ရာခိုင်နှုန်းမှ ၆ ဒသမ ၀ ရာခိုင်နှုန်းအထိ နှစ်ဆတိုးတက်လာကြောင်း သက်ဆိုင်ရာ စာရင်းဇယားများအရ သိရသည်။ ကုန်ဈေးနှုန်းတည်ငြိမ်ရေးသည် ငွေကြေးဖောင်းပွမှုနှုန်းအပေါ်တွင် တည်မီလျက်ရှိသဖြင့် ဖောင်းပွမှုလျော့နည်းအောင် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ ငွေကြေးဖောင်းပွမှုနှုန်းလျော့နည်းအောင် ဆောင်ရွက်ရာတွင် အရေးကြီးသောအချက်မှာ ဂျီဒီပီတိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပညာရှင်တို့ကဆိုပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင် ၂၀၁၁-၂၀၁၂ တွင် ဂျီဒီပီလျာထား ၆ ဒသမ ၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ တွင် လျာထား ၆ ဒသမ ၇ ရာခိုင်နှုန်းမှ ၇ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ တွင် ၈ ဒသမ ၉ ရာခိုင်နှုန်းလျာထားရာမှ ၈ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပေါ်ခဲ့ပြီး သုံးနှစ်ပျမ်းမျှ ၇ ဒသမ ၂ ရာခိုင်နှုန်း ဂျီဒီပီတိုးတက်ခဲ့ကြောင်း သိရပါသည်။ ၂၀၁၄-၂၀၁၅ တွင် ၉ ဒသမ ၁ ရာခိုင်နှုန်းလျာထားပြီး ၂၀၁၅-၂၀၁၆ အတွက် ၉ ဒသမ ၂ ရာခိုင်နှုန်း လျာထားဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းသည် အရင်းနှင့် ကုန်ထွက်အချိုး (Capital-Output Ratio) အပေါ်တွင် မူတည်နေသည့်အတွက် ရင်းနှီးမြှုပ်နှံမှုတိုးလာမှ ထွက်ကုန်တိုးလာကာ ဂျီဒီပီတိုးလာမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုကျဆင်းလျှင် ထွက်ကုန်လည်းကျဆင်းကာ ဂျီဒီပီလည်း ကျဆင်းသွားမည်ဖြစ်ကြောင်း ပညာရှင်တို့၏ လေ့လာတွက်ချက်မှုအရ သိရသည်။ ရင်းနှီးမြှုပ်နှံမှုတိုးလာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှု၊ အလုပ်အကိုင်များ ဖန်တီးပေးနိုင်မှုများ တိုးလာကာ လူတစ်ဦးချင်းဝင်ငွေ သည်လည်း တိုးတက်လာမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံး၏ စီးပွားရေးအခြေအနေဖြစ်သည့် မေခရိုစီးပွားရေးဆိုင်ရာလုပ်ငန်းများကို နှစ်ရှည်၊ နှစ်တို နှစ်စဉ်စီမံကိန်းများချမှတ်ပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ ပြည်သူတစ်ရပ်လုံး စီးပွားရေးတိုးတက်ပြီး လူတစ်ဦးချင်းဝင်ငွေ တိုးတက်ကာ ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

၂၀၁၅ ခုနှစ်၊ (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ်ထိန်းသိမ်းကာကွယ်ရေး။
- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက်အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး။
- ☆ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး၊ ရေရှည်တည်တံ့သည့်စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

ရွှေဆံတော် စေတီတော်မြတ်ကြီး အလှူတော်ငွေ ပေးအပ်ပွဲနှင့် ဂုဏ်ပြုပွဲကျင်းပမည်

ပြည် နိုဝင်ဘာ ၃၀

ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့သည် သြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒကိုခံယူလျက် တောင်တော်ကြွခိုင်ရန် ဆောင်ရွက်ခြင်း၊ ရင်ပြင်တော်တိုးချဲ့ခြင်း၊ ဓမ္မာရုံတည်ဆောက်ခြင်း လုပ်ငန်းကြီးသုံးရပ်ကို ဆောင်ရွက်လျက်ရှိရာ ထိုလုပ်ငန်းကြီးသုံးရပ်ပြီးစီးအထမြောက်အောင်မြင်စေရန် စေတနာရှင်များသည် သဒ္ဓါထက်သန်စွာ ပေးလှူလျက်ရှိကြသည်။

ဂေါပကအဖွဲ့သည် စေတနာရှင်များ၏ သဒ္ဓါထက်သန်စွာ ပေးလှူမှုကို ဂုဏ်ပြုသောအားဖြင့် (တတိယအကြိမ်) အလှူတော်ငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက် (၁၄-၁၂-၂၀၁၄) ရက် တနင်္လာနေ့ နံနက် ၈ နာရီတွင် စေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ မြတ်စွယ်တော်တိုက်တွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေး/ရပ်နီးစေတနာရှင်များအား ဖိတ်ကြားထားကြောင်း သိရသည်။

မြင့်နိုင်(ပြည်)

ဆိပ်ကြီးခနောင်တို ပြည်သူ့ဆေးရုံ၌ အာမဲ့ဆေးဝါးကုသ

ရန်ကုန် နိုဝင်ဘာ ၃၀

P World Co.,Ltd (Myanmar) နှင့် Dae Kyo Construction Co., Ltd (Korea) တို့မှ ပူးပေါင်း စီစဉ်သည့် ပရဟိတအခမဲ့ ဆေးဝါးကုသရေးအစီအစဉ်ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးဆိပ်ကြီးခနောင်တိုမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က Dae Kyo Construction Co.,Ltd မှ CEO,Mr. Park Chung Ho ဦးဆောင်သော ကိုရီးယားနိုင်ငံမှ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ဝင်များကို ကြိုဆိုနှုတ်ဆက်ပြီး ဆေးဝါးကုသမှုခံယူမည့် ဒေသခံပြည် သူများအား ကြည့်ရှုအားပေးသည်။

အဆိုပါ ပရဟိတအခမဲ့ဆေးဝါး ကုသရေးအစီအစဉ်တွင် ဆိပ်ကြီး ခနောင်တိုမြို့နယ်၊ ဒလမြို့နယ်တို့ရှိ မြို့ပေါ်ရပ်ကွက်နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

CLAIMS DAY NOTICE
M.V MARINE RELIANCE VOY:NO(6)

Consignees of cargo carried by M.V MARINE RELIANCE VOY: NO(6) are here by notified that the vessel will arrive on about 3-12-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

နော်ဝေနိုင်ငံ ပဋ္ဌမမြောက်ဘုရင်နှင့် မိဖုရား ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ဖိတ်ကြားချက်အရ နော်ဝေနိုင်ငံ ပဋ္ဌမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရား ဆွန်ယာခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီ ၃၅ မိနစ်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ည့်သည်တော် နော်ဝေနိုင်ငံ ပဋ္ဌမမြောက်ဘုရင်နှင့် မိဖုရားတို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E.Ms. Ann Ollestad၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနူတ်ဆက်ကြသည်။ (ဝဲပုံ)

(သတင်းစဉ်)

(၄၁)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်ခရီးစဉ်သင်္ဘော ပြန်လည်ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၃၀

(၄၁)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များလိုက်ပါလာသော Nippon Maru ဂျပန်သင်္ဘောကြီးသည် မြန်မာ့မြေပေါ်၌ နာရီပေါင်း ၆၀ ကွန်းခိုခဲ့ရာမှ ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ပိုလ်အောင်ကျော်ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များခရီးစဉ်တွင် လိုက်ပါသွားသော မြန်မာလူငယ်များ၏ မိသားစုဝင်များနှင့် Homestay တစ်ညတာ တည်းခိုခဲ့ရသည့်နေအိမ်များမှ မိသားစုများ ပို့ဆောင်နူတ်ဆက်ကြသည်။

Homestay နှင့် မြန်မာလူငယ်များ၏မိသားစုဝင်များသည် သင်္ဘောကြီးမထွက်ခွာမီ သင်္ဘောပေါ်သို့ တက်ရောက်လေ့လာခွင့် ရရှိခဲ့ကြသည်။

အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်သည် ဂျပန်နိုင်ငံအစိုးရ၏ ဦးဆောင်စီစဉ်မှုဖြင့် ၁၉၇၄ ခုနှစ်မှစတင်ပြီး ဂျပန်နှင့် အရှေ့တောင်အာရှနိုင်ငံများသို့ လူငယ်များ လှည့်လည်လေ့လာသော ခရီးစဉ်ဖြစ်သည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပြီးနောက် ၁၉၉၈ ခုနှစ်တွင် အဆိုပါခရီးစဉ်၌ ပါဝင်ခဲ့သည်။

Nippon Maru သင်္ဘောသည် နိုဝင်ဘာ ၂၈ ရက်တွင် မြန်မာနိုင်ငံသို့ မဆိုက်ကပ်မီ နိုဝင်ဘာ ၇ ရက်တွင် ဂျပန်နိုင်ငံမှ စတင်ထွက်ခွာပြီး ဘရူနိုင်း၊ ကမ္ဘောဒီးယားနိုင်ငံတို့သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ နိုဝင်ဘာ ၃၀ ရက်တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာပြီး အင်ဒိုနီးရှားသို့ ဆက်လက်ခရီးနှင်ကာ ဒီဇင်ဘာ ၁၆ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုဆိပ်ကမ်း၌ ခရီးစဉ်ပြီးဆုံးမည်ဖြစ်သည်။ လူငယ်အချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်နိုင်သောစွမ်းရည်များ ပျိုးထောင်ပေးရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သော အဆိုပါသင်္ဘောခရီးစဉ်တွင် ဂျပန်ကျောင်းသား ကျောင်းသူ ၄၀ အပါအဝင် မြန်မာနိုင်ငံနှင့် ကျန်အရှေ့တောင်အာရှနိုင်ငံများမှ တစ်နိုင်ငံလျှင် ကျောင်းသား ကျောင်းသူ ၂၉ ဦးစီ စုစုပေါင်း ၃၃၀ လိုက်ပါခဲ့သည်။

မြန်မာနိုင်ငံတွင် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်ခရီးစဉ်သင်္ဘောသည် ၂၀၀၀ ပြည့်နှစ်တွင် မြန်မာ့ဆိပ်ကမ်းသို့ ဆိုက်ကပ်ရပ်နားခဲ့သော်လည်း Homestay အစီအစဉ် မပါရှိခဲ့ပေ။ ယခုနှစ်တွင် အဆိုပါခရီးစဉ်၌ ပထမဆုံးအကြိမ် မြန်မာနိုင်ငံ၌ Homestay အစီအစဉ် ပါရှိလာခြင်းကြောင့် မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှုကို အာဆီယံနိုင်ငံများမှ လူငယ်များက မျက်မြင်တွေ့ရှိရာမှ တစ်ဆင့် သတင်းစကားများပါးနိုင်မည်ဖြစ်သည်။

ခင်ချိုဝင်း

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ပိုလ်ရှုခံအခမ်းအနား နေပြည်တော်၌ကျင်းပမည်

သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

နေပြည်တော် နိုဝင်ဘာ ၃၀

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ပိုလ်ရှုခံအခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့်မီဒီယာသမားများအနေဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁ ရက်မှ ၂၈ ရက်အထိ ဆောင်ရွက်ရန်ဖြစ်ပြီး ကိုယ်ရေးအချက်အလက်အကျဉ်း၊ ပတ်စ်ပို့မာတ်ပုံသုံးပုံနှင့်အတူ ပေးပို့ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း - ၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၂၆ ၊ ဖက်စ် ၀၆၇-၄၁၂၁၂၄ ၊ email-adnews 2014 @ gmail.com သို့လည်းကောင်း၊ ပြည်တွင်းစာနယ်ဇင်းများအနေဖြင့် ဖုန်း- ၀၆၇-၄၁၂၀၀၂ ၊ ၀၆၇-၄၁၂၁၈၇ ၊ email-myintkyaw 103 @ gmail .com သို့လည်းကောင်း ဆက်သွယ်ပေးပို့ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ကြေငြာ

● ရှေ့ဖုံးမှ

ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးထံမှလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ အပြန်အလှန်ပေးပို့ခဲ့သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရိုမေးနီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင်ကျရောက်သော ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ရိုမေးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောဂ်ဒန် အော်ရက်စကူထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အာဆီယံမသန်စွမ်းသူများ အနုပညာပွဲတော်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့သည် ဂျပန်နိုင်ငံ အခြေစိုက် နိပ္ပန်ဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ဦးဆောင်မှုနှင့် မသန်စွမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၄ ခုနှစ် အာဆီယံမသန်စွမ်းသူများ အနုပညာပွဲတော်ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ဒီဇင်ဘာ ၃ ရက်မှ ၇ ရက်အထိ နေပြည်တော်နှင့် ရန်ကုန်မြို့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက်တွင် နေပြည်တော်၌ ဖွင့်လှစ်မည်ဖြစ်ပြီး ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ မြို့မမိုင်ဒါကွင်းတွင် သုံးရက်ကြာ အများပြည်သူတို့အား အနုပညာဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ရီရီမြင့်

❀ ကျောဖုံးမှ

အဆိုပါပြိုင်ပွဲတွင် သက်တန်းအလိုက် အတိုက်ပြိုင်ပွဲနှင့် ကကွက်ပြိုင်ပွဲ၊ အသင်းလိုက်ကကွက်ပြိုင်ပွဲများ၊ Senior တန်း အတိုက်ပြိုင်ပွဲ တစ်ဦးချင်းနှင့် တစ်ဦးချင်းအသင်းလိုက် ကကွက်ပြိုင်ပွဲများကျင်းပရာ အသက် ၁၄ နှစ် အမျိုးသား အမျိုးသမီးပြိုင်ပွဲများတွင် ရွှေကိုး၊ ငွေငါး၊ ကြေးနှစ် ပထမရရှိသွားသော ရွှေကိန္နရီအသင်း၊ ရွှေငါး ၊ငွေလေး၊ ကြေး ၁၁ ဒုတိယရရှိသွားသောAS အသင်း၊ ရွှေနှစ်၊ ငွေတစ်၊ ကြေးနှစ် တတိယရရှိသွားသော YTC အသင်းအား Mr.Jang ကလည်းကောင်း၊ အသက် ၁၈ နှစ် အမျိုးသား အမျိုးသမီးပြိုင်ပွဲများတွင် ရွှေကိုး၊ ငွေ၊ ကြေးလေး ပထမရရှိသွားသော GC အသင်း၊ ရွှေတစ်၊ ငွေသုံး၊ ကြေး ၀ ဒုတိယရရှိသွားသော SPF အသင်း၊ ရွှေတစ်၊ ငွေနှစ်၊ ကြေးသုံးတတိယရရှိသွားသော AS အသင်းအား မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြဟန် ကလည်းကောင်း၊ အသက် ၁၈ နှစ် အမျိုးသား အမျိုးသမီးပြိုင်ပွဲတွင် ရွှေငါး၊ ငွေငါး၊ ကြေးငါး ပထမရရှိသွားသော YCDC အသင်း၊ ရွှေသုံး၊ ငွေလေး၊ ကြေးငါး ဒုတိယရရှိသွားသော ကာကွယ်ရေးအသင်း၊ ရွှေသုံး၊ ငွေတစ်၊ ကြေးလေး တတိယရရှိသွားသော GC အသင်းအား မြန်မာနိုင်ငံ ဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E.Mr. Baek Soon Lee ကလည်းကောင်း တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ကြသည်။

ပြိုင်ပွဲသို့ ဝန်ကြီးဌာနအသင်းများ၊ ကလပ်အသင်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသင်း ၁၈ သင်းတို့က အားကစားသမား ၂၁၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

❀ ကျောဖုံးမှ

သုံးရက် ညနေပိုင်း ခေါ်ယူပညာသင်ကြားပေးနေသည်ဟု လှည်းတန်းနှင့် အနော်ရထာလမ်းထောင့် လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးလူငယ်တစ်ဦးက ဆိုသည်။

ပြင်ပဖုန်းကတ် ပေါက်ဈေးမှာ နိုဝင်ဘာ ၃၀ ရက်တွင် အနော်ရထာလမ်း၏ ကျောက်တံတားမြို့နယ် အတွင်း MPT ဆင်းကတ်တစ်ကတ် လျှင် ငွေကျပ် ၃၅၀၀ နှုန်း၊ တယ်လီနောဆင်းကတ် ငွေကျပ် ၃၀၀၀ နှုန်း၊ အော်ရီဒူးငွေကျပ် ၁၅၀၀ နှုန်းတို့ဖြင့် ရောင်းချနေသည်ကို မြင်တွေ့ရသည်ဟု လမ်းသွားလမ်းလာများက ဆိုသည်။ ၁၁ လမ်း တယ်လီနော ဖုန်းအရောင်းဆိုင်မှ တစ်ကတ်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် နေ့စဉ်ရောင်းချသည်ဟု သိရသည်။

သတင်း - ခင်ဆိုင်
ဓာတ်ပုံ - သတင်းစဉ်

နိုင်ငံတကာသတင်း

အတိုက်အခံပါတီတွင်း ရွေးကောက်ပွဲ သမ္မတဟောင်း ဆာကိုဇီအနိုင်ရ

ပါရီ နိုဝင်ဘာ ၃၀

ပြင်သစ်သမ္မတဟောင်း နီကိုလတ်ဆာကိုဇီအား ယူအမ်ပီပါတီ အတိုက်အခံအကြီးအကဲအဖြစ် ရွေးချယ်တင်မြှောက်လိုက်ပြီဖြစ်ရာ လာမည့်သမ္မတရွေးကောက်ပွဲတွင် သမ္မတပြန်ဖြစ်ရန် လမ်းစကို စတင်လိုက်ပြီဖြစ်သည်။

မစ္စတာ ဆာကိုဇီသည် အနီးဆုံးပြိုင်ဘက် ဘရူနိုလီမိုင်ရေးကို ကျော်ဖြတ်ကာ ၆၄ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ပါတီတွင်း ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားခြင်းဖြစ်သည်။ ဆာကိုဇီသမ္မတအဖြစ် ပြန်လည်အရွေးခံရရန် ၇၀ ရာခိုင်နှုန်း မျှော်လင့်ထားသည်ဟု ဆိုသည်။

ယူအမ်ပီပါတီသည် လက်ရှိသမ္မတ ဖရန်ဆွာဟော်လန်ကို အနိုင်ရရှိရန် လာမည့်ရွေးကောက်ပွဲတွင် ကြိုးပမ်းသွားဖွယ်ရှိသည်။ အသက် ၅၉ နှစ်ရှိ မစ္စတာဆာကိုဇီသည် ၂၀၀၄ ခုနှစ် ပါတီရွေးကောက်ပွဲ၌ ၈၅ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သူသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ပြင်သစ်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

သို့သော် မစ္စတာဟော်လန်ကို နှုန်းနိမ့်ပြီးနောက် လက်ဝဲနိုင်ငံရေးသမားအဖြစ်သာရှိနေခဲ့သည်။ ပါတီအဖွဲ့ဝင် ၁၅၀၀၀၀ က ပါတီတွင်းမဲပေးရွေးချယ်ခဲ့ရာ မစ္စတာဆာကိုဇီသည် မဲအများဆုံးဖြင့်အနိုင်ရခဲ့သည်။ ပြိုင်ဘက် စိုက်ပျိုးရေးဝန်ကြီးဟောင်း လီမိုင်ရေးက ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ လွှတ်တော်အမတ်ဟာဗေးမာရီတန်က ၆ ဒသမ ၃ ရာခိုင်နှုန်း ရရှိခဲ့သည်။ ယူအမ်ပီပါတီက ၂၀၁၇ သမ္မတရွေးကောက်ပွဲအတွက် သမ္မတလောင်းကို နှစ်နှစ်အတွင်း ရွေးချယ်သွားမည်ဟု ဆိုသည်။ **(ဘီဘီစီ)**

အိန္ဒိယတွင် ဓာတုစွန့်ပစ်ပစ္စည်းကြောင့် လူ ၃၀၀ ကျော် နာမကျန်းဖြစ်

နယူးဒေလီ နိုဝင်ဘာ ၃၀

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အနီး သာနီခရိုင်ရှိ ရေနုတ်မြောင်းထဲသို့ ဓာတုစွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခဲ့မှုကြောင့် လူပေါင်း ၃၀၀ ကျော်မှာ မအီမသာဖြစ်ခြင်း၊ ပျို့အန်ခြင်း၊ မောပန်းခြင်းနှင့် အသက်ရှူကျပ်ခြင်းများ ခံစားခဲ့ရသည်ဟု ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

အဆိုပါ ဝေဒနာခံစားရသူများကို စမ်းသပ်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် လူ ၅၀ ကျော်ကို ဆေးရုံသို့တင်ပို့ခဲ့ရသည်ဟု သိရသည်။

ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် စောင့်ကြပ်ကြည့်ရှုမှုအားနည်းခြင်းနှင့် ဓာတုစွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းကို တားမြစ်ရန် အထောက်အကူပြုပစ္စည်းများ လုံလောက်မှုမရှိခြင်းကြောင့် ယင်းကဲ့သို့ စက်ရုံနှင့် ဆိုင်သော မတော်တဆမှုများ ဖြစ်ပွားလေ့ရှိသည်ဟု သိရသည်။

(ဆင်ဟွာ)

ဘော့ဆွာနာမှ အမဲသားတင်သွင်းမှု ဖိလစ်ပိုင် ယာယီတားမြစ်

မနီလာ နိုဝင်ဘာ ၃၀

ဖိလစ်ပိုင်အစိုးရက အာဖရိကတွင် ခွာနာလျှာနာရောဂါ (FMD) ဖြစ်ပွားမှုကို အတည်ပြုပြီးသည့်နောက် ဘော့ဆွာနာနိုင်ငံမှ အမဲသား တင်သွင်းမှုကို ယာယီပိတ်ပင်လိုက်သည်ဟု ဖိလစ်ပိုင်စိုက်ပျိုးရေးဦးစီးဌာန DA က သောကြာနေ့တွင် ပြောကြားခဲ့သည်။

DA မှ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် စစ်ဆေးရေးမှူးများက ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ခွာနာလျှာနာရောဂါ ဝင်ရောက်မှုကြိုတင် ဟန့်တားနိုင်ရန်အတွက် ဘော့ဆွာနာမှ အမဲသားတင်သွင်းမှုများကို တားမြစ်ရန်နှင့် ဖမ်းဆီးရန် အမိန့်ထုတ်ပြန်ထားသည်ဟု သိရသည်။

ဘော့ဆွာနာနိုင်ငံရှိ တီဂျားခရက်ရှ်၊ ကျူဘူး၊ ဂူမဲယားနှင့် ဂါဒီလန် ဒေသများတွင် ကျွဲ၊ နွားတိရစ္ဆာန်များမှ ခွာနာလျှာနာ ဗိုင်းရပ်စ်ပိုးကူးစက်မှုဖြစ်ပွားသည်ဟု ပြီးခဲ့သော အောက်တိုဘာ ၂၉ ရက်က OIE မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ DA က ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံရှိ ကျွဲ၊ နွားတိရစ္ဆာန်များ၏ ကျန်းမာရေးကို ကြိုတင် ကာကွယ်ရန်အတွက် ဘော့ဆွာနာနိုင်ငံမှ အမဲသားတင်သွင်းမှု တားမြစ်ချက်ထုတ်ပြန်ခြင်းမှာ လိုအပ်သည်ဟု DA မှ အယ်လ်ကာလာက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ယခုလက်ရှိကာလတွင် ခွာနာလျှာနာရောဂါဖြစ်ပွားမှုကင်းစင်သည့်နိုင်ငံဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

ဖာဂူဆန်သေနတ်ပစ်ခတ်မှု ရဲအရာရှိနုတ်ထွက်

ဖာဂူဆန် နိုဝင်ဘာ ၃၀

ဖာဂူဆန်မြို့၌ လက်နက်မဲ့ ဆယ်ကျော်သက် မိုက်ကယ်ဘရောင်းအား သေနတ်နှင့် ပစ်သတ်ခဲ့သူ အမေရိကန်ရဲအရာရှိ ဒါရင်ဝီလ်ဆင်သည် ရဲတပ်ဖွဲ့မှ နုတ်ထွက်သွားပြီဖြစ်ကြောင်း ၄င်း၏ရှေ့နေ နေးလ်ဘရူထရာဂျာက ပြောသည်။ ၄င်း၏ နုတ်ထွက်မှုသည် ချက်ချင်းအကျိုးသက်ရောက်မှုရှိကြောင်း မစ္စတာ ဘရူထရာဂျာက အမေရိကန်မီဒီယာသို့ ပြောသည်။ သူဆက်ရှိနေလျှင် အကြမ်းဖက်ခြိမ်းခြောက်မှုများ ဆက်လက်ဖြစ်ပေါ်လာနိုင်သည့်အတွက် နုတ်ထွက်ရခြင်းဖြစ်ကြောင်း မစ္စတာဝီလ်ဆင်ကိုယ်တိုင်က ပြောသည်။

မစ္စတာဝီလ်ဆင်အား တရားစွဲဆိုမှု မပြုလုပ်သင့်ကြောင်း တရားရေးအဖွဲ့က ဆုံးဖြတ်ခဲ့ပြီးနောက် ဖာဂူဆန်နှင့် အခြားမြို့ကြီး မြို့ငယ်အသီးသီးတို့၌ ဆန္ဒပြမှုနှင့် အဓိကရုဏ်းများ ဖြစ်ပွားခဲ့သည်။

အသက် ၂၈ နှစ်အရွယ် မစ္စတာဝီလ်ဆင်သည် ၄င်း၏ရဲဌာနကို အကြမ်းဖက်မည်ဟု ခြိမ်းခြောက်စာရပြီးနောက် နုတ်ထွက်သွားခြင်းဖြစ်ကြောင်း စိန့်လူးဝစ်မြို့ထုတ် သတင်းစာတစ်စောင်က ရေးသားထားသည်။ **(ဘီဘီစီ)**

အမေရိကန်ရဲအရာရှိ ဒါရင်ဝီလ်ဆင်

မူဘာရက်အပေါ်စွပ်စွဲချက်များကို ပယ်ဖျက်ခဲ့၍ ဆန္ဒပြမှုများ ဖြစ်ပွား

ကိုင်ရို နိုဝင်ဘာ ၃၀

အီဂျစ်သမ္မတဟောင်း ဟော့စ်နီမူဘာရက်အား လွှန်ခဲ့သောသုံးနှစ်က မဇြိမ်မသက်မှုဖြစ်ပွားစဉ် လူသတ်မှုဖြင့် စွဲဆိုထားသောအမှုများ ပယ်ဖျက်လိုက်သည့်အတွက် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ရာ အီဂျစ်ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများသုံး၍ ဖြိုခွင်းခဲ့သည်။

လူပေါင်း ၂၀၀၀ ခန့် ကိုင်ရိုမြို့လယ်တွင် ဆန္ဒပြခဲ့ရာ အဓိကရုဏ်းကြောင့် လူတစ်ဦးသေဆုံးခဲ့သည်။ မူဘာရက်အားမူလက ထောင်ဒဏ်တစ်သက်တစ်ကျွန်းချထားရာမှ ပြန်လည်စစ်ဆေးမည်ဟု ဆိုသည်။

အမိန့်ချမှတ်လိုက်ပြီးနောက် မူဘာရက်က သူ့တွင်အမှားမရှိကြောင်း ရုပ်မြင်သံကြားမှ ပြောကြားသည်။ အသက် ၈၆ နှစ်ရှိ သမ္မတဟောင်း မူဘာရက်သည် ပြည်သူ့ဘဏ္ဍာငွေအလွဲသုံးစားမှုဖြင့် သီးခြားထောင်သုံးနှစ်ကျခံရမည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ယူအေအီးနိုင်ငံသည် ရွှေ့ပြောင်းလုပ်သားများကို မည္ဟာမတာဆက်ဆံ

အဘူဒါဘီ နိုဝင်ဘာ ၃၀

ကုလသမဂ္ဂ နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း (အိုင်အယ်လ်အို)သည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံရှိ ရွှေ့ပြောင်းလုပ်သားများ၏ ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက် ရှိသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (အိုင်တီယူစီ)၏ တိုက်တန်းချက်နှင့် ပတ်သက်ပြီး ဤသို့ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ဆောက်လုပ်ရေးနှင့် အိမ်အကူလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသော ရွှေ့ပြောင်းလုပ်သားများအပေါ် ခေါင်းပုံဖြတ်ခြင်း၊ အတင်းအကျပ် ခိုင်းစေခြင်းများရှိကြောင်း (အိုင်တီယူစီ)၏ ပြောပြချက်ကို ဂါးဒီးယန်းသတင်းစာက စနေနေ့က ဖော်ပြခဲ့သည်။

အဘူဒါဘီမြို့ရှိ ရွှေ့ပြောင်းလုပ်သားအမြောက်အမြား မည္ဟာမတာဆက်ဆံခြင်း ခံရကြောင်း၊ အလုပ်အကိုင် ရရှိရေးအတွက် တရားမဝင် ငွေကြေးပေးဆောင်ရခြင်းကြောင့် ဆင်းရဲဒုက္ခရောက်နေရကြောင်း၊ နေထိုင်စားသောက်ရာတွင်လည်း အဆင်ပြေမှုမရှိကြောင်း၊ လုပ်အားခမှာလည်း မျှတခြင်းမရှိကြောင်းစသည်ဖြင့် ဖော်ပြပါရှိခဲ့သည်။

အိုင်တီယူစီ၏ တိုင်ကြားချက်အရ အိုင်အယ်လ်အိုအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်သည့် ယူအေအီးနိုင်ငံသည် တရားဝင် သဘောတူညီချက်ကို မထီမဲ့မြင်ပြုရာရောက်လွန်းနေကြောင်း၊ တရားဥပဒေမူဘောင်ကို လိုက်နာကျင့်သုံးမှုအားနည်းပြီး ရွှေ့ပြောင်းလုပ်သားများ၏ အရေးကို ကာကွယ်မှုမရှိကြောင်း အိုင်တီယူစီက ပြောခဲ့သည်။

ယူအေအီးကာဖာလာ အစီအစဉ်အရ ရွှေ့ပြောင်းလုပ်သားတစ်ယောက်သည် ဗီဇာရရန် ဝန်ဆောင်ခအနေဖြင့် အမေရိကန်ဒေါ်လာ ၂၅၀၀ ထိ ၄င်းတို့၏ အေးဂျင့်ကို ပေးရကြောင်း သိရသည်။ ထို့ပြင် ၄င်းတို့၏ လုပ်အားခကိုလည်း အေးဂျင့်များက ထိန်းချုပ်ထားမှုကြောင့် အိမ်ပြန်ချင်တိုင်းပြန်၍မရသော အနေအထားဖြစ်ကြောင်း သိရသည်။

ထို့ပြင် အလုပ်တစ်ခုမှ တစ်ခုသို့ ရွှေ့ပြောင်း၍ မရခြင်း၊ အလုပ်တစ်ခုသည် မိမိထင်သလို မဟုတ်ဘဲ အခြေအနေမကောင်းသော အခါတွင်လည်း စွန့်ခွာသွား၍ မရခြင်းတို့ရှိကြောင်း သိရသည်။

ယူအေအီးနှင့် ကာတာတို့သည် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်သော်လည်း ခေတ်သစ်ကျေးကျွန်စနစ်ဆန်သော ကာဖာလာစနစ်ကြောင့် ရွှေ့ပြောင်းအလုပ်သမားများ ဒုက္ခရောက်လျက်ရှိသည်ဟု ဆိုသည်။

(ပရက်စ်တီဗွီ)

ပြည်တွင်းသတင်းနှင့်ကြေငြာ

မူဆယ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၄၃ ပြား ဘိန်းဖြူ ၂၃၃ ဒသမ ၂ ဂရမ် ဖမ်းဆီးရမိ

အောင်သန်းဇော်၊ ချမ်းသာ၊ မကြီး(ခ) အေးအေးနု၊ မဌေးဌေးအေး၊ ခွန်ဆမ်နှင့် လထော်ဂမ်တို့ခြောက်ဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၃၀

နိုဝင်ဘာ ၂၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် မိုင်းယု (၁၀၅)မိုင် ကျေးရွာ နယ်မြေ ၅ နေ အောင်သန်းဇော်၏ နေအိမ်ကို ရှာဖွေရာ အိပ်ခန်းခုတင်ရှိ ကလေးကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၉ ပြား သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချသူ မကြီး(ခ) အေးအေးနုကို ဖုန်းဖြင့် ဆက်သွယ် အသွင်ယူစောင့်ဆိုင်းစဉ် မကြီး(ခ) အေးအေးနုနှင့် ချမ်းသာတို့နှစ်ဦး ဆိုင်ကယ်ဖြင့် ရောက်ရှိလာ၍ ရှာဖွေရာ မကြီး(ခ)အေးအေးနု ဝတ်ဆင်ထားသည့် အတွင်းခံအင်္ကျီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ ၊ ဘိန်းဖြူ ၂ ဒသမ ၂ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ တရားခံ မကြီး(ခ) အေးအေးနုနှင့် ချမ်းသာတို့ကို စစ်ဆေးချက်အရ မူဆယ်မြို့ကောင်းမှတုံရပ်ကွက် ဟိုနားနယ်မြေ မိုးပိုးအောင်အိမ်ရာ အခန်းအမှတ် (B-5) နေ မဌေးဌေးအေး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်းရှိ မြွေရေခွံအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၂၁ ခွက် အလေးချိန် ၂၃၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၈၄ ပြားနှင့် တရုတ်နိုင်ငံသုံး လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ မဌေးဌေးအေး၏ နေအိမ်ရှေ့သို့ ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ လထော်ဂမ်အား ရှာဖွေရာ ၄င်းဝတ်ဆင်ထားသည့် အနွေးအင်္ကျီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀နှင့် တရုတ်နိုင်ငံသုံး လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိပြီး လထော်ဂမ်အား စစ်ဆေးချက်အရ မူဆယ်မြို့ ဟိုမွန်ရပ်ကွက် အမှတ် (ဟ/၁၂/၃၆)နေ ခွန်ဆမ်၏ နေအိမ်သို့ ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးရှာဖွေမတွေ့ရှိဘဲ ခွန်ဆမ်အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ အောင်သန်းဇော်(၃၂ နှစ်)၊ မကြီး(ခ) အေးအေးနု(၄၄နှစ်)၊ မဌေးဌေးအေး(၄၆ နှစ်)၊ ချမ်းသာ(၂၁ နှစ်)၊ လထော်ဂမ် (၃၅နှစ်)နှင့် ခွန်ဆမ်(၂၄နှစ်)တို့ခြောက်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

မန္တ‌ိုကြည်နှင့် မဌေးတို့နှစ်ဦးအား ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သာဝတ္ထိ၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၀ ဘိန်းဖြူ ၀ ဒသမ ၀၂ ဂရမ် ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၃၀

နိုဝင်ဘာ ၂၄ ရက်က မူးယစ်တပ်ဖွဲ့စု (၁၀၁) နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည်သတင်းအရ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သာဝတ္ထိမှ ပျဉ်းမနားသွားမြို့ရှောင်လမ်း၊ သာဝတ္ထိနှင့် ကြာအင်းရွာကြား လမ်းဘေးသစ်ပင်အောက်တွင် မန္တ‌ိုကြည်အားရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိပြီး သရက်ကုန်းရွာရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ်၌ ညီမဖြစ်သူ မဌေးအားတွေ့ရှိရပြီး ၎င်းဝတ်ဆင်ထားသည့် အတွင်းခံအင်္ကျီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၀၊ ဘိန်းဖြူ ၀ ဒသမ ၀၂ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် မန္တ‌ိုကြည် (၅၁နှစ်)နှင့် မဌေး (၃၅ နှစ်)တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ လားရှိုးမြို့၌ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၃၀

နိုဝင်ဘာ ၂၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် ကုန်းညောင်ကျေးရွာအထွက် တံတားအနီး၌ ပန်ခေါ်ကျေးရွာမှ ကုန်းညောင်ကျေးရွာဘက်သို့ ဆန်အောင်မောင်းနှင်သည့် ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ်ခွကြားညှပ်၍ သယ်ဆောင်လာသည့် ကော်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကို သိမ်းဆည်းရမိသဖြင့် ဆန်အောင် (၂၂နှစ်) အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ယာပုံ) (မြန်မာ့အလင်း)**

စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ဘိန်းဖြူ ၅ ဒသမ ၀၅ ဂရမ် ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၃၀

နိုဝင်ဘာ ၂၄ ရက်က မုံကိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မုံးကိုးမြို့ ရပ်ကွက်(၄)နေ မလောက်အယ်(ခ) မာလုစ်၏နေအိမ်ကို ရှာဖွေရာ အိမ်ခန်းထဲရှိ အင်္ကျီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ နှင့် အဝါရောင်ကြွပ်ကြွပ်အိတ်ဖြင့်ထည့်လျက် ဘိန်းဖြူအတုံး ၂၉ တုံး အလေးချိန် ၅ ဒသမ ၀၅ ဂရမ် သိမ်းဆည်းရမိသဖြင့် မလောက်အယ်(ခ) မာလု (၄၅ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

လင်းခေးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၂ ပြား ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၃၀

နိုဝင်ဘာ ၂၅ ရက်က မောက်မယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မောက်မယ်မြို့မရဲစခန်း မယ(ပ) ၄/၂၀၁၄၊ မူး/ စိတ်ပုဒ်မ ၁၅/၁၉(က) အမှုမှ တရားခံ စိုင်းရန်အောင်ကို ထပ်မံစစ်ဆေးချက်အရ ၄င်း အဖမ်းမခံရမီ လင်းခေးမြို့နယ် ဝမ်ဟတ်တိုက်နယ် မအွန်လောင်းကျေးရွာနေ ဒေါ်နန်းကြည်၏ နေအိမ်ဈေးဆိုင်၌ ခေတ္တတည်းခိုစဉ် အိမ်ရှင်မသိဘဲ စိတ်ကြွရူးသွပ်ဆေးပြားများ ဝှက်ထားခဲ့ကြောင်း သိရှိရ၍ သွားရောက်ရှာဖွေရာ နေအိမ်အနောက်အဖီခန်းရှိ ခုတင်ခြေရင်းမှ ကပ်ခွာအိတ်များဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈၂ ပြား သိမ်းဆည်းရမိသဖြင့် စိုင်းရန်အောင် (၂၁နှစ်) အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုမှန်သမျှ တိုက်ဖျက်ကြ

မင်္ဂလာကုမ္ပဏီလိမိတက်

ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် ပြည်မြို့ရှိ အဆင့်မြင့် ရုပ်ရှင်ခန်းများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။ ဖုန်း - ၂၄၆၇၆၂ ၂ ၂၄၆၇၆၃

(ပြည်တွင်း၌သာခန့်ထားရန်)

(မြန်မာကျပ်ငွေဖြင့် ပြိုကွင်းလစာသတ်မှတ်ပေးပါမည်။)

(ဝန်ထမ်းများအတွက် အစားအသောက်နှင့်နေထိုင်ရေးအတွက်ကိုကုမ္ပဏီမှစရိတ်ဖြင့်မီးစီစဉ်ပေးပါမည်။)

၁။ **မင်္ဂလာကုမ္ပဏီလိမိတက် ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် ပြည်မြို့ရှိ အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်-**

(က) **မန်နေဂျာ/ဒုမန်နေဂျာ** — ကျား (၅)ဦး
- အသက် (၃၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- M.P.A, M.B.A ဘွဲ့ရရှိသူကို ဦးစားပေးမည်။
- အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(ခ) **လ/ထမန်နေဂျာ(ဒီမံ/ကြီးကြပ်)(မြသ)** — ကျား/မ (၆)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဂ) **လျှပ်စစ်/လေအေးစက် ပြုစက်** — ကျား (၆)ဦး
- အသက်(၄၅)နှစ်အောက်ဖြစ်ရမည်။
- A.G.T.I(M.P),(E.P),(E.C)၊ စက်မှုလက်မှုအထက်တန်းကျောင်းမှ လျှပ်စစ်/လေအေးစက်ဘာသာရပ်၊ Electrical (သို့) Mechanical ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်းလျှောပေါ် စဉ်းစားပေးမည်။

(ဃ) **တန်းပြု ရောင်း/သိမ်း** — ကျား/မ (၀၆)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျိုဖြစ်ရမည်။

(င) **မှန်ဆိုင်အရောင်း** — ကျား/မ (၆)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျိုဖြစ်ရမည်။

(စ) **လုံခြုံရေး/ယာဉ်ရပ်နားစခန်း** — ကျား (၁၀)ဦး
- အသက်(၂၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- စစ်မှုထမ်းဟောင်း (သို့) ခဲမှုထမ်းဟောင်းများဦးစားပေးမည်။

(ဆ) **သန့်ရှင်းရေး** — ကျား/မ (၁၀)ဦး
- အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျိုဖြစ်ရမည်။

(ဇ) **ထမင်းချက်** — မ (၃)ဦး
- အသက်(၃၃)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဈ) **ယာဉ်မောင်း (Driver)** — ကျား (၃)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- လိုင်စင်သက်တမ်း(၃)နှစ်ရှိရမည်။
- ကားကြီး၊ ကားလေးမောင်းနှင်တတ်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီးမှက်စမ်းနှင်းမှက်မှန်တပ်သူမဖြစ်စေရ။
- အိမ်ထောင်မရှိသူ (လူပျို/ဖြစ်ရမည်။

၂။ **မင်္ဂလာကုမ္ပဏီလိမိတက်တွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။**

(က) **ရုံးအတွင်းရေးမှူး (Office Secretary)** — ကျား/မ (၄)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုမရှိရမည်။
- အင်္ဂလိပ်ဘာသာစကားအရေးအဖတ်ကျွမ်းကျင်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ခ) **ကွန်ပျူတာကျွမ်းကျင်သူ** — ကျား/မ (၃)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(ဂ) **စာရင်းကိုင်/စာရင်းစစ်** — ကျား/မ (၆)ဦး
- အသက်(၂၀)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- ဒီးပွားရေးတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- CPA,DA,LCCI III တစ်ခုခုအောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဃ) **ဟိုတယ်ဧည့်ကြို (Receptionist)** — ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာစကားနေနိုင်၊ ပြောနိုင်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(င) **Hotel Waiter** — ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(စ) **Housekeeping** — ကျား/မ (၃)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဆ) **Hotel Cook/ Assistant Cook** — ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်အသင့်အတင့်ရှိပြီး ကျန်းမာရေးကောင်းသူ ဖြစ်ရမည်။ လျှောက်ထားလိုသူများသည် (၅ - ၁၂ - ၂၀၁၄) ရက်နောက်ဆုံးထားရှိ ပတ်စပို့၊ဓါတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ သက်ဆိုင်ရာမြို့နယ် ရဲစခန်းထောက်ခံချက် မူရင်းများနှင့်အတူ လိုအပ်သော အထောက်အထားများ တစ်ပါတည်းယူဆောင်၍ ရုံးခွဲနိုန်အတွင်း မန်နေဂျာ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း-၂၄၆၇၆၂ ၂ ၂၄၆၇၆၃ သင်္ဘောကြီးစေး (D) ရုံ ရွှေတိုဝှာရားလမ်းလာသမျှနယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

(စနေနေ့နှင့်တနင်္ဂနေ့များတွင်လည်း လာရောက်လျှောက်ထားနိုင်ပါသည်။)

(ယခင်လျှောက်ထားပြီးသူများ ပြန်လျှောက်ရန်မလိုပါ။)

- မန်နေဂျာ၊ ဒုမန်နေဂျာ၊ လျှပ်စစ်/လေအေးစက်၊ ပြုစက်၊ ရောင်း/သိမ်း၊ ရုံးအတွင်းရေးမှူး၊ ဧည့်ကြို၊ Waiter, Housekeeping,Hotel Cook, စာရင်းကိုင်၊ ကွန်ပျူတာဝန်ထမ်း လျှောက်ထားသူများအား (၆ - ၁၂ - ၂၀၁၄) ရက် (စနေနေ့) နံနက်(၁၀း၀၀)နာရီတွင်လည်းကောင်း၊
- လ/ထမန်နေဂျာ၊ တန်းပြု မှန်ဆိုင်အရောင်း၊ လုံခြုံရေး၊ ကားပါကင်၊ ယာဉ်မောင်း (Driver) ထမင်းချက်၊ သန့်ရှင်းရေး ဝန်ထမ်းလျှောက်ထားသူများအား (၇ - ၁၂ - ၂၀၁၄)ရက် (တနင်္ဂနေ့) နံနက်(၁၀း၀၀)နာရီတွင် လည်းကောင်း လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

(လူတွေ့စစ်ဆေးမည့်နေရာ-မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ရန်ကုန်မြို့။)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅ နှစ်ကျော်လောက်က ပညာရှင်ကြီး ဖူကူယားမားက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရဲ့ ဆိတ်သုဉ်းမှုကို ဟောကိန်းထုတ်ခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိအခြေအနေသုံးသပ်ရာမှာ သူမျှော်မှန်းခဲ့သလိုမဖြစ်၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဟာ ရှင်သန်ကြီးထွားလျက်ရှိတာကို တွေ့မြင်ရပါတယ်။ နိုင်ငံတိုင်းမှာလိုလို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရှင်သန်လျက်ရှိပါတယ်။ တရုတ်နိုင်ငံ စတော့အိတ်ချိန်းမှာ စာရင်းဝင်တဲ့ ကုမ္ပဏီများအနက် ၆၀ ရာခိုင်နှုန်းဟာ နိုင်ငံပိုင်အဖွဲ့အစည်းများအနေနဲ့ ရှယ်ယာဝင်အများစု ပိုင်ဆိုင်ကြပါတယ်။ ရုရှားနဲ့ဘရာဇီးနိုင်ငံတို့မှာလည်း စီးပွားရေးလုပ်ငန်းများအနက် အစိုးရပိုင်ဆိုင်သောလုပ်ငန်းများ ၃၀- ၄၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရပါတယ်။ အနောက်နိုင်ငံများဖြစ်တဲ့ ဆွီဒင်နဲ့နယ်သာလန်နိုင်ငံများမှာလည်း နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများဟာ စီးပွားရေးနယ်ပယ်အတွင်း ၅ ရာခိုင်နှုန်းရှိနေတာတွေ့ရပါတယ်။ တရုတ်ပြည်နဲ့ ရုရှားနိုင်ငံတို့မှာ အစိုးရအနေနဲ့နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို လက်လွှတ်လိုတဲ့ဆန္ဒမရှိတာကိုလည်း သိရှိနေရပါတယ်။ ဘရာဇီးနိုင်ငံမှာ ပုဂ္ဂလိကကဏ္ဍလွှဲပြောင်းမှုအစီအစဉ်များကို ရပ်ဆိုင်းထားခဲ့ပြန်တယ်။ ဂျာမနီနိုင်ငံနဲ့ပြင်သစ်နိုင်ငံတွေမှာလည်း အစိုးရအနေနဲ့ စီးပွားရေးလုပ်ငန်းများပါ ကိုယ်တိုင်ကိုယ်င ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

အခုလိုနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အဘယ်ကြောင့် ကြီးထွားလျက်ရှိပါသလဲ၊ အဖြေအမျိုးမျိုးပေးကြပါတယ်။ တချို့က အခုလို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင်အရင်းရှင်စနစ် (state capitalism) အဖြစ်သတ်မှတ်ပြီး ပုဂ္ဂလိကအရင်းရှင်စနစ်ထက် ပိုမိုကောင်းမွန်တယ်လို့ ယူဆကြတယ်။ တချို့ကလည်း နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများဟာ ကာလတစ်ခုအထိသာ လှုပ်ရှားမှာဖြစ်ပြီး အချိန်တန်ရင် ပုဂ္ဂလိကအရင်းရှင်စီးပွားရေးစနစ်အဖြစ် ပြောင်းလဲသွားမှာဖြစ်ကြောင်း ယူဆကြပါတယ်။ တချို့က နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဟာ ရင်းနှီး သင့်တဲ့လုပ်ငန်းများ အဖြစ်ယူဆပြီး တချို့ကတော့ ပြည်သူ့ဘဏ္ဍာတွေ ဖြုန်းတီးမှုသာဖြစ်ကြောင်း ပြောဆိုကြပါတယ်။

ဥရောပ၊ အရှေ့အလယ်ပိုင်း၊ အာဖရိကနဲ့ လက်တင်အမေရိက နိုင်ငံများရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဟာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများထက် ပိုမိုအောင်မြင်မှုရှိကြောင်း တွေ့ရှိရပါတယ်။

အမှန်တော့ ၁၉၈၀ နဲ့ ၁၉၉၀ ပြည့်နှစ်များအတွင်း နိုင်ငံတိုင်းမှာ နုိင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ဆိုင်မှုအသွင်သို့ ပြောင်းလဲခဲ့ပါတယ်။ အခုလိုဆောင်ရွက်ခြင်းဟာ ပိုပြီးအကျိုးသက်ရောက်မှုရှိကြောင်း ယူဆခဲ့ကြတယ်။ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က တာဝန်ယူဆောင်ရွက်တဲ့အခါ ထမ်းရတဲ့ဝန်ထုပ်ဝန်ပိုးများကို လျှော့ပေါ့လိုတာမို့ အခုလိုအစီအစဉ်များချမှတ်ပြီး ဆောင်ရွက်ခဲ့တယ်။ အရှေ့ဥရောပနိုင်ငံတွေနဲ့ ရုရှားနိုင်ငံမှာ ပုဂ္ဂလိကပိုင်ဆိုင်မှုပြောင်းလဲမှု အကြီးအကျယ်ဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ အခုလိုဆောင်ရွက်ဖို့ ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းက တိုက်တွန်းအားပေးခဲ့ကြတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့ နိုင်ငံတော်အတွက် နစ်နာမှုများစွာကြုံတွေ့ရပြီး ပြည်သူ့ဘဏ္ဍာတွေဆုံးရှုံးခဲ့တာတွေ့ရပါတယ်။ ဒါကြောင့်လည်း နောက်ပိုင်းနှစ်များမှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကလက်ထဲ လက်ပြောင်းလက်လွှဲပြုလုပ်မှုကို ပြန်လည်သုံးသပ်လာခဲ့တယ်။ ဒါကြောင့်လည်း ပုဂ္ဂလိကကဏ္ဍကို လုံးဝလွှဲပြောင်းတဲ့အစီအစဉ်ကို ရပ်ဆိုင်းပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို မည်သို့မည်ပုံ ပြောင်းလဲသင့်တာကိုပါ အဖြေရှာခဲ့ကြတယ်။ အခုလိုသုံးသပ်ပြီးရွေးချယ်နိုင်တဲ့ မဟာဗျူဟာသုံးရပ်ကို ဖော်ထုတ်ခဲ့ပါတယ်။

ပထမနည်းလမ်းက တရုတ်ပြည်မှာ ခေတ်စားပါတယ်။ နိုင်ငံတော်မှ အများစု ပိုင်ဆိုင်မှုထိန်းသိမ်းထားပြီး စနစ်တကျစီမံခန့်ခွဲမှုများကို ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယမဟာဗျူဟာအရ နိုင်ငံတော်အနေနဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှာ အစုရှယ်ရာအနည်းစုသာပိုင်ဆိုင်မှုကို ယူထားပြီး အရေးကြီးတဲ့အဆုံးအဖြတ်များချမှတ်တဲ့အခါ ဝင်ရောက်ပါဝင်ခဲ့ပါတယ်။ တတိယမဟာဗျူဟာအရ နိုင်ငံတော်အနေနဲ့ စီးပွားရေးလုပ်ငန်းများမှာ ပြည်သူ့ဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှတစ်ဆင့် ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ နိုင်ငံပေါင်း ၁၁၇ ခုမှာ ဖွံ့ဖြိုးရေးဘဏ် ၂၈၆ ခုရှိကြောင်း တွေ့ရပါတယ်။

ဒီမဟာဗျူဟာသုံးရပ်ကို ကျင့်သုံးတဲ့နေရာမှာ အောင်မြင်မှုမည်မျှရှိခဲ့သလဲ။ ခေတ်မီတဲ့နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဟာ ယခင်ကရှိခဲ့တယ်။ ပြည်သူပိုင်သိမ်းထားသည့်လုပ်ငန်းများနဲ့ မတူညီတာတွေ့ရပါတယ်။ ပုဂ္ဂလိကလုပ်ငန်းများနဲ့ အသွင်တူညီမှုရှိပြီး စီးပွားရေးဆန်ဆန် ဦးစီးဆောင်ရွက်နိုင်သူများက စီမံခန့်ခွဲလျက်ရှိပါတယ်။ နိုင်ငံရေးအရ ဦးစားပေးခန့်ထားတာမျိုးမဟုတ်ဘဲ အရည်အချင်းရှိသူများကို ရွေးချယ်ခဲ့တာတွေ့ရပါတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၌ ကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်ရန်ကြိုးစားရမှာ ဖြစ်ပါတယ်။

တစ်ဖက်မှာတော့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှာ အားနည်းချက်တွေဆက်လက်ရှိနိုင်ကြောင်း သတိပြုရမှာသာဖြစ်ပါတယ်။ နိုင်ငံတော်မှ ဈေးကွက်အတွင်း ပါဝင်စွက်ဖက်မှုတွေရှိနေသရွေ့ အခက်အခဲတွေနဲ့ ကြုံတွေ့နိုင်မှာသာဖြစ်တယ်။ နိုင်ငံရေးကိုဦးစားပေးပြီး စီးပွားရေးနယ်ပယ်မှာ ပါဝင်ပတ်သက်မှုဟာ နောက်ဆုံးပြည်သူတွေအတွက် အကျိုးဆိုးတွေရရှိနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာအတွေ့အကြုံများအရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ပေးပါက ပြည်သူများအတွက် အကျိုးသက်ရောက်မှုအမြောက်အမြားရနိုင်ကြောင်း သိသာပါတယ်။

မြန်မာပြည်မှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အခြေခံပြဿနာတစ်ရပ်က နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို မည်သို့မည်ပုံ အသွင်ပြောင်းသင့်တယ်ဆိုတဲ့ ပဟေဠိပဲဖြစ်ပါတယ်။ တချို့က နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းပေးသင့်တယ်လို့ ယူဆကြတယ်။ နိုင်ငံတော်ရဲ့ဝန်ထုပ်ဝန်ပိုးကို လွှဲပြောင်းပေးသင့်ကြောင်း အယူရှိကြတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများရဲ့ပိုင်ဆိုင်မှုကို နိုင်ငံတော်အစိုးရကသာ ထိန်းသိမ်းသင့်ကြောင်း ယူဆမိပါတယ်။ ပိုင်ဆိုင်မှုဆိုရာ၌ အများစုပိုင်ဆိုင်မှုဖြစ်နိုင်သလို အနည်းစုပိုင်ဆိုင်မှုလည်း ရှိနိုင်ပါတယ်။ ပိုင်ဆိုင်မှုကို ရာနှုန်းပြည့်ပိုင်ဆိုင်မှုလည်း ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်မှ ပိုင်ဆိုင်မှုကိုလက်လွှတ်ရန်မသင့်တော်ဘူးလို့ ယူဆမိပါတယ်။ ဒါပေမယ့် စီမံအုပ်ချုပ်မှုနဲ့ပတ်သက်လို့ လွတ်လွတ်လပ်လပ် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ကျွမ်းကျင်လိမ္မာတဲ့ စီမံအုပ်ချုပ်သူတွေလက်ထဲကို ယုံယုံကြည်ကြည် အပ်နှံပြီး တာဝန်ပေးသင့်ပါတယ်။ ဘာပဲဖြစ်ဖြစ် စီးပွားရေးအဖွဲ့အစည်းပုံစံအမျိုးမျိုးရှိပါမှ နိုင်ငံအတွက် အကျိုးများစွာရနိုင်မှာသာ ဖြစ်ပါတယ်။

> **နိုင်ငံတကာအတွေ့အကြုံများအရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ပေးပါက ပြည်သူများအတွက် အကျိုးသက်ရောက်မှု အမြောက်အမြားရနိုင်ကြောင်း သိသာပါတယ်။**

ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးလဲလှယ်

မိုးကောင်း နိုဝင်ဘာ ၃၀

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့်ဓာတ်အားလိုင်းများရေရှည်ကြံ့ခိုင်ရေးအတွက် မိုးကောင်းမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအေးကျော်နှင့် လိုင်းဝန်ထမ်းများ၏ ကူညီပံ့ပိုးဆောင်ရွက်ပေးမှု၊ မိုးကောင်းမြို့ အိုးတန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၏ဦးဆောင်မှုတို့ဖြင့် ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်း၍သစ်သားဓာတ်တိုင်များ နေရာတွင် ကွန်ကရစ်ဓာတ်တိုင် ၆စတိုင်ကို အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂၄ ရက်အတွင်း ကိုယ့်အားကိုယ်ကိုး အစားထိုးလဲလှယ်စိုက်ထူခဲ့ကြကြောင်း သိရသည်။ **ဝင်းအောင်**

သစ်တော သစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုတိုး

မြန်မာ့သစ်လုပ်ငန်း
ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်း/စက်ဌာနမှ ကျွန်း-သစ်မာ သစ်လုံးနှင့်ခွဲသားများကို နိုင်ငံခြားငွေ **(US$)** ဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါရောင်းချပေးသွားမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်ရက်နှင့်အချိန် - (၁၂-၁၂-၂၀၁၄)(၁၅-၁၂-၂၀၁၄)ရက် ၁၃း၀၀ နာရီ

(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန် - ကျွန်းသစ်လုံး (၈၆၉)တန်
ကျွန်းခွဲသား/ဓါးရွေ (၂၆၉)တန်
ဝိတောက်သစ်လုံး (၁၅၄)တန်
ပျဉ်းကတိုး/အင်ကညင်သစ်လုံး (၃၀၁၂)တန်
တမလန်း(ဓါးရွေ/ခွဲသား) (၃၁၆)တန်

(ဂ) ရောင်းချမည့်နေရာ - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် **web-site** ဖြစ်သော **www.myanmatimber.com.mm** တွင်လည်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ကျားကုန်စည်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

TIGER

မှတ်ပုံတင်စာချုပ်အမှတ်-၄/၁၆၁၈/၂၀၁၄
အထက်ပါကုန်အမှတ်တံဆိပ်သည် "TIGER" အမှတ်တံဆိပ်ဖြစ်ပါသည်။

ကျားကုန်စည်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်သည် လုပ်ငန်းစုံလုပ်ကိုင်ခွင့်ရရှိထားသော ကုမ္ပဏီဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကိုအသုံးပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း Generator, Air Compressor, Industrial Tools, Construction Materials & Mining Tools အစရှိသည့်ပစ္စည်းများနှင့် ၄င်းပစ္စည်းများနှင့်ဆက်စပ်လျက်ရှိသည့် Spare Parts များကို မှာယူ၊ တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းနှင့် သင်းဖွဲ့မှတ်တမ်းလုပ်ငန်း ရည်ရွယ်ချက်များပါ အခြားလုပ်ငန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရာ၌ အထက်ပါ "TIGER" ပုံဖော်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းများ၌အသုံးပြုသော စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ တံဆိပ်တုံး၊ ငွေရေပြေစာဖြတ်ပိုင်း အစရှိသည်တို့အပေါ်တွင်လည်း ဖော်ပြပါ "TIGER" ပုံဖော်တံဆိပ် အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် ကပ်နိုပ်၊ ဖိနိပ်၊ ရိုက်နိုပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်စေရန်သော်လည်းကောင်း တုပ သုံးစွဲခြင်းမပြုလုပ်ကြရန်နှင့် ပြုလုပ်သူမည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချန္ဒရာ
B.Sc(Phy;), H.G.P, M.A(Business Law), D.B.L, D.M.L, D.I.L, D.B.S, D.A.Psy, D.A.E, Post Graduate Diploma in Law 1st Batch
အထက်တန်းရှေ့နေနှင့်ဥပဒေအကြံပေး (စဉ်-၁၈၅၆/၉၀)
အမှတ် ၅၀၊ ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၁၆၁၃၀၊ ၀၉-၇၃၁၄၅၅၃၉၆၊ ၀၉-၂၅၁၁၇၂၉၂

အရှေ့ယိမရောက်သေးသောလူငယ်ကို
အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အုပ်သိန်းသူလူကြီးနှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ-၁၁)
လပွတ္တာခရိုင်တရားမရုံးတော်၌
၂၀၁၄ ခုနှစ် အလွှာအမှတ် ၃

ဒေါ်မာလာခင် (ဘ) ဦးမောင်စိန် **လျှောက်သူ**

မော်လမြိုင်ကျွန်းမြို့၊ (၁)ရပ်ကွက်၊ (သုည)လမ်း၊ အမှတ် ၁၊ လွှစင်တိုင်၊ ချယ်ရီလမ်းနေ အရွယ်မရောက်သေးသူသော သူငယ်နှင့် ၄င်းပိုင်သောပစ္စည်းအကြောင်း။ မောင်ကောင်းစည်သူ နှစ်နှစ်ခွဲ အထက်ပါအရပ်နေ ဒေါ်မာလာခင်က အပေါ်က အမည်ရေးသာပါရှိသော အရွယ်မရောက်သေးသောသူငယ် မောင်ကောင်းစည်သူအား အုပ်ထိန်းခွင့်ရှိသည်ဖြစ်သည်ဟူ၍ ၄င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ်ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ဆိုင်ဆိုရန် ချိန်းချက်မူသည်။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၇၊မြေကွက်အမှတ် ၁၃၈၊အမည်ပေါက် ဦးလှဝင်း ၁၂/ရပသ(နိုင်)၀၁၄၆၅၅၅မှ မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း

သင့်သွေးဖြင့် အသက်ကယ်ပါ

နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးမู)
ခရိုင်တရားသူကြီး
လပွတ္တာခရိုင်တရားရုံး

၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်
ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

" ခွဲခြားနှိမ်ချ ကင်းစင်ဝေး၊ ကူးစက်သေဆုံးမရှိရေး၊
ART (အေအာတီ)ဖြင့် ကုသပေး"

"Getting to Zero.
"Zero New HIV Infections. Zero Discrimination and Zero AIDS related Deaths"



ကျိုက်ထီးရိုးစေတီတော်တွင် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပမည်

ကျိုက်ထို နိုဝင်ဘာ ၃၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ဆုတောင်းပြည့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင် ဒီဇင်ဘာ ၃ ရက်၌ နိဗ္ဗာန်ဈေးပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကင်ပွန်း(တောင်ခြေ)တွင် တောင်တက်မော်တော်ယာဉ်အသင်းနှင့် ဈေးသူ ဈေးသားများ၊ ဈေးဆိုင်ပိုင်ရှင်များ၊ စေတနာထက်သန်သူများက စုပေါင်းပါဝင်ကာလျှုဒါန်းကြမည်ဖြစ်ပြီး ရင်ပြင်တော်ပေါ်တွင်လည်း ရင်ပြင်တော် ဈေးသူ ဈေးသားများနှင့် ပထမရိုးရိုးလေးကုမ္ဗဏီတို့ စုပေါင်း၍ လျှုဒါန်းမည့်နိဗ္ဗာန်ဈေးပွဲတော်ကြီးကို စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရင်ပြင်တော်ပေါ်တွင် ဒံပေါက်ဘူးများ၊ ရေသန့်ဘူး၊ အချိုရည်ပုလင်းများ ပေးဝေခြင်းနှင့်အတူ ရေခဲမုန့်များ ကျွေးမွေးလျှုဒါန်းကြမည်ဖြစ်သည်။

အဆိုပါနေ့တွင် အထူးအစီအစဉ်အနေဖြင့် ဘုရားဖူးလာသူများအား ရိုးရိုးလေးမိသားစုက အထူးယာဉ်ကြီးငါးစီးဖြင့် ကျိုက်ထီးရိုးဘောဘော ရေတံခွန်သို့ တစ်နေကုန် အခမဲ့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်မြင့်

နော်ဝေနိုင်ငံခြားရေးဝန်ကြီးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပဲခူးမြို့၌တွေ့ဆုံ

ပဲခူး နိုဝင်ဘာ ၃၀

နိုဝင်ဘာ ၂၉ ရက်က မြန်မာနိုင်ငံသို့ရောက်ရှိလာသည့် နော်ဝေနိုင်ငံခြားရေးဝန်ကြီး Mr. Borge Brende နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်က ပဲခူးမြို့ရှိ ဟံသာဂါးဒင်းဟိုတယ်၌ နော်ဝေနိုင်ငံမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC) ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ မွန်ပြည်သစ်ပါတီ (NMSP) နှင့် မွန်အမျိုးသမီးအဖွဲ့ (MWO) တို့ တက်ရောက်ခဲ့ကြသည်။

ယင်းတွေ့ဆုံ ဆွေးနွေးပွဲတွင် IDPs (ဒေသတွင်းထွက်ပြေး တိမ်းရှောင်နေရသူများ)ကို အကူအညီပေးရေးကိစ္စ၊ Norwegian People's Aid (နော်ဝေပြည်သူများ ထောက်ပံ့ရေးအဖွဲ့)နှင့် မြန်မာအစိုးရတို့ ပူးပေါင်းကာ ပဲခူးတိုင်းဒေသတွင်း၌ IDPs များကို မှတ်ပုံတင်ထုတ်ပေးရေး ရှေ့ပြေးစီမံကိန်း၏ အောင်မြင်မှုများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များအတွက် ကူညီထောက်ပံ့ပေးရေး အစီအစဉ်များအား အဓိကထားဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံ ဒီမိုကရေစီကူးပြောင်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကူညီခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အစိုးရအကူးအပြောင်းကာလအတွင်း၌ အပြီးမသတ်နိုင်မည်ကို နိုင်ငံတကာ အသိုင်းအဝိုင်းက စိုးရိမ်ပူပန်မှုများ ရှိနေပါကြောင်း၊ ငြိမ်းချမ်းရေးအားစားပွဲဝိုင်းပေါ်၌ ညှိနှိုင်းနေစဉ်ကာလ အတွင်း မြေပြင်ပေါ်၌လည်း ငြိမ်းချမ်းရေးသက်ရောက်ရန် အရေးကြီးပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

နော်ဝေနိုင်ငံခြားရေးဝန်ကြီး Mr. Borge Brende က မြန်မာနိုင်ငံ၌ အဖွဲ့အစည်းများအားလုံးပါဝင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်ဆီသို့ အောင်အောင်မြင်မြင် ရောက်ရှိနိုင်ရန်မှာ ရှည်ကြာလိမ့်မည်ဖြစ်ပါကြောင်း၊ နော်ဝေနိုင်ငံ၏ မြန်မာနိုင်ငံအပေါ် ကူညီထောက်ပံ့ပေးမှုများသည် ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်အောင် တည်ဆောက်ရာ၌ အထောက်အကူဖြစ်မည်ဟု ထင်မြင်ပါကြောင်း၊ နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်ကာ မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆွေးနွေးပွဲ၏ ပထမပိုင်းအစီအစဉ်အပြီးတွင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့နှစ်ဦးက ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် နော်ဝေနိုင်ငံခြားရေးဝန်ကြီးသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သီးခြားတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

❒ ရှေ့ဖုံးမှ

တစ်ဆင့် လျှပ်စစ်ဓာတ်အားကို နိုဝင်ဘာ ၂၈ ရက်က စတင်ပြီး စစ်တွေ၊ ပုဏ္ဏားကျွန်းမြို့များသို့ ဓာတ်အားစမ်းသပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ လာမည့် ဒီဇင်ဘာလ ၁၅ ရက်တွင်ကျရောက်မည့်နှစ် ၄၀ ပြည့် ရခိုင်ပြည်နယ်နေ့တွင် မဟာဓာတ်အားလိုင်းဖွင့်ပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း မဟာဓာတ်အားလိုင်း ချိတ်ဆက်ဓာတ်အားဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် အိန္ဒိယအစိုးရ ချေးငွေ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၀၇ သန်းဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စီမံကိန်းလုပ်ငန်းများ ပြီးမြောက်အောင်မြင်ပါက စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ အမ်း၊ ရမ်းဗြဲ၊ မအီ၊ ဘူးသီးတောင်၊ မောင်တော၊ ၇၊ မဒဲကျွန်း စသည့် မြို့များသို့ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ နွေရာသီ ဓာတ်အားလျော့နည်းလျှင် ကျောက်ဖြူ GAS မှ ဓာတ်အားဖြည့်ပေးသွားမည်ဖြစ်ကြောင်း၊ မဟာဓာတ်အားလိုင်းသွယ်တန်းမှုကို ကွန်ရက်စနစ်ဖြင့် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြည်နယ်လျှပ်စစ်စက်မှု ဝန်ကြီး ဦးအောင်သန်းတင်၏ပြောပြချက်များအရ သိရသည်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရေးအတွက်လည်း ဓာတ်အားလိုင်းနှစ်လိုင်းဖြင့် သွယ်တန်းဆောင်ရွက်လျက်ရှိရာ ဥဿစ်ပင်မှတောင်ကုတ်သို့ တစ်လိုင်းနှင့်မန်း(မင်းဘူး)မှ အမ်းဘက်သို့ တစ်လိုင်းဆွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒေသခံပြည်သူများအနေဖြင့် ဓာတ်အားခတစ်ယူနစ် ၃၀၀ ကျပ်မှ ၆၀၀ ကျပ်အတွင်း တစ်နေ့ ၄ နာရီ လျှပ်စစ်မီးသုံးစွဲနေကြရာမှ ယခု ၂၄ နာရီ လျှပ်စစ်မီးလင်းပြီး အစိုးရ ဈေးနှုန်း တစ်ယူနစ် အိမ်သုံး ၃၅ ကျပ် စက်မှုသုံး ၇၅ ကျပ်ဖြင့် လျှပ်စစ်မီးသုံးစွဲကြရတော့မည်ဖြစ်ရာ ကျေနပ်ဝမ်းမြောက်လျက်ရှိကြသည်။

၂၄ နာရီ လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာ ရရှိလာသည်နှင့် အညီ ရခိုင်ပြည်နယ်၏အရေးပါသော စီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးမှု ကျဆင်းပြီး လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ရာ စက်မှုဇုန်များ ပေါ်ထွန်းလာပြီး အလုပ်အကိုင်ရှားပါးမှု ပြဿနာများကိုလည်း ဖြေရှင်းလာနိုင်မည်ဖြစ်သည်။ အခက်အခဲအမျိုးမျိုးကြားမှ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များမှာ ရခိုင်လူထုအတွက် ဝမ်းမြောက်ဂုဏ်ယူစရာပင် ဖြစ်သည်။ ခေတ်အဆက်ဆက်က အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမရှိခဲ့သော ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကို လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လိုက်နိုင်ခြင်းသည် ရခိုင်တိုင်းရင်းသားများအတွက်သာမက ပြည်ထောင်စုတိုင်းရင်းသားများအားလုံးအတွက်ပါ အတိတ်မှ သံသယစိတ်များကို ပြေပျောက်စေပြီး အနာဂတ် ပြည်ထောင်စုနိုင်ငံတော်ကြီး စည်းလုံးညီညွတ်မှုခွန်အားကို တိုးပွားစေနိုင်လိမ့်မည်ဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ရေးသားတင်ပြလိုက်ပါသည်။ ။

ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံ နော်ဝေစွမ်းအင်ပညာရှင်များ လေ့လာ

နော်ဝေ နိုဝင်ဘာ ၃၀

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်း မြေအောက်ရေအားလျှပ်စစ်စက်ရုံသို့ နော်ဝေနိုင်ငံ စွမ်းအင်ပညာရှင်များ ယနေ့မွန်းလွဲပိုင်းတွင် လာရောက်လေ့လာသည်။ **(အပေါ်ပုံ)**

နော်ဝေနိုင်ငံ The Norwegian Renewable Energy Partners (INTPOW) မှ အဖွဲ့ဝင်လေးဦးလိုက်ပါလာသော လေ့လာရေးပညာရှင်အဖွဲ့သည် ပေါင်းလောင်း မြေအောက်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ လာရောက်လေ့လာရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် စက်ရုံမှူး ဦးကိုကိုနိုင်တို့ကကြိုဆိုကြပြီး ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံ အကြောင်းအရာများကို ရှင်းလင်းပြသခဲ့သည်။ လေ့လာရေးအဖွဲ့သည် စက်ရုံ၏ ဓာတ်အားပေးစက်များ လည်ပတ်နေမှု၊ ဓာတ်အားများကို နိုင်ငံတော် မဟာဓာတ်အား လိုင်းသို့ပို့ပေးနေသော ဗဟိုထိန်းချုပ်ခန်း၊ သုတေသနနှင့် ဓာတ်ခွဲခန်းများကိုလေ့လာပြီး တောင်ပေါ် ပေါင်းလောင်းဆည်သို့ တက်ရောက်ကြည့်ရှုခဲ့ကြ သည်။

အဆိုပါအဖွဲ့အနေဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ Hydropower in Myanmar -A Frame work for Accelerated production ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ကိုကိုနေ
ဓာတ်ပုံ-နန္ဒ

မန်စီးတီးတို့ ဆောက်သမ်တန်ကို ဂိုးပြတ်နိုင်

ပရီမီယာလီဂ် ပွဲစဉ်(၁၃) တနင်္ဂနေ့ပွဲစဉ်အဖြစ် ဆောက်သမ်တန်နှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားရာ မန်စီးတီးက သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ဆောက်သမ်တန်နှင့် မန်စီးတီးတို့ပွဲတွင် ပထမပိုင်း ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၅၁ မိနစ်တွင် မန်စီးတီးမှ ယာယာတိုရေးက အဖွင့်ဂိုးသွင်းယူပေးသည်။

၇၄ မိနစ်တွင် ကွင်းလယ်လူ မန်ဂါလာ နှစ်ဝါတစ်နီဖြင့် အထုတ်ခံရသည်။ သို့သော် ကွင်းလယ်ကစားသမား လမ်းပတ်က မိနစ် ၈၀ နှင့် ၈၈ မိနစ်တွင် နောက်တန်းကစားသမား ကလစ်ချီတို့က ဒုတိယဂိုးနှင့် တတိယဂိုးသွင်းယူပေးသည်။

ပွဲအပြီးတွင် မန်စီးတီးတို့ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး တန်းစီဇယား အဆင့်-၂ သို့ ရောက်ရှိခဲ့သည်။

သီဟ

ပြည်တွင်းသတင်း

၂၀၁၄ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာဝီဂျီအေတို့က ကြီးမှူးကျင်းပ၍ အင်းဝဘဏ်လီမိတက်က အဓိကကူညီပံ့ပိုးပေးသော Myanmar Golf Tour 2014 နောက်ဆုံးပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပါဝင်ကစားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် ဆုကြေးငွေ အများဆုံးရရှိသူအား ဆုချီးမြှင့်စဉ်။ (မြဝတီ)

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို မွန်းလွဲပိုင်းတွင် အဆိုပါ ဂေါက်ကလပ်၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အင်းဝဘဏ်လီမိတက် ဥက္ကဋ္ဌ ဗိုလ်ချုပ်ညိုစော၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဂေါက်သီး အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ပွဲစဉ်တစ်လျှောက်လုံးတွင် အဓိကကူညီပံ့ပိုးပေးခဲ့သော ကုမ္ပဏီများ ဖြစ်သည့် ဧရာဝတီဘဏ်၊ ယူနိုက်တက် အမရာဘဏ်၊ မြဝတီဘဏ်၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်နှင့် အင်းဝဘဏ်တို့မှ တာဝန်ရှိသူများ အား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက ဂုဏ်ပြုမှတ်တမ်းလွှာများအား ပေးအပ်သည်။

ယင်းနောက် နေ့အလိုက်အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲနှင့်အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲ ဆုရရှိသူများအား အင်းဝဘဏ်လီမိတက် ဥက္ကဋ္ဌ ဗိုလ်ချုပ်ညိုစောကလည်းကောင်း၊ Professional အဆင့်ပြိုင်ပွဲဆုရရှိသူများအားမြဝတီဘဏ် လီမိတက်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆန်းဦးကလည်းကောင်း၊ အပျော်တမ်းအဆင့်အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်ကလည်းကောင်း၊ အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေကလည်းကောင်း၊ Professional အဆင့်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ညွှန်ကြားကွပ်ကဲရေးမှူး (ကြည်းရေလေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းကလည်းကောင်း၊ ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများဖြစ်သော နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံနှင့် နေပြည်တော်တို့တွင် ကျင်းပခဲ့သော ပွဲစဉ်ခြောက်ခု၌ အကောင်းဆုံး အပျော်တမ်းအဆင့် အမျိုးသမီးဆုရရှိသူ မယဉ်မေမျိုးနှင့် အကောင်းဆုံး အပျော်တမ်းအဆင့် အမျိုးသားဆုရရှိသူ ကိုမောင်မောင်ဦးတို့အား ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယခုနှစ် ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲတွင် Professional အဆင့် ၂၀၊ အပျော်တမ်းအဆင့် အမျိုးသား ၂၀၊ အပျော်တမ်းအဆင့် အမျိုးသမီး ၁၂ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

၂၀၁၄ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ကို နေပြည်တော်ရှိ Royal Myanmar ဂေါက် ကလပ်၊ ဒုတိယပွဲစဉ်ကို ရန်ကုန်မြို့ရှိ ရန်ကုန် ဂေါက်ကလပ်၊ တတိယပွဲစဉ်ကို မန္တလေးမြို့ရှိ ရွှေမန်းတောင် ဂေါက်ကလပ်၊ စတုတ္ထပွဲစဉ်ကို ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင် ဂေါက် ကလပ်၊ ပဉ္စမပွဲစဉ်ကို ပုဂံမြို့ရှိ ပုဂံဂေါက်ကလပ်နှင့် နောက်ဆုံးပွဲစဉ်ကို နေပြည်တော် ဇေယျာသီရိ ဂေါက်ကလပ်တို့၌ ကျင်းပခဲ့သည်။

ယခုကျင်းပသည့် ပြိုင်ပွဲသည် အနာဂတ်မျိုးဆက်သစ် ဂေါက်သီး အားကစား အကျော်အမော်များ ပေါ်ထွန်းလာစေရန်နှင့် မြန်မာ့ဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(မြဝတီ)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း

အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် အတူ Fine Art Centre နှင့် Ha Long ပင်လယ်အော်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၃၀

ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် အတူ နိုဝင်ဘာလ ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် Hoang Tan Hong Ngoc မြို့ရှိ Fine Art Centre နှင့် Ha Long ပင်လယ်အော်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ **(ယာဗုံ)**

ရှေးဦးစွာ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် အမှတ် Hai Duong ပြည်နယ်၊ Hoang Tan Hong Ngoc ရှိ Fine Art Centre သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင်ရောက်ရှိရာ တာဝန်ရှိသူများက Fine Art Centre နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် Fine Art Centre အတွင်း ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် Ha Long ဆိပ်ကမ်းသို့ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၃၅ မိနစ် တွင်ရောက်ရှိပြီး သင်္ဘောဖြင့် Ha Long ပင်လယ်အော်သို့ထွက်ခွာပြီး ပင်လယ်အော်နှင့် United Nations Educational , Scientific and Cultural Organization (UNESCO) မှ အသိအမှတ်ပြုထားသော ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင် Thien Cung လိုဏ်ဂူတို့အား ကြည့်ရှုလေ့လာခဲ့ပြီး ခေတ္တတည်းခိုရာ Ha Long CityရှိSaigon Ha Long ဟိုတယ်သို့ဒေသစံတော်ချိန် ညနေ ၃ နာရီတွင်ရောက်ရှိခဲ့သည်။

ယင်းနောက်ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် တို့သည် Saigon Ha Long ဟိုတယ်ခန်းမ၌ ကျင်းပပြုလုပ်သော ဗီယက်နမ်ပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးချုပ် Lt. Gen.Nguyen Quoc Khanh နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ 15th ASEAN Chiefs of Army Multilateral Meeting (ACAMM-15) အစည်းအဝေးကို တက်ရောက်လာသော အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တက်ရောက်၍ ညစာကိုအတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဗီယက်နမ်ရိုးရာ တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊)
၁၃၇၆ ခုနှစ်၊ လ ရက်
(၂၀၁၄ ခုနှစ်၊ လ ရက်)

နိဒါန်း

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄ ပါ "ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့် သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိစေရမည်" ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ ကိုးကွယ်ရာဘာသာကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရရှိစေရန်နှင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုရာတွင် ပွင့်လင်းမြင်သာပြီး စနစ်တကျရှိစေရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁ ။ ဤဥပဒေကို ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂ ။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကိုးကွယ်ရာဘာသာ** ဆိုသည်မှာ သူတစ်ဦးက မိမိယုံကြည်ရာ အလိုက် ကိုးကွယ်သောဘာသာကို ဆိုသည်။

(ခ) **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်း** ဆိုသည်မှာ သူတစ်ဦးက မိမိ၏ယုံကြည်ရာအလိုက် ကိုးကွယ်လျက်ရှိသော ဘာသာကို စွန့်လွှတ်၍ အခြားကိုးကွယ်ရာဘာသာသို့ လွတ်လပ်သော သဘောဆန္ဒဖြင့် ကူးပြောင်းကိုးကွယ်ခြင်းကို ဆိုသည်။

(ဂ) **ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ** ဆိုသည်မှာ ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းပြုနိုင်ရန် မှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားသူကို ဆိုသည်။

(ဃ) **မှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ကို ဆိုသည်။

(င) **မှတ်ပုံတင်ရေးအဖွဲ့ရုံး** ဆိုသည်မှာ မှတ်ပုံတင်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဤဥပဒေတွင် သတ်မှတ်ထားသော ဌာနကိုဆိုသည်။

(စ) **သက်သေခံလက်မှတ်** ဆိုသည်မှာ သက်ဆိုင်ရာ မှတ်ပုံတင်ရေး အဖွဲ့က ထုတ်ပေးသော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်း ဆိုင်ရာ သက်သေခံလက်မှတ်ကို ဆိုသည်။

အခန်း(၂)
မှတ်ပုံတင်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် ကိုးကွယ်ရာဘာသာကူးပြောင်းရန် လျှောက်ထားခြင်း

၃ ။ မြို့နယ်အသီးသီးတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ကို ဖွဲ့စည်းသည် -

(က) မြို့နယ်သာသနာရေးမှူး ဥက္ကဋ္ဌ
မြို့နယ်သာသနာရေးမှူးရုံး၊

(ခ) မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊

(ဂ) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(ဃ) အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ရွေးချယ်သော ကိုးကွယ်ရာဘာသာ အသီးသီးနှင့် သက်ဆိုင်သည့် မြို့မိ မြို့ဖလေးဦး၊ အဖွဲ့ဝင်

(င) မြို့နယ်ပညာရေးမှူးက တာဝန်ပေးအပ်သော ပညာရေးဝန်ထမ်း တစ်ဦး၊ အဖွဲ့ဝင်

(စ) ဥက္ကဋ္ဌ
မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ အဖွဲ့ဝင်

(ဆ) လက်ထောက်မြို့နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး
မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန။

၄ ။ မှတ်ပုံတင်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် ကိုးကွယ်ရာဘာသာကူးပြောင်းရန် လျှောက်ထားခြင်း -

(ကဏ) ကိုးကွယ်ရာဘာသာ
(ခ) ကိုးကွယ်ရာဘာသာကူးပြောင်းခြင်း
(ဂ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ
(ဃ) မှတ်ပုံတင်ရေးအဖွဲ့
(င) မှတ်ပုံတင်ရေးအဖွဲ့ရုံး
(စ) သက်သေခံလက်မှတ်

(ခ) ကိုးကွယ်ရာဘာသာ

(ဃ) ကိုးကွယ်ရာဘာသာ

(ဃ) ကိုးကွယ်ရာ

(ဃ) ကိုးကွယ်ရာ

(ဃ) ကိုးကွယ်ရ

...ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း

...ဥပဒေကြမ်း
...တ်၊)
...ကိ်
...)

...ားနှင့်သော်လည်း
...ပြည်သူ့ကျန်းမာ
...ခြားပြဋ္ဌာန်းချက်
...ားသည် ဘာသာ၊
...ရး၊ လွတ်လပ်စွာ
...မျှရရှိစေရမည်”
...လပ်စွာ ရွေးချယ်
...တွင် ပွင့်လင်းမြင်
...သည် ဤဥပဒေ

...ခိုင်ရာ ဥပဒေဟု
...ဖော်ပြပါအတိုင်း
...ာ မိမိယုံကြည်ရာ
...။
...မှာ သူတစ်ဦးက
...သော ဘာသာကို
...လွတ်လပ်သော
...ဆိုသည်။
...မှာ ကိုးကွယ်ရာ
...တင်ရေးအဖွဲ့သို့
...

...ရ ဖွဲ့စည်းသော
...စိစစ်မှတ်ပုံတင်
...

...တင်ရေးအဖွဲ့၏
...ဒတွင် သတ်မှတ်
...ရာ မှတ်ပုံတင်ရေး
...ကူးပြောင်းခြင်း

...ကူးပြောင်းရန်
...သာ ကိုးကွယ်ရာ
...ဖွဲ့စည်းသည် -
ဥက္ကဋ္ဌ
အဖွဲ့ဝင်
...ရေး အဖွဲ့ဝင်
...သာ
...ဦး၊ အဖွဲ့ဝင်
...
အဖွဲ့ဝင်
...
...
...

ပြည်တွင်းသတင်း

မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

ယနေ့ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍသည် ဒေသခံပြည်သူများ၏ လူမှုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးပြုလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်နိုင်စေရန် အဓိကဦးစားပေးလုပ်ငန်းစဉ်များတွင် ထည့်သွင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့်လည်း ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ခရီးသွားလုပ်ငန်းပင်မစီမံကိန်းကို စနစ်တကျရေးဆွဲပြီး အဆိုပါ ပင်မစီမံကိန်းပါ မဟာဗျူဟာစီမံကိန်းများနှင့် ရေတိုရေရှည်ကာလသတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှု အခြေအနေမှာ ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၆ သန်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်းကျော် တိုးတက်ဝင်ရောက်ခဲ့သောကြောင့် ယခင်နှစ်ထက် ၉၃ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်အထိ နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှုမှာ ၂ ဒသမ ၄၁ သန်းကျော်ရှိခဲ့ပြီး နှစ်ကုန်ပါက ရည်မှန်းထားသည့်အတိုင်း နိုင်ငံခြားသားဧည့်သည် သုံးသန်းအထိ ဝင်ရောက်နိုင်မည်ဟု ခန့်မှန်းရသည်။













နိုင်ငံခြားသားခရီးသွားဧည့်သည်ဝင်ရောက်မှုတိုးတက်လာသည်နှင့် အမျှခရီးသွားလုပ်ငန်းကဏ္ဍမှ နိုင်ငံခြားဝင်ငွေရရှိနိုင်မှု အခြေအနေမှာလည်း ၂၀၁၂ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၅၃၄ သန်းရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၉၂၆ သန်းအထိ တိုးတက်ခဲ့သောကြောင့် ယခင်နှစ်ကထက် ၇၃ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်အထိ အမေရိကန် ဒေါ်လာ ၉၀၅ သန်းရရှိခဲ့ပြီးဖြစ်သောကြောင့် ယခုနှစ်ကုန်လျှင် ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် နိုင်မည်ဟု ခန့်မှန်းရပါသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဟိုတယ်လုပ်ငန်းသည်လည်း ဟန်ချက်ညီစွာဖွံ့ဖြိုးတိုးတက်ခဲ့ရာ ၂၀၁၂ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ဟိုတယ်ပေါင်း ၇၈၇ လုံးနှင့် အခန်းပေါင်း ၂၈၂၉၁ ခန်းသာရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ဟိုတယ်ပေါင်း ၉၂၃ လုံး၊ အခန်းပေါင်း ၃၄၈၃၄ ခန်းအထိ လည်းကောင်း၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်အထိတွင်မူ တစ်နိုင်ငံလုံး၌ ဟိုတယ်ပေါင်း ၁၀၇၆ လုံးနှင့် အခန်းပေါင်း ၄၂၀၃၇ ခန်းအထိ လည်းကောင်း တိုးတက်မှုရှိလာခဲ့ပြီးဖြစ်သည်။

ထို့အပြင် နိုင်ငံခြားသားခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းအမျိုးအစားတစ်ခုဖြစ်သော ခရီးလှည့်လည်ရေးလုပ်ငန်းကုမ္ပဏီများသည်လည်း ၂၀၁၂ ခုနှစ်တွင်ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခု၊ ဖက်စပ်ကုမ္ပဏီ ၁၇ ခုနှင့် ပြည်တွင်းလုပ်ငန်းရှင်ကုမ္ပဏီ ၁၀၀၈ ခု စုစုပေါင်း ၁၀၂၆ ခုသာရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ရာနှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခု၊ ဖက်စပ်ကုမ္ပဏီ ၂၅ ခုနှင့် ပြည်တွင်းလုပ်ငန်းရှင်ကုမ္ပဏီ ၁၃၂၄ ခု စုစုပေါင်း ၁၃၅၀ ခုအထိ လည်းကောင်း၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်အထိ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခု၊ ဖက်စပ်ကုမ္ပဏီ ၃၁ ခုနှင့် ပြည်တွင်းလုပ်ငန်းရှင်ကုမ္ပဏီ ၁၅၅၅ ခု စုစုပေါင်း ၁၅၈၇ ခုအထိ တိုးတက်မှုရှိလာခဲ့သည်။

ယခုအခါ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဝန်ဆောင်မှုပေးနေသော ဘာသာစကားအလိုက် ဧည့်လမ်းညွှန်များ အနေဖြင့် ၃၇၆၀ ဦးနှင့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန် ၂၂၁၇ ဦးအထိ ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဆင်းသက်နေသည့် လေကြောင်းလိုင်းများသည်လည်း ၂၀၁၂ ခုနှစ်တွင် ၁၆ လိုင်းသာရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၂၃လိုင်းအထိ လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ၂၅ လိုင်းအထိလည်းကောင်း တိုးတက်နေပြီဖြစ်သည်။ ယခုအခါ ဗန်ကောက်နှင့် စင်ကာပူတို့မှ မန္တလေးနှင့် နေပြည်တော်သို့ပါ ဆင်းသက်ပျံသန်းလျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းစနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆက်စပ်ဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နိုင်ငံခြားသား ဧည့်သည်များ ဝင်၊ ထွက်မှုလွယ်ကူအဆင်ပြေနိုင်ရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍမှ ပို့ဆောင်ရေးယာဉ်များ စနစ်တကျဖြစ်စေရေး၊ ဟိုတယ်နှင့်စားသောက်ဆိုင်များ၏ ဝန်ဆောင်မှုအဆင့်အတန်းမြင့်မားနိုင်ရေး၊ ခရီးစဉ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရေးနှင့် ရေရှည်တည်တံ့နိုင်စေရေး စသည့် ဝန်ကြီးဌာန၏ အခြေခံမူလေးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းကဏ္ဍသည် ဒေသခံ ပြည်သူများအတွက် အကျိုးစီးပွား တိုးတက်မြင့်မားရေးကို များစွာအထောက်အကူပြုသည့် လုပ်ငန်းတစ်ခု ဖြစ်သောကြောင့် ကောင်းမွန်ပြည့်စုံသော မူဝါဒနှင့် စီမံခန့်ခွဲမှုများ၊ တိကျခိုင်မာသော ရည်မှန်းချက်များထားရှိပြီး ဒေသခံလူထုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိသော စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ခရီးသွားလုပ်ငန်းဖြစ်ထွန်းအောင်မြင်စေရန်အတွက် မြန်မာ့ရေမြေသဘာဝအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများ အစရှိသည့် ရှိရင်းစွဲအရင်းအမြစ်များကို အခြေပြုပြီး အကျိုးရှိရှိ အသုံးချ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းသတင်းနှင့်ကြေငြာ

နိုင်ငံတော်တည်ဆောက်ရေးအတွက် အရည်အချင်းရှိသည့် လူငယ်မျိုးဆက်သစ်များ ပေါ်ထွန်းလာရေး ထူးချွန်လူငယ်အားလုံးကို နိုင်ငံခြားတက္ကသိုလ်ကြီးများသို့ ပညာတော်သင်စေလွှတ်မည်

ဒေါက်တာဇော်မြင့်

ရန်ကုန် နိုဝင်ဘာ ၃၀

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည်။ အထူးသဖြင့် နိုင်ငံသားများထဲတွင် အပါအဝင်ဖြစ်သည့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်စွမ်းပကားက ပို၍သက်ရောက်မှုရှိသည်။ ထူးချွန်ထက်မြက်သည့် လူငယ်မျိုးဆက်သစ်များ ပိုမိုမွေးထုတ်နိုင်ရန် နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုချီးမြှင့်ခြင်းဖြင့် စတင်အကောင်အထည်ဖော်ခဲ့သည်။

အဆိုပါနိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုနှင့် စပ်လျဉ်း၍ မိဘပြည်သူများ၊ မျိုးဆက်သစ် လူငယ်မောင်မယ်များအားလုံးသိရှိနိုင်ရန် ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာနမှ တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်အား မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က သွားရောက်မေးမြန်းခဲ့ပါသည်။

မေး ။ နိုင်ငံတော်သမ္မတရဲ့ ပညာတော်သင်ဆုကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ချီးမြှင့်တယ်ဆိုတာကို သိပါရစေ။

ဖြေ ။ နိုင်ငံတော်သမ္မတရဲ့ ပညာတော်သင်ဆုဟာ နိုင်ငံတော်အစိုးရက ပထမဆုံးချီးမြှင့်တဲ့ ပညာတော်သင်ဆုအစီအစဉ်ဖြစ်ပါတယ်။ ဒီပညာတော်သင်ဆုကို ချီးမြှင့်တဲ့ရည်ရွယ်ချက်ကတော့ (၁) နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သောပညာရပ်များကို နိုင်ငံတကာတက္ကသိုလ်တွေမှာ တက်ရောက်သင်ယူနိုင်စွမ်းရှိပြီး ထူးချွန်တဲ့ မြန်မာနိုင်ငံသားလူငယ်များအတွက် ရေရှည်အကျိုးရှိစေပြီး လက်တွေ့ကျတဲ့ပညာရေး အခွင့်အလမ်းများပိုမိုရရှိစေဖို့၊ (၂) နိုင်ငံတော်တည်ဆောက်ရေးမှာ ကဏ္ဍစုံကနေ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မယ့်အရည်အချင်းရှိတဲ့ လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များ ပေါ်ထွက်လာစေဖို့ ရည်ရွယ်ချက်နဲ့ ချီးမြှင့်ခြင်း ဖြစ်ပါတယ်။

မေး ။ ဒီပညာတော်သင်ဆုအတွက် ရွေးချယ်ခံရတဲ့သူတွေဟာ နိုင်ငံခြားကိုသွားပြီး ပညာသင်ကြရမှာလား ဆရာ။

ဖြေ ။ ပညာတော်သင်ဆု ချီးမြှင့်ခံရတဲ့ ကျောင်းသား၊ ကျောင်းသူတွေဟာ နိုင်ငံခြားတက္ကသိုလ်ကြီးများမှာ နိုင်ငံတော်စရိတ်နဲ့ ဘွဲ့သင်တန်းများကို တက်ရောက်ခွင့်ရရှိမှာဖြစ်ပါတယ်။

မေး ။ ဒီဆုအတွက် အမျိုးအစားဘယ်နမျိုး သတ်မှတ်ထားပါသလဲ။

ဖြေ ။ ဘွဲ့ကြိုတန်းနဲ့ ဘွဲ့လွန်တန်းဆိုပြီး Level နှစ်ခု သတ်မှတ်ထားပါတယ်။ ဘွဲ့လွန်တန်းမှာ မဟာတန်းနဲ့ ပါရဂူတန်းဆိုပြီး ထပ်မံခွဲခြားပေးထား ပါတယ်။

မေး ။ လျှောက်ထားသူ အရေအတွက်ကို သိပါရစေ။

ဖြေ ။ ဘွဲ့ကြိုတန်းအတွက် ၆၅၇ ဦး၊ မဟာတန်းအတွက် ၁၈၄၇ ဦးနဲ့ ပါရဂူတန်းအတွက် ၂၃၇၆ ဦး၊ စုစုပေါင်း ၄၈၈၀ ဦး လျှောက်ထားပါတယ်။

မေး ။ လျှောက်ထားတဲ့သူတွေအားလုံး အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမယ်လို့ ကြားသိရပါတယ်။ ဒီအကြောင်း ရှင်းပြပေးပါ။

ဖြေ ။ လျှောက်ထားသူအားလုံးဟာ အရည်အချင်းစစ်စာမေးပွဲအဖြစ် ပြိတိသျှကောင်စီရဲ့ Aptis Test ကို ဖြေဆိုကြရမှာ ဖြစ်ပါတယ်။ ဒီ Test ဟာ အဓိကအားဖြင့် အင်္ဂလိပ်စာအရည်အသွေးကို စစ်ဆေးတာ ဖြစ်ပါတယ်။ Computer-based Test ဖြစ်တဲ့အတွက် ဖြေဆိုသူများ အနေ နဲ့ ကွန်ပျူတာ Mouse ကို Click လုပ်တာ၊ Drag ဆွဲတာ လေ့ကျင့်ထားသင့်ပါတယ်။ Desktop ကွန်ပျူတာနဲ့ Laptop ကွန်ပျူတာနှစ်မျိုးစလုံးနဲ့ စာရိုက်တာကိုလည်း လေ့ကျင့်ထားသင့်ပါတယ်။ အခုမှ ကွန်ပျူတာသင်ရတဲ့သူတွေရှိမှာကိုလည်း ထည့်သွင်းစဉ်းစားပေးထားပါတယ်။ Writing Component အတွက် ပုံမှန်ဖြေဆိုချိန် မိနစ် ၅၀ဖြစ်ပေမယ့် ကွန်ပျူတာကို ဖြည်းဖြည်းပဲရိုက်နိုင်မယ့်သူတွေအတွက် ထပ်ဆောင်းအချိန်ပို မိနစ် ၃၀ ထပ်ပြီး ခွင့်ပြုထားပါတယ်။ ကိုယ်က ကွန်ပျူတာ ပုံမှန်ရိုက်နိုင်လို့ မိနစ် ၅၀အတွင်း ပြီးသွားရင်လည်း စောပြီး Speaking Component ကို ဆက်လက်ဖြေဆိုလို့ ရပါတယ်။

ဒီနေရာမှာ အကြံပြုလိုတာကတော့ပေးတဲ့ အခွင့်အရေးကို အပြည့်အဝ အသုံးချဖို့ပါပဲ။ Writing မှာ ထပ်ဆောင်းအချိန်ပို မိနစ် ၃၀ မယူဘဲ Speaking ဆက်ဖြေပြီး အခုန Writing က အချိန်ပို မိနစ် ၃၀ ကို Speaking မှာ ပြန်ယူသုံးလို့ မရပါဘူး။ Speaking အတွက် ၁၂ မိနစ်သာ သတ်မှတ်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် Writingအတွက် အချိန်ပို ၃၀ မိနစ်ကိုလည်း အပြည့်အသုံးချသင့်တယ်လို့ အကြံပြုလိုပါ တယ်။

မေး ။ Aptis Test ဖြေဆိုနည်းလမ်းညွှန်တွေကို ဘယ်လို ထုတ်လွှင့်ပေးသလဲ သိချင်ပါတယ်။

ဖြေ ။ Aptis Test ဖြေဆိုနည်းလမ်းညွှန်ကို ရုပ်သံလိုင်းတွေက အဆက်မပြတ်ထုတ်လွှင့်ပေးနေပါတယ်။ MRTVက တစ်ပတ်နှစ်ကြိမ်လွှင့်ပေးတယ်။ SkyNet Education Channel ကလည်း ထုတ်လွှင့်ပေးပါတယ်။ မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာများမှာလည်း ဖော်ပြပေးထားပါတယ်။

မေး ။ ခုနံပါတ်နဲ့ စာစစ်ဌာနတွေကိုလည်း ကြေညာထားတယ်လို့ သိရပါတယ်။ ရှင်းပြပေးပါ။

ဖြေ ။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မကွေး၊ မုံရွာ တောင်ကြီးမြို့များက စာစစ်ဌာန (၁၀)ခုမှာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ရက်နေ့မှ ၁၂ ရက်နေ့အတွင်း အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမှာဖြစ်ပါတယ်။ ခုံအမှတ်၊ စာစစ်ဌာနနဲ့ ဖြေဆိုရမည့်နေ့ရက်၊ အချိန်တို့ကို ပညာရေးဝန်ကြီးဌာန Website ဖြစ်တဲ့ www.myanmar-education.edu.mm နဲ့ ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်တဲ့ www.moi.gov.mm မှာ ကြည့်ရှုနိုင်ပါတယ်။ Sky Net ရုပ်မြင်သံကြား Education Channel မှာလည်း နေ့စဉ် ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာစာစစ်ဌာနများမှာလည်း ကြေညာပေးထားပါတယ်။ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်တဲ့တယ်လီဖုန်းနံပါတ်များကို ၁၃-၁၁-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ ဖော်ပြပေးပြီး ဖြစ်ပါတယ်။

မေး ။ စာစစ်ဌာနပြောင်းပြီး ဖြေဆိုချင်တဲ့သူတွေအတွက်လည်း ပြောပြပေးပါ။

ဖြေ ။ နိုဝင်ဘာလ ၂၁ ရက်နေ့အတွင်း e-mail နဲ့ အကြောင်းကြားထားတဲ့ စာစစ်ဌာနပြောင်းပြီး ဖြေဆိုချင်တဲ့သူတွေကိုတော့ ပြောင်းရွှေ့ရမယ့်စာစစ်ဌာနအမည်နဲ့ ဖြေဆိုရမယ့်နေ့ရက်တွေကို တစ်ဦးချင်းစီကို e-mail နဲ့ ပြန်လည်အကြောင်းပြန်ကြားပြီး ဖြစ်ပါတယ်။ ပြောင်းရွှေ့

ခင်ချိုဝင်း

ခွင့်ရ မရကို သိရှိနိုင်ဖို့ မိမိရဲ့ e-mail ကို ပြန်စစ်ဆေးဖို့ သတိပေးလိုပါတယ်။ သက်ဆိုင်ရာ စာစစ်ဌာနများမှာ လည်း ပြောင်းရွှေ့ဖြေဆိုခွင့် ရသူများရဲ့စာရင်းကို ကြေညာထားပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ Website ဖြစ်တဲ့ www.myanmar-education.edu.mm မှာလည်း ပြင်ဆင်ပြီး နောက်ဆုံးစာစစ်ဌာနကို ခုံအမှတ်နဲ့တွဲပြီး ထုတ်ပြန်ထားပါတယ်။

စာမေးပွဲဖြေတဲ့ရက်မှာ သွားလာရေးအဆင်ပြေဖို့ အတွက် စာစစ်ဌာန (၁၀)ခုစလုံးမှာ သက်ဆိုင်ရာ တိုင်း ဒေသကြီး၊ ပြည်နယ်ရဲ့အစီအစဉ်ဖြင့် စုရပ်သတ်မှတ်ပြီး ကြိုပို့ မော်တော်ယာဉ်တွေ အခမဲ့စီစဉ်ပေးမှာ ဖြစ်ပါတယ်။

မေး ။ စာဖြေခန်းကို ဘယ်အချိန်အရောက်လာရမလဲ သိလိုပါတယ်။

ဖြေ ။ စာဖြေခန်းကို မိမိဖြေဆိုရမည့် နေ့ရက်မှာ နံနက် ၈ နာရီခွဲ ရောက်ရှိရမှာ ဖြစ်ပါတယ်။ နံနက် ၈ နာရီခွဲမှာ Aptis Test ဖြေဆိုနည်းလမ်းညွှန်ကို အသေးစိတ်ရှင်းလင်းပေးမှာဖြစ်ပြီး နံနက် ၉ နာရီခွဲကနေ မွန်းလွဲ ၁ နာရီအထိ စာမေးပွဲဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒီအရည်အချင်းစစ် စာမေးပွဲဖြေဆိုပြီးရင် မိမိနေရပ်ကိုပြန်နိုင်ပြီ ဖြစ်ပါတယ်။ လူတွေ့စာမေးပွဲဖြေဆိုဖို့ ရွေးချယ်ခံရသူ အမည်စာရင်းကို ဆက်လက်ကြေညာ အကြောင်းကြားပေးမှာ ဖြစ်ပါတယ်။

မေး ။ စာဖြေခန်းကို ဘာတွေယူဆောင်လာရမလဲ ပြောပြပေးပါ။

ဖြေ ။ စာဖြေသူတိုင်းဟာ မိမိရဲ့နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းကို မိမိနဲ့တစ်ပါတည်း ယူဆောင်လာရမှာ ဖြစ်ပါတယ်။

မေး ။ နယ်ခရီးစရိတ်ရှိက တင်ပြတောင်းခံနိုင်တယ်လို့ သိရပါတယ်။ ရှင်းပြပေးပါ။

ဖြေ ။ စာစစ်ဌာနမြို့ခံမဟုတ်ဘဲ နယ်ကလာဖြေရတယ်ဆိုရင် မိမိအမှန်တကယ် စီးနင်းလိုက်ပါတဲ့ ယာဉ်စီးလက်မှတ်တင်ပြပြီး မိမိဖြေဆိုတဲ့ စာစစ်ဌာနတက္ကသိုလ်ရဲ့ ဌေစာရင်းဌာနမှာ အသွားအပြန်လက်မှတ်ခများကို ချက်ချင်း သို့မဟုတ် ဒီဇင်ဘာလ ၁၅ ရက်နေ့အတွင်း ပြန်လည်ထုတ်ယူနိုင်ပါတယ်။ ဒါဟာနိုင်ငံတော်အကြီးအကဲများရဲ့ စေတနာဖြစ်ပါတယ်။ အသေးစိတ်ကို ဆက်လက်အသိပေး ကြေညာပေးမှာဖြစ်ပါတယ်။

မေး ။ ပညာတော်သင်စေလွှတ်မယ့်ဦးရေနဲ့ ရှေ့ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်ကို သိပါရစေ။

စာမျက်နှာ ၁၂ သို့

အမြို့မြို့အနယ်နယ်ပျံ့သည့်သတင်းစာ

မြန်မာ့အလင်းတွင် ကြော်ငြာပါ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဧဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)

လွှိုင်ကော်မြို့နယ်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် -၂၇

ခေါ်လွှင်သူ ဇာထွေး နှင့် ၁။ ဦးခိုင်မြင့်
၂။ ဦးအဲလဘက်အောင်ကြီး

တရားလို **တရားပြိုင်များ**

ရန်ကုန်မြို့၊ သဃန်းကျွန်းမြို့နယ်၊ ရတနာမွန်အိမ်ရာ၊ H-2 နေ ဦးခိုင်မြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လွှိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ မင်း/၄၄မြေကွက်နှင့် နေအိမ်အား တရားလိုမှတရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၄ ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်စီလေးရက်တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ချိုချိုထွန်း

တွဲဖက်မြို့နယ်တရားသူကြီး၊ လွှိုင်ကော်မြို့နယ်တရားရုံး

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
၂၀၁၄-၂၀၁၅ ပညာသင်နှစ်
နည်းပညာတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အောက်ဖော်ပြပါ နည်းပညာတက္ကသိုလ်များ၌ ပထမနှစ်သင်တန်း တက်ရောက်ပညာသင်ကြားလိုသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဝင်ခွင့်ခေါ်ယူမည်ဖြစ်ပါသည်-

စဉ်	နည်းပညာတက္ကသိုလ်	ခေါ်ယူမည့်ကျောင်းသားဦးရေ
(က)	နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)	၄၀ ဦး
(ခ)	နည်းပညာတက္ကသိုလ်(ဗန်းမော်)	၅၀ ဦး
(ဂ)	နည်းပညာတက္ကသိုလ်(လွှိုင်ကော်)	၅၀ ဦး
(ဃ)	နည်းပညာတက္ကသိုလ်(ဘားအံ)	၄၀ ဦး
(c)	နည်းပညာတက္ကသိုလ်(ကလေး)	၁၁၀ ဦး
(စ)	နည်းပညာတက္ကသိုလ်(ထားဝယ်)	၁၂၀ ဦး
(ဆ)	နည်းပညာတက္ကသိုလ်(မြိတ်)	၁၃၀ ဦး
(ဇ)	နည်းပညာတက္ကသိုလ်(ပခုက္ကူ)	၇၀ ဦး
(ဈ)	နည်းပညာတက္ကသိုလ်(ရမည်းသင်း)	၇၀ ဦး
(ည)	နည်းပညာတက္ကသိုလ်(စစ်တွေ)	၃၀ ဦး
(ဋ)	နည်းပညာတက္ကသိုလ်(လားရှိုး)	၇၀ ဦး
(ဌ)	နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)	၆၀ ဦး
(ဍ)	နည်းပညာတက္ကသိုလ်(ပင်လုံ)	၈၀ ဦး
(ဎ)	နည်းပညာတက္ကသိုလ်(တောင်ကြီး)	၇၀ ဦး
(ဏ)	နည်းပညာတက္ကသိုလ်(ဟသံတ)	၈၀ ဦး
(တ)	နည်းပညာတက္ကသိုလ်(ပုသိမ်)	၅၀ ဦး
(ထ)	နည်းပညာတက္ကသိုလ်(မအူပင်)	၈၀ ဦး
	စုစုပေါင်း	၁၂၀၀ ဦး

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူဖြစ်ရမည်။

(ဂ) ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ။

(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ။

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၃၈၀)နှင့်အထက်ရရှိသော သူများ လျှောက်ထားနိုင်သည်။

(c) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် စုစုပေါင်းရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးရှိမည်သည့်စာစစ်ဌာနမှမဆို ဖြေဆိုအောင်မြင်ခဲ့သည့်ကျောင်းသား၊ ကျောင်းသူများအားလုံး လျှောက်ထားနိုင်ပြီး ဒေသခံများကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။

၄။ သင်တန်းကာလမှာ (၆)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက B.E ဘွဲ့ပေးအပ်မည်ဖြစ်သည်။ မိမိတက်ရောက်ခွင့်ရရှိသည့် နည်းပညာတက္ကသိုလ်တွင် ကျောင်းပြီးဆုံးသည်အထိ တက်ရောက်ပညာသင်ကြားရမည်ဖြစ်သည်။

၅။ လျှောက်လွှာနှင့်အတူလျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူး (သို့မဟုတ်) ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံ ဓာတ်ပုံ(၃) ပုံနှင့် သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်အမှတ်စာရင်း (မူရင်းနှင့်မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်။

၆။ ဝင်ခွင့်လျှောက်လွှာများကို မိမိတက်ရောက်လိုသည့် နည်းပညာတက္ကသိုလ်များ၌ ၁-၁၂-၂၀၁၄ရက်မှစ၍ မခမဲ့ထုတ်ယူလျှောက်ထားနိုင်သည်။ လျှောက်လွှာများကို ၁၀-၁၂-၂၀၁၄ ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့်ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်း မပြည့်သောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသား ဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အထက်ဖော်ပြပါ နည်းပညာတက္ကသိုလ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်တွင်းသတင်းနှင့်ကြေငြာ

စာမျက်နှာ ၁၁ မှ

ဖြေ ။ နိုင်ငံခြားတက္ကသိုလ်ကြီးများမှာ တက်ရောက်ပညာသင်ကြားနိုင်ဖို့ အရည်အသွေးရှိတဲ့၊ တော်တဲ့သူအားလုံးကိုစေလွှတ်မယ်လို့ ပညာတော်သင်ဆု ရွေးချယ်ရေးကော်မတီက ရည်မှန်းထားပါတယ်။ ဗြိတိသျှကောင်စီရဲ့ Aptis Test ဖြေဆိုသူများအနက်က သတ်မှတ်အရည်အချင်းပြည့်မီသူများကို စိတ်စွမ်းရည်စစ်ဆေးခြင်းနဲ့ လူတွေ့စစ်ဆေးခြင်းများဖြင့် ဆက်လက်စိစစ်ရွေးချယ်ပြီး နိုင်ငံခြားတက္ကသိုလ်များသို့ နိုင်ငံတော်စရိတ်နဲ့ စေလွှတ်ပေးမှာဖြစ်ပါတယ်။ နိုင်ငံခြားတက္ကသိုလ်တွေကို လျှောက်ထားစဉ်ကာလအတွင်း ပြည်တွင်းမှာ အရည်အချင်းမြှင့်သင်တန်းတွေ ပို့ချလေ့ကျင့် ပေးမှာဖြစ်ပါတယ်။

မေး ။ ထပ်မံ ဖြည့်စွက်ပြောကြားလိုတဲ့အချက်တွေရှိ ရင်လည်း ပြောကြားပေးပါ။

ဖြေ ။ နိုင်ငံတော်သမ္မတရဲ့ ပညာတော်သင်ဆု ချီးမြှင့်ခြင်းဖြင့် ပညာတော်သင်ဆု ရွေးချယ်ရေးကော်မတီရဲ့ ရည်ရွယ်ချက်များကို ပြည့်မြောက်စေရုံသာမက ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာ တတ်မြောက်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်ဆိုတဲ့ အမျိုးသားပညာရေးရည်မှန်းချက်ကိုလည်း အထောက်အကူပြုမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်တည်ဆောက်ရေးအတွက် အရည်အချင်းရှိတဲ့ လူငယ်မျိုးဆက်သစ် ခေါင်းဆောင်များ ပေါ်ထွန်းလာပါစေလို့ မျှော်မှန်းပါတယ်။

အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ဆရာ့ကို ကျေးဇူးတင်ရှိပါတယ်ရှင့်-

ဘက်ထရီရှော့ဖြစ်ကာ မော်တော်ယာဉ်မီးလောင်မှုဖြစ်ပွား

ရန်ကုန် နိုဝင်ဘာ ၃၀

အင်းစိန်မြို့နယ် ရန်ကုန်-အင်းစိန်ကားလမ်းမကြီးရှိ ဟိန္ဒူဘုရားရှိခိုးကျောင်းရှေ့တွင် နိုဝင်ဘာ ၂၉ ရက် ညနေပိုင်းက မော်တော်ယာဉ်တစ်စီး ဘက်ထရီရှော့ဖြစ်ကာ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့နယ် ရန်ကုန်-အင်းစိန်ကားလမ်းမကြီးရှိ ဥရှရီမဟာ သျှီဝဘုရားရှိခိုးကျောင်းရှေ့တွင် ယမန်နေ့ ညနေ ၅ နာရီ ၅ မိနစ်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနပိုင် အမှိုက်သိမ်းယာဉ်များအတွက် ဆီပို့/ဆီထုတ်ပေးနေသည့် ဝန်ထမ်းလေးဦး လိုက်ပါလာသော မော်တော်ယာဉ်မှာ အလုံမြို့နယ်မှ ဒီဇယ်ဆီထုတ်ပြီး အပြန် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သယ်ဆောင်လာသည့် ဒီဇယ်ဆီပုံးများအရှိန်ကြောင့် ယာဉ်တစ်စီးလုံး မီးကူးစက်လောင်ကျွမ်းခဲ့ရခြင်းဖြစ်သည်။ မီးလောင်ရာသို့ မြို့နယ်မီးသတ်ယာဉ်နှစ်စီးရောက်ရှိ ငြိမ်းသတ်ခဲ့သဖြင့် ၁၀ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မြောက်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက " ဒီယာဉ်က မြောက်ပိုင်းခရိုင်ရဲ့ သန့်ရှင်းရေး အမှိုက်သိမ်းယာဉ်တွေအတွက် ဆီပို့တဲ့ယာဉ်ပါ။ ဝုန်းဆိုပြီး အရှိန်နဲ့ ထလောင်တာပါ။ ကလေးတွေလည်း ငြိမ်းလို့မနိုင်တော့ တဲ့အခါကျတော့ မီးသတ်ယာဉ်တွေ ရောက်လာပြီး ငြိမ်းသတ်ပေးခဲ့ပါတယ်"ဟု အခင်းဖြစ်နေရာ၌ ရှင်းလင်းပြောကြားသည်။

အနီးအနားရပ်ကွက် နေထိုင်သူတစ်ဦးက " ယာဉ်မောင်းက ဖြစ်ဖြစ်ချင်း ယာဉ်ရဲ့ဘက်ထရီကလစ်ကို မဖြုတ်ဘဲ မီးလောင်တဲ့နေရာကို လမ်းဘေးက သဲတွေနဲ့ ပက်နေတာ တွေ့ရပါတယ်။ အမှန်ကဒီယာဉ်ရဲ့ ဘက်ထရီကလစ်ကို ဖြုတ်လိုက်ရင် ယာဉ်ရဲ့ အခြေအနေ အဲ့လောက်မဆိုးနိုင်ပါဘူး။ လောင်နေ တဲ့ အချိန်မှာဆီပုံးတွေ အမြန်ရွှေ့နေကြတာတော့ တွေ့ပါတယ်" ဟု မျက်မြင်တွေ့ရှိမှုကို ပြောဆိုခဲ့သည်။

စိုးဝင်း- (SP)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၀-၁၁-၂၀၁၄

ရွှေဈေးနှုန်း (အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၅၈၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	ကျပ် ၆၁၇၂၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၅၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၂၅
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၅

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးနှိုင်းများ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၄၅၀၀-၇၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၆၀၀၀-၇၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်မြို့ငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၄၀-၁၀၄၅
ဥရောပ	တစ်ယူရို	၁၂၆၅-၁၂၈၀
စင်ကာပူ	တစ်ဒေါ်လာ	၇၈၂-၇၈၆
ထိုင်း	တစ်ဘတ်	၃၀-၃၀.၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅၇၆
တရုတ်	တစ်ယွမ်	၁၆၅-၁၇၀
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၂

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ဗိုလ်ချုပ်လမ်း အမှတ် (၅) ရပ်ကွက်ရှိ မြို့မကျောင်းရှေ့တွင် နိုဝင်ဘာ ၂၉ ရက် ညနေ ၅ နာရီက ကော့ကရိတ်မြို့ လှိုင်ဝကျေးရွာနေ ရဲဝင်းထွန်း (၃၀နှစ်) မောင်းနှင်သော နံပါတ်မပါယာဉ် ထော်လာဂျီယာဉ် ယာဘက်လမ်းဘေး ပလက်ဖောင်းစကြီကို ကျော်၍ နေအိမ်နှင့် စတိုးဆိုင်အတွင်းသို့ ဝင်ရောက်တိုက်မိစဉ်။

တင်ဝင်းလှိုင်(ကော့ကရိတ်)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကနောင်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဖြိုးဝေလင်း၏

၁-၁၂-၂၀၁၄ ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နှစ်(၁၀၀)တိုင်အောင် ပျော်ရွှင်ခြင်း၊ ကံကောင်းခြင်းများ ထာဝရပြီးပြည့်စုံလို့ ချစ်သောမိသားစုနှင့်အတူ ကောင်းခြင်းမင်္ဂလာအဖြာဖြာတို့ကို ရရှိကာ ဘာသာ၊ သာသနာအကျိုး၊ တိုင်းပြည်အကျိုးစွမ်းဆောင်ထမ်းပိုးနိုင်သောသူ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဇနီး- ဒေါ်ချယ်ရီကိုကိုနိုင် (ဒါရိုက်တာ)
ကနောင်ကုမ္ပဏီလီမိတက်
သား - ထိပ်တင်လေး(ခ)မြတ်မင်းသွေး(Baby)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကနောင်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဖြိုးဝေလင်း၏

၁-၁၂-၂၀၁၄ ရက်တွင်ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နှစ်(၁၀၀)တိုင်အောင် ပျော်ရွှင်ခြင်း၊ ကံကောင်းခြင်းများ ထာဝရပြီးပြည့်စုံလို့ ချစ်သောမိသားစုနှင့်အတူ ကောင်းခြင်းမင်္ဂလာ အဖြာဖြာတို့ကိုရရှိကာ ဘာသာ၊ သာသနာအကျိုး၊ တိုင်းပြည်အကျိုး စွမ်းဆောင်ထမ်းပိုးနိုင်သောသူဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

ကနောင်ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများ

ဝယ်ရင် ဒီအချိန်မှာဝယ် ၊ ဝယ်ရင် ဒီနေရာမှာဝယ်

CHRISTMAS & HAPPY NEW YEAR

အထူးလျှော့ဈေး နှင့် ပြကွဒိန် လက်ဆောင်

World Health Organization, Country Office for the Republic of the Union of Myanmar announces invitation to bid from qualified and interested parties for procurement of Adverse Events Following Immunization (AEFI) Kits

All interested eligible parties are cordially invited to lodge a submission in accordance with the bidding documents.

1. The documentation related to the bid can be available by any interested parties starting 2 December 2014 at below address:

   World Health Organization
   No. 2, Pyay Road (7 Miles)
   Mayangone Township
   Yangon, Myanmar

2. The Bidding Documents comprise the following
   a. Invitation to Bid
   b. Instruction to Bidders
   c. Bidding Form
   d. Schedule of Requirement
   e. General Conditions for Goods
   f. Special Conditions for Contract

Interested eligible parties shall submit the proposal in response to the bid and in accordance with the specifications set forth in the bidding documents to the above mentioned address no later than 10 December 2014 at 16:00.

For more information, please contact via telephone 95 1 650405~406, 650416, 654386~390, Extension 24216 or e mail: rajank@searo.who.int

သည်းထိတ်ရင်ဖို သွေးစုပ်ဖုတ်ကောင်ဇာတ်ကားကြီး Junction Cinepex တွင် 28.11.2014 မှ စတင်ပြသမည့် ဇာတ်ကားများ

Junction Square (Ph - 01 527055, 09 2544 24544)		
Sifu Vs Vampire	Sun to Thu	10 AM , 1 PM , 4 PM , 7 PM
	Fri & Sat	10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM
Sifu Vs Vampire (Dell Digital Cinema)	Sun to Thu	10 AM , 1 PM , 4 PM , 7 PM
	Fri & Sat	10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM
အောင်မြင်ကျော်ကြား စူးရှထက်မြက်	Sun to Thu	10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM
	Fri & Sat	10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM
Junction Maw Tin (Ph - 01 225 244)		
Sifu Vs Vampire	Sun to Thu	10 AM , 1 PM , 4 PM , 7 PM
	Fri & Sat	10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM
အောင်မြင်ကျော်ကြား စူးရှထက်မြက်	Sun to Thu	10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM
	Fri & Sat	10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM
Junction Nay Pyi Taw (Ph - 067 421 615)		
Left Behind	Mon to Thu	11 AM , 2 PM , 6 . 30 PM
	Fri to Sun	10 . 30 AM , 1 . 30 PM , 4 . 30 PM , 7 . 30 PM

သမီးများအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကံရှေ့ရပ်၊ ရေထွက်ဦးလမ်း၊ အိမ်အမှတ်(၁၈၆)နေ ဒေါ်ရှောက်ကော ၁၃/တကန(နိုင်)၀၆၆၃၂၀ ၏သမီးများဖြစ်သော မမီမီအေး ၁၃/တကန(နိုင်)၁၄၀၁၅၁၁နှင့် မစန်းစန်းအေး ၁၃/တကန(နိုင်)၁၄၀၁၅၂ တို့သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိခင်အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်း၊ ကိုယ်ထိလက်ရောက်ပြုမူခြင်းများပြုလုပ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးများအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **မိခင်ဒေါ်ရှောက်ကော အမှတ် (၁၈၆)၊ ရေထွက်ဦးလမ်း၊ ကံရှေ့ရပ်၊ တောင်ကြီးမြို့**

RUBY ကားစီးလုံးငှားသည် 519100 09-51-77212, 535100
ဧရိုးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)စီးယာဉ်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လေဆိပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ခိုင်ငံတကာဒေသားကစားနှင့် ကြေးကြာ

စီးရီးအေ၊ လာလီဂါပွဲစဉ်နှင့် ဂိုးရလဒ်များ (သီဟ)

အီတလီစီးရီးအေ ပွဲစဉ်(၁၃) ဒီဇင်ဘာ ၂

ဆမ်ဒိုးရီးယား	-	နာပိုလီ	နံနက် ၂း၃၀

စပိန်လာလီဂါ ပွဲစဉ်(၁၃) ဒီဇင်ဘာ ၂

အယ်လ်မာရီးယား	-	ဗယ်လက်ကာနို	နံနက် ၂း၁၅

နိုဝင်ဘာ ၂၉/၃၀ ဂိုးရလဒ်များ

ဘန်လေ	၁-၁	အက်စ်တွန်ဗီလာ
လီဗာပူး	၁-၀	စတုတ်စီးတီး
ကျူပီအာ	၃-၀	လက်စတာ
ဆွမ်ဆီး	၁-၁	ပဲလေ့စ်
ဝက်စ်ဟမ်း	၁-၀	နယူးကာဆယ်
ဆန်းဒါးလန်း	၀-၀	ချယ်လ်ဆီး
ရှော်လ်ကေး	၄-၁	မိန့်ဇ်
လေဗာကူဆင်	၅-၁	ကိုလုံး
အော့စ်ဘတ်	၃-၁	ဟမ်းဘတ်
ဟာသာဘာလင်	၀-၁	ဘိုင်ယန်မြူးနစ်
ဝါဒါဘရီမင်	၄-၀	ပါဒါဘွန်း
ဟော်ဖန်ဟိမ်း	၄-၃	ဟန်နိုဗာ
ဆက်ဆူအိုလို	၂-၁	ဗီရိုနာ
ချီယေဗို	၀-၀	လာဇီယို
ဂီတာဖေး	၁-၂	ဘီလ်ဘာအို
အက်စ်ပန်ညို	၂-၁	လီဗန်တေး
မာလာဂါ	၁-၂	ရီးရဲမက်ဒရစ်
ဆယ်လ်တာဗီဂို	၀-၁	အီဘာ
ပီအက်စ်ဂျီ	၁-၀	နိုက်စ်
ကိန်း	၁-၁	မောင့်ပယ်လီယာ
လန်းစ်	၂-၀	မတ်ဇ်
ရိမ်းစ်	၂-၁	ဘတ်စ်တီယာ
ရန်းနက်စ်	၂-၀	မိုနာကို
တူးလော့စ်	၂-၃	လော်ရီယန့်
ချာလ်တန်	၀-၁	အစ်ဆွစ်
ရိုသာဟမ်	၁-၁	ဘလက်ပူး
ဝက်ဖို့ဒ်	၀-၁	ကာဒစ်
ဘာမင်ဂမ်	၂-၁	နော်တင်ဟမ်
ရှက်ဖီးဝမ်းနက်စ်ဒေး	၂-၁	ဝီဂန်
ဘော်လ်တန်	၁-၀	ဟမ်ဒါဖီးလ်
မစ်ဒယ်ဘရော့	၁-၁	ဘလက်ဘန်း
ဘရိုက်တန်	၁-၂	ဖူလ်ဟမ်
လီဒ်ယူနိုက်တက်	၂-၀	ဒါဘီ
ဘုန်းမောက်	၂-၂	မီဝေါလ်
ဘရန့်ဖို့ဒ်	၄-၀	ဝုလ်ဗာဟမ်တန်
နော့ဝှစ်ချ်	၁-၂	ရီးဒင်း

မန်ယူ သုံးမှတ်အပြည့် ရယူနိုင်ပါ့မလား

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ ဒီဇင်ဘာ ၂ ရက်နဲ့ ၃ ရက်တွေမှာ ပရီမီယာလီဂ်ပွဲစဉ် (၁၄)ကို ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်တွေမှာ မန်ယူဟာ အိမ်ကွင်းမှာ စတုတ်နဲ့ ရင်ဆိုင်ဖို့ရှိနေပြီး အာဆင်နယ်တို့ ဆောက်သမ်တန်နဲ့ ဆုံရဖို့ရှိနေပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးတို့ကလည်း စပါးနဲ့တွေ့ရမှာဖြစ်တာကြောင့် ရလဒ်တွေက စိတ်ဝင်စားစရာထွက်ပေါ်လာမှာ ဖြစ်ပါတယ်။

မန်ယူနှင့် စတုတ်

ပြိုင်ဘက်တွေကို ပွဲကျပ်ဖြစ်အောင်ကစားနိုင်တဲ့ စတုတ်ဟာအခုပွဲမှာမန်ယူရဲ့ အိမ်ကွင်းမှာ သူတို့ရဲ့မာကျောမှုကို ဖော်ထုတ်ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် နိုင်ပွဲတွေပြန်ရနေတဲ့မန်ယူဟာ ရလဒ်ကောင်းဖို့ အပြင်းအထန် အားထုတ်လာမှာမို့ အိမ်ကွင်းမှာ အမှတ်ပြည့်ယူဖို့ကြိုးစားပါလိမ့်မယ်။ စတုတ်နဲ့ဆုံတိုင်း နိုင်ပွဲရအောင်ယူတတ်တဲ့ မန်ယူဟာ ဒီပွဲကိုလူစုံထုတ်ပြီး ဖိအားပေးကစားပါလိမ့်မယ်။

အာဆင်နယ်နှင့် ဆောက်သမ်တန်

အာဆင်နယ်ကို တွန်းအားပေးကစားနိုင်တဲ့ ဆောက်သမ်တန်က အခုပွဲမှာ တန်းစီဇယား ဒုတိယနေရာမှာ ရပ်တည်နေတာကို အပြောင်းအလဲမရှိအောင်ကြိုးစားပါလိမ့်မယ်။ ရှုံးပွဲတွေကြောင့် ဝေဖန်ပြစ်တင်ခံနေရတဲ့ အာဆင်နယ်တို့ကလည်း ဒီပွဲကိုအနိုင်ဆိုတာ သူတို့ပဲဖြစ်တယ်ဆိုတာကိုပြတ်သားအောင် အမာခံကစားသမားတွေ အကုန်ထုတ်ပြီးဖော်ထုတ်မှာ ဖြစ်ပါတယ်။

ချယ်လ်ဆီးနှင့် စပါး

အစဉ်အလာအရတော့ ချယ်လ်ဆီးတို့နိုင်ပွဲရယူနေပါတယ်။ စပါးရဲ့လက်ရှိခြေစွမ်းက ချယ်လ်ဆီးကိုယှဉ်နိုင်ဖို့မလွယ်ပါဘူး။ ဒါ့အပြင်ချယ်လ်ဆီးကွင်းမှာကစားတိုင်း နိုင်ပွဲရလေ့မရှိတဲ့စပါးကို အခုပွဲမှာလည်း ချယ်လ်ဆီးတို့ ရမှတ်အကုန်သိမ်းယူမယ့် ပွဲဖြစ်ပါတယ်။

လက်စတာနှင့် လီဗာပူး

မန်ယူကိုအနိုင်ကစားထားတဲ့ လက်စတာတို့ လီဗာပူးကိုတော့မလွယ်ပါဘူး။ လီဗာပူးရဲ့ခြေစွမ်းလည်း အားရစရာတော့မရှိပေမယ့် ဒီပွဲမှာတော့ အမှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ လီဗာပူးရဲ့ နောက်ဆုံးသုံးပွဲကစားထားတဲ့ရလဒ်က နှစ်ပွဲရှုံး တစ်ပွဲနိုင်ကစားတာမို့ အခုပွဲကနိုင်ပွဲအဖြစ်ပုံပေါ်ပါလိမ့်မယ်။

ဘန်လေနှင့် နယူးကာဆယ်

နိုင်ပွဲတွေဆက်နေတဲ့ ဘန်လေနှင့်ပုံမှန်ခြေစွမ်းရနေတဲ့နယူးကာဆယ်တို့ဆုံတွေ့တဲ့ပွဲမို့ အကြိတ်အနယ်ရှိပါလိမ့်မယ်။ နယူးကာဆယ်ဟာ ဘန်လေကိုနိုင်ပွဲရ အောင်ခြေစွမ်းပြနိုင်နေတာမို့ အိမ်ကွင်းဆိုပေမယ့် ဘန်လေတို့ပွဲအပြီးမှာပျော်ရွှင်မှုတွေ ဆိတ်သုဉ်းသွားနိုင်တဲ့အခြေအနေလည်း ဖြစ်ပေါ်နိုင်ပါတယ်။

မန်ယူဂိုးပြတ်နိုင်၊ ချယ်လ်ဆီးသရေ

ကောင်းမြတ်သူ-စုစည်းသည်

ပရီမီယာလီဂ်ပွဲစဉ် ၁၃ အဖြစ် မန်ယူနှင့် ဟားလ်စီးတီးတို့ နိုဝင်ဘာ ၂၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ မန်ယူက သုံးဂိုးပြတ်ဖြင့်နိုင်ခဲ့သည်။ ယင်းပွဲတွင် စမောလင်း၊ ရွန်းနေနှင့် ဗန်ပါစီတို့က သွင်းယူခဲ့သည်။ ရာသီအစ ခြေစွမ်းမပြနိုင်သောဗန်ပါစီအား မေးခွန်းထုတ်စရာဖြစ်နေပြီး ယင်းပွဲတွင် အနိုင်ဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် သက်သာရာရရှိသွားခဲ့သည်။ ရွန်းနေက ငါးပွဲတွင် ခုနစ်ဂိုးမြောက်အဖြစ် သွင်းယူခဲ့သည်။

ဆန်းဒါးလန်းအသင်းသည် ချယ်လ်ဆီးကို ဂိုးမရှိ သရေကစားနိုင်ခဲ့သည့်အတွက် ချယ်လ်ဆီး၏ ဆက်တိုက်အနိုင်ရမှုကို အဆုံးသတ်နိုင်သည့် အသင်းဖြစ်လာသည်။ သို့သော် ချယ်လ်ဆီးအသင်းသည် ၁၃ ပွဲဆက်တိုက်ရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့သည်။ လီဗာပူးအသင်းနှင့်စတုတ်တို့ပွဲတွင် ဂလင်းဂျန်ဆင်က နောက်ကျဂိုးတစ်ဂိုးသွင်းပေးနိုင်ခဲ့သည့်အတွက် ရှုံးပွဲဆက်တိုက်ရှုံးနိမ့်မှုကို အဆုံးသတ်ခဲ့သည်။

တိုင်စန်ဖူရီ ဥရောပချန်ပီယံဖြစ်လာ

တိုင်စန်ဖူရီက ဒဲရစ်ခ်ျဆိုဒါအား လန်ဒန်မြို့ အိတ်ဇဲလ်အားကစားရုံ၌ ၁၀ ချီဖြင့် အလဲထိုးကာ ပြိုတိသျှနှင့် ဥရောပ ဟဲဗီးဝိတ်ချန်ပီယံခါးပတ်များ ရယူသွားခဲ့သည်။

မန်ချက်စတာမြို့သား ဖူရီသည် ယင်းပွဲအနိုင်ရလိုက်သဖြင့် WBAနှင့် IBF နှင့် WBOဟဲဗီးဝိတ်ချန်ပီယံ ဝလာဒီမီယာကလစ်စကိုအား စိန်ခေါ်လိုက်သည်။ ဥရောပချန်ပီယံဖြစ်လာသော တိုင်စန်ဖူရီအနေဖြင့် ကလစ်စကိုအား အနိုင်ယူကာ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံခါးပတ်များကို သိမ်းပိုက်ရန် ပစ်မှတ်ထားလျက်ရှိသည်။

ခရီးသည် (၅) ဦးနှင့်အထက် စာရင်းသွင်းခြင်းဖြင့် Discount များရယူခံစားနိုင်ပါပြီ။
ဗိတ်ဘေးချမ်းသာစွာ အာပန်းဖြေရင်း ဒေသန္တရပတ္တသုတ ရှာဖွေနိုင်မည့် ခရီးစဉ်များ
FIRST CHOICE Travel & Tour
FIRST CHOICE travel and tour
မန်ကောက်၊ ပတ္တရား (၄ ည ၅ ရက်) Dec 25-29
ဖုန်းခက် (၃ ည ၄ ရက်)
စက်ဘူ (၃ ည ၄ ရက်)
လာဘို (၅ ည ၆ ရက်)
ဗီယက်နမ် (၅ ည ၆ ရက်)
ကွမ်ကျိုး၊ဟောင်ကောင်၊မကာအို (၇ ည ၈ ရက်)
ကမ္ဘောဒီးယား (၄ ည ၅ ရက်)
ကိုရီးယား (၇ ည ၈ ရက်)
ဂျပန် (၈ ည ၉ ရက်)
Hotline No. 09421069966
ကုမ္ပဏီများ၊ မိသားစုများ၊ အသင်းအဖွဲ့များအတွက် သီးသန့်ခရီးစဉ်များကိုလည်း
စိတ်တိုင်းကျစီစဉ်ဆောင်ရွက်ပေးနေပါပြီ။
အမှတ်၆၆/၆၀(စီ-၄) အင်းစိန်လမ်းမ စံကိုယ်ပြိမ်အနီး ကဟရွတ်ပြိုနယ် ရန်ကုန်မြို့ ☐ 09 421069966 • 09 73059081

UNIQUE STAR TRAVELS
ဗန်ကောက် (6)D [Dream / Safari World, Tiger Zoo, Nong Nooch Garden
Koh Lam Island, Emerald Buddha ,Byoke Sky / Cruise Dinner, Ayutthaya
Alcaza Show] Dec: 6,13,20,27/Jan: 3,10,17,24,31/ Feb: 7,14 (300,000)
ကူမင်း၊သလီ၊လိကျန်း၊ရှန်ဂရီလာ (6)D Dec:13,27/Jan:10 (400,000)
ဥရောပ(10) နိုင်ငံ ကိုရီးယား ဂျပန် ဗုဒ္ဓဂါယာ
ညြစတြေးလျ တောင်အာဖရိက ပီကင်း ဟောင်ကောင်
အမေရိကား စက်ဘူ၊မလေး မော်လဒိုက် ဖူးခက်/ဘာလီ
(70/A), Kabaaye Pagoda Rd, Bahan Tsp. Ph:860 4964 , 860 4965
,860 4966,708353, 705723, 09 73109133-44-55-66,09514 8079
UNIQUE TRAVELS & TOURS CO.,LTD.
တောင်ကြီး Dec:24 (165,000)
ပုဂံ၊မန္တလေး Dec:24 (165,000)
ချောင်းသာ Daily (75,000)
Dec: 24 (Hotel Max) (80,000)
ငွေဆောင် Daily (80,000)
ငပလီ Daily (280,000)
(Merciel Hotel & Resort)

၂၀၁၃ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအတွက် Sponsor များခေါ်ယူခြင်း

၂၀၁၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက် MYANMAR EVENT PARK တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ပါ၍ Main Sponsor နှင့် Co-Sponsor အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လိုသူများ အနေနှင့် အသေးစိတ်ဆွေးနွေးနိုင်ပါရန် ၅-၁၂-၂၀၁၄ရက်(သောကြာနေ့) နံနက် ၉း၃၀နာရီတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမသို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

မင်္ဂလာညီခံပွဲကျေးဇူးတင်လွှာ

၂၂-၁၁-၂၀၁၄ရက်တွင် မမ္မဒူတဧရောဝန်တောရ ဆောကိန္နာရာမကျောင်းတိုက်ကြီး၌ ကျင်းပခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားတွင် မင်္ဂလာဦးအဆုံးအမတရားတော်ကို ဟောကြားချီးမြှင့်ပေးတော်မူခဲ့ပါသော ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္နအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ဦးကျော်မိုးနိုင်၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြပါသော ဗိုလ်မှူးကြီးချိုသန်းမောင်(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)နှင့် ဇနီးဒေါက်တာဒေါ်တင်နွယ်ဝေ၊ ဦးဝင်းတင့် [ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း] နှင့် ဇနီးဒေါ်ခိုင်နွယ်ထူးတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ Silk & Style ၊ မေတ္တာဖြင့် ပန်းအလှဆင်ပေးပါသော အန်တီဒေါ်ခိုင်နွယ်ထူး၊ မေတ္တာဖြင့် အချိုပွဲကူညီပေးပါသော အန်တီဒေါ်ပွင့်မာခိုင် (ရွှေပုဇွန်အအေးနှင့်ကိတ်)၊ စားသောက်ဖွယ်ရာများ တည်ခင်းဧည့်ခံပေးပါသော ဓမ္မဒူတဝေယျာဝေစ္စအဖွဲ့နှင့် ဓမ္မဒူတမောင်မယ်များအားလည်းကောင်း၊ ၂၉-၁၁-၂၀၁၄ရက် Royal Garden Restaurant ၌ ကျင်းပခဲ့သော မင်္ဂလာညစာစားပွဲတွင် မင်္ဂလာအခမ်းအနားမှူး မဖြိုးဖြိုးခိုင်၊ မင်္ဂလာဝတ်စုံ Designer ကိုကောင်းမြတ်၊ ပန်းအလှဆင် Eternal Floral ၊ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပေးပါသော Royal Garden Restaurant မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲများအတွက် မိတ်ကပ်ဆံပင် ညီညီမောင် (စမ်းချောင်း)၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပါသော ကိုကျော်ရွှေမင်း (Dior Photo Studio) ၊ မင်္ဂလာဖိတ်စာ Viriya၊ အစစအရာရာ ဝိုင်းဝန်းကူညီပေးကြပါသော မိတ်ဆွေသူငယ်ချင်းများ၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြပါသော လူကြီးမင်းများနှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ကားရပ်နားရာနေရာနှင့် ထိုင်ခုံနေရာအခက်အခဲများ လိုအပ်ချက်တစ်စုံတစ်ရာရှိခဲ့ပါက နားလည်ပေးကြပါရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
မင်းဝဏ္ဏ-ခိုင်လွင်လွင်ကျော်

အဝေရာ အမှတ်တံဆိပ်
ဘဏ္ဍာကိုယ် အပူပြင်းသူများအတွက် အဝေရာ
အပူပြင်းလျှော့ဆေး
ဆိုင်တိုင်းဟာငေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR -004038 (0914)
ပင်ရင်း - အဝေရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀) ၊ ဆောင်လုပ်လမ်း၊ ပုသိမ်မြို့ ဖုန်း ၀၄၂-၂၄၃၃၃၂
တိုင်းရင်းဆေးပညာဦးစီးဌာန ကြော်ငြာခွင့်ပြုချက် ဘဆဝက (စာနယ်ဇင်း) ၀၃၄/၀၇၁၄


CNC JACKET
POCKET MAP
Detachable Hood
Clear Touch inner Pocket (for 2 mobiles)
Eyeglass Pocket
Digital Camera Pocket
Extendable Key Holder & Water Bottle Loop
Hidden Wire Holder
Personal Area Network
Wire Holding Loop x4
NoBulge Pocket Design
Pen Pocket x2
Travel Documents Pocket
i-Pad Pocket
INTERIOR VIEW
www.cncmenwear.com
www.facebook.com/cnc1999
Men's Wear
Environment Friendly

ပြည်တွင်းသတင်းနှင့် ကြေငြာ

မြန်မာနိုင်ငံဆရာဝန်အသင်း၏ အရေးပေါ်လူနာအသက်ကယ်တင်ကုသပို့ဆောင်ရေးလုပ်ငန်း

Dr. တင်ဇော်မောင်(ဆေး-၁)

ငယ်စဉ်က အောင်ဆန်းကွင်းဘောလုံးပွဲ သွားကြည့်တဲ့အခါ ဘောလုံး သမားတွေ ထိခိုက်ဒဏ်ရာ ရရင် ကွင်းထဲကို ပြေးပြေးဝင်လာတဲ့ ကာကီယူနီဖောင်းနဲ့ ကြက်ခြေနီ သူနာပြုတွေကို ပရိသတ်က "စိန်ဂျွန်း-စိန်ဂျွန်း" လို့ ဝိုင်းအော်ကြတော့ ကိုယ်ကလည်း ဘာမှန်းမသိသူများ အော်သလို လိုက်အော်တာပေါ့။

ဆရာဝန်ဖြစ်လာတဲ့အခါ နယ်စုံရောက်ခဲ့ပြီးတော့ ရန်ကုန်ဆေးရုံကြီးမှာ အမှုထမ်းခဲ့တာ ၁၃ နှစ်ကြာတာတောင် အရေးပေါ်လူနာတင်ကားနဲ့ လူနာတင်လာတာ တစ်ခါမျှမတွေ့ဖူးဘူး။ လေးဘီးကား၊ သုံးဘီးကားတွေနဲ့ပဲများပါတယ်။ ၁၉၈၀ ဝန်းကျင်ကပါ။

မလေးရှားမှာ တာဝန်သွားထမ်းဆောင်တော့ လူနာတင်ယာဉ်သုံးတာစတွေ့ဖူးပြီး ရင်းနှီးလာတယ်။ သူတို့တွေက ဆေးရုံမှာ အရေးပေါ်လေ့ကျင့်မှု (EMERGENCY DRILLS) တွေ ခဏခဏလုပ်တာ Ambulance တွေ တော်တော်သုံးတယ်။ လူနာတင်ယာဉ်တွေရဲ့ အရေးပါပုံကို ပိုပြီးသိလာရတယ်။

အင်္ဂလန်မှာ သွားအလုပ်လုပ်တော့ Ambulance ကားတွေ အသုံးဝင်ပုံ မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရတယ်။ Ambulance တွေ ပဲသုံးကြတယ်။ လူနာပါရင် မီးနီမရှောင် ခပ်ကြမ်းကြမ်းမောင်းကြတယ်။ ကားတွေကလဲ ဒီမှာလိုပလက် ဖောင်းတွေမမြင့် တော့ဘောကို ရှောင်ရတာလွယ်တယ်။

သူတို့စနစ်က အမျိုးစုံပဲ၊ ကားကျပ်ရင် တစ်ခါတလေ မော်တော်ဆိုင်ကယ်နဲ့ အရင်လူနာဆီသွားတယ်။ လူနာများရင် ဟယ်လီကော်ပတာသုံးတယ်။ AIR RESCUE ပေါ့။ လူ့အသက်ကို သိပ်တန်ဖိုးထားပါတယ်။

ကမ္ဘာမှာ ပထမဆုံးလူနာတင်မြင်းဆွဲ ယာဉ် ကို NAPOLEON ARMY OF THE RHINE ပြင်သစ် ဧကရာဇ် နပိုလီယံစစ်တပ်က ၁၇၉၃ မှာ စတင် သုံးစွဲတယ်။ ၁၈၈၇ မှာ ST. JOHN Ambulance စတင်ဖွဲ့စည်းပါတယ်။ ချီကာဂိုမြို့တပထမဆုံး လူနာတင် ယာဉ်ကို စတင်သုံးစွဲခဲ့ပါတယ်။

အရေးပေါ်တင် ယာဉ်လုပ်ငန်းကို အစိုးရရဲနဲ့မီးသတ်၊ ဆန္ဒအလျောက်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ အဖွဲ့အစည်းတွေ၊ ဆေးရုံတွေ၊ ဆင်းရဲချို့တဲ့သူ ကူညီရန်အဖွဲ့စည်းတွေ ကိုယ်ပိုင်ကုမ္ဏီတွေက လုပ်ဆောင်နိုင်ကြပါတယ်။

မြန်မာနိုင်ငံတွင်လည်း ကိုကျော်သူတို့အဖွဲ့အစည်းမှာ အောင်မြင်စွာ လုပ်ကိုင် ဆောင်ရွက်နေကြပါတယ်။

အရေးပေါ်လူနာ အသက်ကယ်တင်ပို့ဆောင်ရေးလုပ်ငန်းဟာ အထူးလိုအပ်လာတဲ့အလျောက် မြန်မာနိုင်ငံဆရာဝန်အသင်းရဲ့ ဦးဆောင်မှုဖြင့် ဖွဲ့စည်းဖို့ဆုံးဖြတ်ခဲ့ကြပါတယ်။ ရန်ကုန်ဆေးရုံကြီးကို ရောက်ရှိလာတဲ့ အရေး ပေါ်လူနာ ၁၀၀ မှာ ၃၀ ဟာ proper transport မဟုတ်တာကြောင့် မသေသင့်ဘဲ သေဆုံးကြရှာတယ်။ ဒီကိန်းဂဏန်းဟာ ကြောက်ခမန်း လိလိပါပဲ။ ရန်ကုန်ဆေးရုံကြီးကို တက်ရောက်လာတဲ့လူနာ ၂ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းသာ အရေးပေါ်တင်ယာဉ် သုံးနိုင်ကြပြီး ကျန်တာက နီးစပ်ရာတက္ကစီ၊ ဆိုက်ကား၊ ကိုယ်ပိုင်ကားစတာတွေနဲ့ ရောက်လာကြောင်းတွေ့ရပါတယ်။

EAS ကို ဆရာဝန်အသင်းရဲ့ ဦးဆောင်မှုနဲ့ ဖွဲ့စည်းခဲ့သော်လည်း လွတ်လပ်တဲ့ ဖောင်ဒေးရှင်းအဖြစ် ဖွဲ့စည်းဖို့ သဘောတူသည့်အလျောက် ဖွဲ့စည်းခဲ့ပြီး ဆရာဝန်တွေတင် မဟုတ်ဘဲ အငြိမ်းစား ရဲ၊ မီးသတ်၊ လူမှုဖူလုံရေးအရာရှိကြီးတွေ၊ လေကြောင်းလိုင်းဥက္ကဋ္ဌတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနှင့် ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းခဲ့ပါတယ်၊ ပြည်ထဲရေးဌာနမှာ တရားဝင်မှတ်ပုံတင်ခဲ့ပါတယ်။

ရန်ကုန် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါလူနာများကို အခမဲ့ လူမျိုးဘာသာမရွေး ကူညီပို့ဆောင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ၁။ ထိခိုက်ဒဏ်ရာရလူနာများ (ROAD TRAFFIC ACCIDENTS) ၂။ သဘာဝနှင့် လူလုပ်ဘေးအန္တရာယ်များ (NATURAL AND MAN MADE DISASTERS) ၃။ ဆေးရုံတက်ရန် လိုသော လူနာများ(ကလေး+လူကြီး) အားလုံး အကျုံးဝင်ပါတယ်။

၂၀၁၂ အောက်တိုဘာလဆန်းမှာ စတင် လုပ်ငန်းလည်ပတ်ရန် ဆုံးဖြတ်ပြီး အဲဒီ မတိုင်ခင် SEDONA HOTEL မှာ ဖွင့်ပွဲကျင်းပခဲ့ပါတယ်။ အလှူရှင်များဆီက အလှူငွေလက်ခံပါတယ်။ ထိပ်ဆုံးကတော့ ရောဝတီ (AYAR-WADDY FOUNDATION) ဖောင်ဒေးရှင်းက ဦးဇော်ဇော်ပါ။ AMBULANCE သုံးစီး လှူဒါန်းပါတယ်။ ဒီနေရာကနေ အခွင့်အခါသင့်တုန်း အားလုံးကို EAS ကိုယ်စား သာဓုခေါ်ပါတယ်။

သတ်မှတ်ချိန်အတွင်း စတင်လှုပ်ရှားနိုင်အောင် ဝန်ထမ်းတွေဖွဲ့စည်း လေ့ကျင့်ရပါတယ်။ ဆရာဝန်ခြောက်ဦးနဲ့ တပ်မတော်ဆေးတပ်ကခွဲခန်းအတွေ့အကြုံရှိတဲ့ ဆေးလက်ထောက်တွေကို paramedic အနေနဲ့ဖွဲ့စည်းခဲ့ပါတယ်။ ဝန်ထမ်း ၂၀ နဲ့ စပါတယ်။ မြန်မာပြည်မှာ တရားဝင် paramedic မရှိပါဘူး။

အစပထမတော့ အခက်အခဲတွေရှိခဲ့ပါတယ်။ ကားလမ်းကျပ်တာတို့ ကန်ထရိုက်တိုက်ကျဉ်းကျဉ်းလေးမှာ အဆင်းအတက် လုပ်ရတာတို့၊ တစ်ခါတုန်းက လူနာတစ်ဦး တိုက်အောက်ချမရလို့ ကုန်းပိုးချပေးခဲ့ရပါတယ်။ ဆေးရုံကို အချိန်မီပို့နိုင်အောင် လည်းကြိုးစားရပါတယ်။ ဆရာဝန်နှစ်ဦး၊ သုံးဦးတစ်ပြိုင်နက် ပြောနိုင်တဲ့ ရေဒီယိုများ TWO WAY RADIOS မရှိတာမို့ ဆက်သွယ်ရေးပိုင်းမှာ အားနည်းခဲ့ပါတယ်။

ကားတိုင်းမှာ နှလုံးနှိုးစက် (DEFIBRILLATOR) အပါအဝင် ပစ္စည်းအပြည့်အစုံ ထားပေးထားတယ်။ ကားတိုင်းမှာ ဆရာဝန်တစ်ဦး၊ paramedic တစ်ဦး၊ ယာဉ်မောင်းတစ်ဦး စုစုပေါင်းသုံးဦးနဲ့ လူနာများကို အခင်းဖြစ်နေရာမှာလည်း ကုသတယ်။ ကားထဲမှာလည်းဆက်ကုတယ်။ သင့်တော်ရာ ဆေးရုံကိုအမြန်ဆုံး အရောက်ပို့တယ်။ ပို့ဆောင်ရေး သက်သက်မဟုတ်တော့ပါ။ မသေသင့်တဲ့ လူနာတွေ မသေတော့ဘူးပေါ့။ လူနာများနှင့် ပတ်ဝန်းကျင်လူများ ဆက်သွယ်မှု လွယ်ကူစေရန် HOT LINE 1830 ကိုလည်း ထားရှိပေးခဲ့ပါတယ်။

ဒါ့အပြင် အမှုထမ်းတဲ့ ဆရာဝန်လေးတွေကို စင်ကာပူနိုင်ငံ SGH မှ BCLS-ACLS၊ IHLS စတဲ့ အဆင့်မြင့် အရေးပေါ်သင်တန်းတွေ စေလွှတ်ခဲ့ပါတယ်။ စာတွေ့နဲ့ လက်တွေ့ပေါင်းစပ်ပြီး အတွေ့အကြုံ တိုးပွားစေခဲ့ပါတယ်။ နောက်ပိုင်း လေကြောင်းလိုင်းတွေဖြစ်တဲ့ AIR BAGAN.AIR KBZ. ASIA WINGS အစရှိတဲ့ လိုင်းတွေက လေယာဉ်မောင်မယ်တွေ မြေပြင်ဝန်ထမ်းတွေကို သင်တန်းပို့ချပေးခဲ့ပါတယ်။ AGD ဘဏ်ဝန်ထမ်းတွေလည်း ပါဝင်ပါတယ်။

ထူးခြားဖြစ်စဉ်ကတော့ ၂၀၁၂ ခုနှစ်ကုန်လောက်မှာ AIR BAGAN လေယာဉ်တစ်စင်း ဟဲဟိုးမှာ ပျက်ကျခဲ့ပါတယ်။ အားလုံးနီးပါး နိုင်ငံခြားသားတွေပါ။ ရှမ်းပြည်ကနေ ရန်ကုန်ခေါ်လာဖို့ဖြစ်တော့ လေဆိပ်မှာ ကြိုပို့ အကူအညီတောင်းလို့ ဆေးဝါးအပြည့်အစုံ၊ ဆရာဝန်အပြည့်အစုံ၊ လူနာတင်ယာဉ် သုံးစီးလွှတ်ခဲ့ပါတယ်။ တခြားဌာနတွေမှ ကားတွေက သစ်လွင်သော်လည်း ဒရိုင်ဘာနဲ့ အောက်ဆီဂျင်ပဲ ပါပါတယ်။ ဒါကိုသိသွားတဲ့ နိုင်ငံခြားသားတွေက ဆရာဝန်အသင်းက ကားကိုပဲအလုအယက် စီးခဲ့တယ် ဆိုတာ သိခဲ့ရပါတယ်။

မနှစ်က အရှေ့တောင်အာရှ ဘောလုံးပွဲမှာ သုဝဏ္ဏကွင်းထဲမှာ ညဥ့်သန်းခေါင်ယံအထိ အမှုထမ်းခဲ့ကြပါတယ်။

ဒီနေ့အထိ EAS ဟာ နှစ်နှစ်အတွင်း လူနာ ၁၅၀၀ လောက်ကို အခမဲ့သက်ဆိုင်ရာ ဆေးရုံများသို့ ပို့ဆောင်ပေးပြီး ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်အောင်လည်း အကူအညီ မှန်မှန်ပေးကြတဲ့ ရောဝတီ ဖောင်ဒေးရှင်း၊ AGD ဘဏ်၊ KBZ ဘဏ်၊ ရွှေပုစွန် နှင့် အခြားသော အလှူ ရှင်များကို ဒီနေရာမှ EAS ကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း ပြော ကြားလိုက်ပါတယ်။

ရွှေသာလျောင်းစေတီမြတ်ကြီးပြုပြင်ရေး ကုသိုလ်ပြုပါဝင်လှူဒါန်းနိုင်ရန်နှိုးဆော်လွှာ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ထိပ်ရှိ ပုဂံပြည့်ရှင်အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ရွှေသာလျောင်းစေတီတော်မြတ်ကြီးအား အများစုပေါင်းကောင်းမှုဖြင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်သွားမည်ဖြစ်သည်။သို့ဖြစ်ပါ၍ ကုသိုလ်ရှင်များအနေဖြင့် မိမိတို့ တတ်စွမ်းသမျှ ပါဝင်ကုသိုလ်ပြုလှူဒါန်းကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက

ဦးမောင်လေး (ဂေါပက ဥက္ကဋ္ဌ)	**ဖုန်း-၀၉-၂၀၁၀၁၅**
ဦးအောင်ရွှေ (ဒု-ဥက္ကဋ္ဌ)	**ဖုန်း-၀၉-၂၀၀၇၅၇၀**
ဦးကျော်ထူး (အတွင်းရေးမှူး)	**ဖုန်း-၀၉-၅၁၂၄၂၄၁**
ဂေါပကအဖွဲ့ရုံး	**ဖုန်း-၀၆၆-၅၀၁၀၂**

(၆၃)နှစ်မြောက်ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၆၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၉ ရက်အထိ ၁၀ရက်တိုင်တိုင် လျှိုင်ကော်မြို့၊ ကန္ဒရာတီပွဲတော်ကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

ကယားပြည်နယ်နေ့ပွဲတော်တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲများ၊ နိုင်ငံကျော်အနုပညာရှင်များစွာပါဝင်သည့် စတိတ်ရှိုးပွဲ၊ အငြိမ့်ပွဲ၊ ဇာတ်သာဝင်ပွဲများ၊ နောင်ယားကန်အတွင်း လေလှော်ပြိုင်ပွဲ၊ တာဝေးစက်ဘီးစီးပြိုင်ပွဲ၊ မာရသွန်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲနှင့် အခြားအားကစားနည်းမျိုးစုံ ပြိုင်ပွဲများထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

ပွဲတော်ကာလအတွင်း ရောင်းချမည့်ဈေးဆိုင်ခန်းလျှောက်လွှာများကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၉ရက်မှ ဒီဇင်ဘာ ၂၇ရက်အထိ ရောင်းချပေးမည်ဖြစ်ရာ ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချလိုသူများအနေဖြင့် ကယားပြည်နယ်နေ့ပွဲတော်ကျင်းပရေး၊ ဆိုင်ခန်းများနေရာချထားရေး ဆပ်ကော်မတီ ဖုန်း-၀၉-၄၂၈၀၀၂၉၇၁၊ ၀၈၃-၂၂၉၄၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကယားပြည်နယ်နေ့အခမ်းအနားကျင်းပရေးဆပ်ကော်မတီ

အထက(၄) စစ်တွေ မြတ်ဆရာပူဇော်ပွဲ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အထက(၄)၏ နဝမအကြိမ်မြောက် သက်ပြည့် အင်ဗြိမ်းစား ဆရာ၊ ဆရာမများ မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနေ့)တွင် မဟာပညာကျော်ကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်

ဂါရဝဝေနှင့် ဌေဒေသာပင်များကို ဒေါက်တာလတ်လတ်ထွန်း ဖုန်း-၀၉-၈၅၀၀၁၆၄၊ ဒေါက်တာခင်အေးနု ဖုန်း-၀၉-၈၅၆၈၀၃၃၀၊ ဒေါက်တာအောင်ဇော်ညွှန့် ဖုန်း-၀၉-၈၅၀၀၅၇၂၂၊ ဒေါ်စောမူ ဖုန်း-၀၉-၄၂၁၇၄၁၀၈၊ ဒေါ်ခင်မြနု ဖုန်း-၀၉-၅၀၂၄၃၄၅၅၊ ဒေါ်မြသီတာ ဖုန်း-၀၉-၈၅၀၁၈၈၉၉၊ ကိုအောင်ကျော်ဇံ ဖုန်း-၀၉-၅၆၈၀၄၅၀၊ ကိုအောင်ကျော်ညွှန့် ဖုန်း-၀၉-၂၅၄၀၃၃၀၄၉၊ ကိုကျော်သူဝင်း ဖုန်း-၀၉-၅၀၅၂၁၅၉၄နှင့် ကိုကျော်စောဝင်း ဖုန်း-၀၉-၄၉၆၁၀၅၂၀တို့သို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဖိတ်စာဖြင့် သီးသန့်တစ်ဦးချင်းဖိတ်ကြားခြင်းမဟုတ်သဖြင့် ကျောင်းသားကျောင်းသူအားလုံး မည်သည့်ခုနှစ်မဆို စုံစုံညီညီ တက်ရောက်လာကြပါရန် အနှုံးအညွှတ်မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၁ယ/၅၂၆၇၁ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ထွန်းအောင် ၈/ဓမန(နိုင်)၀၉၉၈၇၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကည်နု၊ ခရိုင်ရုံး(တာချီလက်)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၇၄၀၃၂ ယာဉ်လက်ဝယ်ရှိသူ ဦးလားလင်ဗျက်လောမ်၅/ကလထ(နိုင်)၀၇၈၃၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကည်နု၊ ခရိုင်ရုံး၊ ကလေးမြို့**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၄၂၁၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကည်နု၊ ခရိုင်ရုံး၊ လျှိုင်လင်

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၄ယ/၇၅ဖြ၉၄ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းသန်းထွေး ၁၃/တကန(နိုင်)၁၈၇၂၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကည်နု၊ တောင်ကြီး**

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၁)၊ နဝမတန်း (G)မှ မနှင်းရွှေညစိုးအား ယနေ့မှစ၍ မရတီဦးဟု ပြောင်းလဲခေါ်ပါရန်။

မရတီဦး

အမည်ပြောင်း

တောင်ကြီးမြို့၊ မြို့မရပ်၊ တူးမြောင်းလမ်း၊ အမှတ် ၃၁၉ နေ မနှင်းရွှေစင်စိုး ၁၃/တကန(နိုင်)၃၀၅ဖြ၉ အား မကလျာစိုးဟု ပြောင်းလဲခေါ်ပါရန်။

မကလျာစိုး

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ထောက်ရှာတန်းရှာက အပြီးပန်းများ

■ ကျော်သူထက်

မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာထင်ရှားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အုပ်ချုပ်ရေးကဏ္ဍများကို ကြိုးပမ်းဆောင်ရွက်ရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် နိုင်ငံသားအားလုံးစာတတ်မြောက်ရေးနှင့် ပညာရည်မြင့်မားရေးသည် အရေးကြီးသော လိုအပ်ချက်ဖြစ်သည်။

ပညာရေးကဏ္ဍတိုးတက်မြင့်မားစေရန် ယခုအစိုးရသစ်လက်ထက်တွင် ပညာရေးကဏ္ဍ၌ ဘတ်ဂျက်များကို ပိုမိုသုံးစွဲပြီး ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ပညာရေးဝန်ထမ်းများခန့်အပ်ခြင်းနှင့် ဝန်ထမ်းများ၏အရည်အသွေးမြင့်မားရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။ ထို့ပြင် ကျောင်းနေအရွယ်ကလေးငယ်တိုင်း အေးအေးချမ်းချမ်း စာသင်ကြားနိုင်စေရန် မူလတန်းနှင့်အလယ်တန်းပညာသင်ကြားရေးကို အခမဲ့သင်ကြားနိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ပညာရည်မြင့်မားရေးအတွက် လိုအပ်လျက်ရှိသည့် အခြေခံအဆောက်အုံများကို အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အလျှုရှင်များ၊ မိဘ၊ ဆရာ၊ ကျောင်းသားများပူးပေါင်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာ ၂၆ ရက်က မကွေးတိုင်း ဒေသကြီး မြို့သစ်မြို့နယ် ထောက်ရှာတန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက် ငွေကျပ်သိန်းပေါင်း ၁၄၀၀ ကျော်အကုန်အကျခံ တည်ဆောက်ထားသော အလျား ပေ ၄၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၆ ပေရှိ ပညာရောင်ခြည်ကျောင်းဆောင်သစ်ကို နိုင်ငံတော် မဟာကမ္မဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ ဓမ္မရံသီဆရာတော် ဘဒ္ဒန္တသုနန္ဒက ပညာရေးဝန်ကြီးဌာန အခြေခံဦးစီးဌာနသို့ ပေးအပ်လျှောဒါန်းခဲ့သည်။

ပညာရောင်ခြည်ကျောင်းဆောင်သစ်ရရှိလာ၍ ထောက်ရှာတန်းကျေးရွာအုပ်စုရှိ ကျောင်းသားကျောင်းသူများ ကျယ်ကျယ်ဝန်းဝန်းနှင့် အေးချမ်းစွာ ပညာသင်ကြားနိုင်တော့မည့်အပေါ် ဝမ်းသာပီတိဖြစ်နေကြပါသည်။

အလျှုရှင် ဓမ္မရံသီဆရာတော် ဘဒ္ဒန္တသုနန္ဒက ကလေးတွေ အခြေခံပညာအလယ်တန်းကျောင်းပြီးရင် မိဘတွေက မထောက်ပံ့နိုင်တော့တဲ့အတွက် မူလတန်း၊ အလယ်တန်းကျောင်းလောက်နဲ့ပဲ ရပ်တန့်သွားတာတွေ့ရတယ်။ တကယ်တန်ဖိုးရှိတဲ့ လူသားအရင်းအမြစ်တွေဟာ သူတို့စွမ်းအားရှိသလောက် အသုံးချခွင့်မရကြပါဘူး။ ဒါကြောင့်မို့ ဒီနယ်က ကလေးတွေ အခြေခံပညာအထက်တန်းအဆင့်ထိတိုးမြှင့်ပြီး ပညာသင်ကြားနိုင်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ပေးခဲ့တာပါ။

ဒီပတ်ဝန်းကျင်မှာက မူလတန်းနဲ့ အလယ်တန်းပဲရှိပါတယ်။ အထက်တန်းမရှိသေးတဲ့ အခါကျတော့ မြို့သစ်၊ တောင်တွင်းကြီး၊ မကွေး အဲ့ဒီလိုလိုက်ပြီး ထားရတဲ့အခါ မိဘတွေက ပံ့ပိုးနိုင်တဲ့အင်အားနည်းတာပေါ့။ ဒီမှာ အထက်တန်းကျောင်းကြီး ဖွင့်လိုက်တာနဲ့တစ်ပြိုင်နက် ရွာပေါင်း ၂၀ ကျော်က ကလေး ၃၀၀ ကျော်ဟာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို နှစ်စဉ်မပြတ်ဖြေကြား သင်ကြားခွင့်၊ အထက်တန်းပညာကို ကလေး ၃၀၀ လောက်က အနည်းဆုံး သင်ကြားခွင့်ရသွားလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကိုရည်မှန်းပြီး တည်ဆောက်ရတာဖြစ်ပါတယ်”ဟု ဆိုသည်။

ယခုကဲ့သို့ နိုင်ငံတော်၏ အနာဂတ်ကိုမျှော်မှန်းပြီး နိုင်ငံတော်အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ နားလည်မှုရှိရှိဖြင့် သူ့တာဝန်၊ ကိုယ့်တာဝန် မခွဲခြားဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို တူညီသည့်ရည်မှန်းချက်၊ ဖြူစင်သည့်စေတနာများဖြင့် ပြိုင်တူတွန်းနေပြီ ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍသည် တစ်မျိုးသားလုံး၏ မျှော်မှန်းချက်ပန်းတိုင်ဆီသို့ အချိန်ကောင်းကောင်းဖြင့် ရွှေ့လျားလျက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည့် ကျောင်းသားလူငယ်များ၏ အနာဂတ်သည် လင်းလက်တောက်ပလျက်ရှိနေပေသည်။ ။

နမီးချောင်းကို ဖြတ်သန်းဆောက်လုပ်ထားသည့် မင်းဇေယျာသီရိတံတားကြီးကြောင့် ဒေသခံတို့ အဆင်ပြေ

အင်းတော် နိုဝင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မင်းကုန်းကျေးရွာအနီးတွင်ရှိသော နမီးချောင်းကို ပေါင်းကူးဆောက်လုပ်ထားသည့် ရွာချင်းဆက် မင်းဇေယျာသီရိတံတားကြီးကြောင့် ဒေသခံတို့လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေမှုရှိကြောင်း သိရသည်။

အဆိုပါ မင်းဇေယျာသီရိတံတားကြီးကို ၂၂-၂-၂၀၁၃ ရက်နေ့တွင် ပန္နက်ချခဲ့ပြီး ၂၈-၂-၂၀၁၃ ရက်နေ့တွင် တိုင်ထူကာ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါတံတားကြီးသည်အလျား ၄၂၁ပေ၊ အကျယ် ၁၅ ပေ ၆လက်မရှိပြီး အမြင့်မှာ ၂၁ ပေရှိသည်။

“ကျွန်တော်တို့ ဒေသမှာရှိတဲ့ နမီးချောင်းဟာ မိုးတွင်းမှာတော့ နှစ်စဉ်ဆိုသလို ချောင်းရေစီးဆင်းမှုကြောင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်တဲ့အခါ ရေများပြီး ရွာတွေကို ရေလွှမ်းတဲ့အဆင့်တွေ ဖြစ်လေ့ဖြစ်ထရှိပါတယ်။ မိုးမရွာလို့ ရေမကြီးလျှင်လည်း ချောင်းရေကနက်တော့ ကူးခပ်သွားလာလို့မရဘူး။ ပွင့်လင်းရာသီမှသာ သွားလာဖြတ်သန်းလို့ရတယ်။ ဒါပေမယ့် အခုတော့ ကျွန်တော်တို့ မင်းကုန်းကျေးရွာ ဒေသခံပြည်သူများ၊ ဆရာ တော်နှင့် သံဃာတော်များက ဦးဆောင်ပြီး တံတားကြီးကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားတာ ဖြစ်ပါတယ်။ ဆောက်လုပ်ထားတဲ့ တံတားကြီးကို မပျက်စီးအောင် ဒေသခံတွေက နေ့စဉ်နဲ့အမျှ ထိန်းသိမ်းဆောင်ရွက်နေကြပါတယ်” ဟု မင်းကုန်းကျေးရွာနေ ဦးလေးမောင်က ပြောကြားသည်။

အင်းတော်မြို့နယ်နှင့် ၁၄ မိုင် အကွာအဝေးရှိသော မင်းကုန်းကျေးရွာသည် ယခင်ကာလများက မိုးရာသီမှာ လမ်းပန်းဆက်သွယ်ရေးများခက်ခဲပြီး ကားများနဲ့ နွားလှည်းများ ဖြတ်သန်းသွားလာလို့မရဘဲ နမီးချောင်းရေကြောင့် အခက်အခဲရှိခဲ့သော်လည်း ယခုအခါတွင် နမီးချောင်းကို ဖြတ်သန်းဆောက်လုပ်ထားသည့် တံတားကြီးကြောင့် ရာသီမရွေး ကားများ၊ ထော်လာဂျီများ၊ နွားလှည်းများ သွားလာရေးမှာလွယ်ကူနေပြီဖြစ်ကြောင်း သိရသည်။

သန်းမောင်လေး(ကချင်မြေ)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းဟောင်းများ (၁၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပမည်

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနခ၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၇၅)နှစ်နှင့်အထက်ဝန်ထမ်းဟောင်းများအား (၁၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ ဗီဝိတဒါနသံဃာ့ဆေးရုံကြီး အလျှုတော်မဂ်လာခန်းမ၌ ဒီဇင်ဘာ ၂၈ရက်(တနင်္ဂနေ့)နံနက် ၁၀း၃၀နာရီတွင် ကျင်းပမည်ဖြစ်ရာ ယခင်နှစ်ကန်တော့ခံစာရင်းတွင် ပါဝင်ခြင်းမရှိသေးသော ၂၈-၁၂-၂၀၁၄ရက်၌ အသက်(၇၄)နှစ်ပြည့်ပြီးသည့် ဝန်ထမ်းဟောင်းများ ဆက်သွယ်ကြရန်နှင့် သက်ကြီးပူဇော်ပွဲသို့ ဝန်ထမ်းဟောင်းများနှင့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အလျှုငွေများကို ဦးလွင်ဦး ဖုန်း-၀၉-၅၀၄၆၇၈၀၊ ဦးတင်မြင့် ဖုန်း-၀၉-၄၃၁၇၄၅၅၊ ဦးစံနီမောင် ဖုန်း-၀၉-၇၃၀၄၆၁၈၇၊ ဦးအေးမောင်သန်း ဖုန်း-၀၉-၅၁၂၁၅၉၊ ဦးသိန်းဟန် ဖုန်း-၀၉-၅၂၇၅၄၆၈၊ ဦးမြင့်ရွှေ ဖုန်း-၀၉-၄၃၁၅၈၀၆၃၊ ဦးမြင့်သိန်းဖုန်း-၀၉-၅၁၈၅၁၃၂၂၂၂၂၊ ဦးရဲမြင့် ဖုန်း-၀၉-၇၃၁၁၂၂၀တို့ထံ ဆက်သွယ်လျှောဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၇၀၀၉၀ ဟွန်ဒါတီနာ ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းအောင် ၁၃/တကန(နိုင်)၂၉၉၉၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီးမြို့

မိဘအမည်မှန်

ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ အထက(ရွှေ၀ွန်း) သတ္တမတန်း(ဂ)မှ မောင်အောင်ဗျိုးနိုင် ၃/လဘန(နိုင်) ၁၄၉۷၇۷ ၏ဖခင်မှာ ဦးစောကျော့ကီး ၃/လဘန(နိုင်)၁၆۷၄၀၂ နှင့် မိခင်မှာ ဒေါ်မူးပိုက် ဖြစ်ပါသည်။

ဦးစောကျော့ကီး-ဒေါ်မူးပိုက်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၇၉၄၃၃ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကျော်အောင် ၉/တကန(နိုင်)၀၀၆၁၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရမည်းသင်း)

ဖခင်အမည်မှန်

အထက၊ ရွှေညောင်၊ တတိယတန်း(C)မှ မရီမား၏ ဖခင်အမည်မှန်မှာ ဦးဂန်ဂါရမ်းဖြစ်ပါကြောင်း။

ဦးဂန်ဂါရမ်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၆၃၃၆ ယာဉ်လက်ဝယ်ရှိသူ ဦးဌေသိန်း ၉/ရမသ(နိုင်)၀၁၇၅၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရမည်းသင်း)

မိဘအမည်မှန်

ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ ကျိုချောင်းစ်ပြကျေးရွာနေ စောရန်နိုင်ထွေး ၃/လဘန(နိုင်) ၁၃၉၁၉၉ တက္ကသိုလ်ဝင်တန်းအောင် ၏ အိမ်ထောင်စုစာရင်းအရ ဖခင်မှာ ဦးပိုက်တူး၃/လဘန(နိုင်) ၀၁၀စ၁၀ နှင့်မိခင်မှာ ဒေါ်ထူးမြ ၃/လဘန(နိုင်) ၀၇၅၄၇၉ ဖြစ်ပါသည်။

ဦးပိုက်တူး-ဒေါ်ထူးမြ

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ နယ်မြေ(၃)၊ အိမ်အမှတ် ၃၉၉၆၄ မဂျာမူနီ ၁၃/ဟပန(နိုင်)၀၃၂၈၉၁ ၏ သားဖြစ်သူ မောင်မဟေ(စ)စိုးနှင့် မောင်ဆန်ခါ သားနှစ်ဦးတို့သည် မိခင်အုပ်ထိန်းသူ မဂျာမူနီ၏ ပြောဆိုဆုံးမမှုကိုနာမခံဘဲ မိခင်ကို ကိုယ်ထိလက်ရောက်စော်ကားခြင်းနှင့် မိခင်စကားကိုနားမခံသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ပေါ်ပေါက်သည့် အကြောင်းကိစ္စကို လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

မဂျာမူနီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်ဇေယျရပ်ကွက်နေ ကျွန်တော်၊ ကျွန်မတို့၏ သား မောင်ရာဂျေး ၅/ကလထ(နိုင်)၁၁၇၅၇၉သည် မိဘနှင့် အစ်ကို၊ ညီမများ ခွင့်မလွှတ်နိုင်သောဂုဏ်သိက္ခာထိခိုက်ကျဆင်းစေခြင်းတို့အား အကြိမ်ကြိမ်ပြုလုပ်ခဲ့၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၄င်းနှင့်ပတ်သက်သောမည်သည့် ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးဂန်နစ်ရှိဗဟာဒူး-ဒေါ်ကံချီး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အမှတ်(၂၉၀)၊ ရွာသစ် (၁၈)လမ်းနေ ဦးလှရွှေ ၈/မကန(နိုင်)၀၆၁၆၉၇၊ ဒေါ်လှထွေး ၈/မကန(နိုင်)၀၂၉၃၃၉၀တို့၏သား ဒေါ်သိန်းနု ၈/မကန(နိုင်)၀၂၉၁၃၀၀၏မွေးစားသား မောင်ရဲလင်းထွန်း ၈/မကန(နိုင်)၁၄၄၉၉ သည်မိဘများနှင့် မွေးစားမိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စများကို အကြိမ်ကြိမ်ပြုမူသွားပါသဖြင့်သားအဖြစ်/မွေးစားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးလှရွှေ၊ ဒေါ်လှထွေး၊ ဒေါ်သိန်းနု တို့၏ ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်သိန်း LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၃၂/၁၃)
အမှတ်(၆)၊ စိုးကောမင်းရပ်၊ မကွေးမြို့၊ ဖုန်း-၀၉-၄၂၁၀၁၂၈၁၉

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အမှတ်(၂၉၀)၊ ရွာသစ် (၁၈)လမ်းနေ ဦးလှရွှေ ၈/မကန(နိုင်)၀၆၁၆၉၇၊ ဒေါ်လှထွေး ၈/မကန(နိုင်)၀၂၉၃၃၉၀တို့၏သား ဒေါ်သိန်းနု ၈/မကန(နိုင်)၀၂၉၁၃၀၀၏မွေးစားသား မောင်ရဲလင်းထွန်း ၈/မကန(နိုင်)၁၄၄၉၉ သည်မိဘများနှင့် မွေးစားမိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စများကို အကြိမ်ကြိမ်ပြုမူသွားပါသဖြင့်သားအဖြစ်/မွေးစားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးလှရွှေ၊ ဒေါ်လှထွေး၊ ဒေါ်သိန်းနု တို့၏ ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်သိန်း LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၃၂/၁၃)
အမှတ်(၆)၊ စိုးကောမင်းရပ်၊ မကွေးမြို့၊ ဖုန်း-၀၉-၄၂၁၀၁၂၈၁၉

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ ကျိုးတောင်ကျေးရွာနေ မောင်ကျော်သူစိုး ၅/ဝသန(နိုင်)၀၄၂၃၉၃ နှင့် မမေသူစိုး ၅/ဝသန(နိုင်)၀၅၁၇၀၄၏ ဖခင် ဦးတိုး ၅/ဝသန(နိုင်)၀၃၆၉၁၁နှင့် ဦးစိုးဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးတိုး(ခ)ဦးစိုးဝင်း

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AA/4631 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြည်သူ့ပဟိုပြုရဲလုပ်ငန်း သတင်းစာရှင်းလင်းပွဲ လားရှိုးတွင်ကျင်းပ

လားရှိုး နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၂၇ ရက်က လားရှိုးမြို့ မြို့မရဲစခန်းဝင်းအတွင်းရှိ ရဲသူရိန်ခန်းမ၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် လားရှိုးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကျော်မိုး က တရားဥပဒေစိုးမိုးရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ ရဲတပ်ဖွဲ့၏လုပ်ငန်းစဉ်များနှင့် ပြည်သူလူထု အခြေပြုစနစ်ဖြင့် ရဲလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများပူးပေါင်းပါဝင်ရေး ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကျော်မိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဖေဝင်း၊ မူးယစ်အထူးတပ်ဖွဲ့မှ ရဲမှူးရဲနိုင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ ဒုတိယရဲမှူးစန်းဌေး၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးမိုးခိုင်တို့က အကျယ်တဝင့် ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။ **နေမျိုးနွယ်**

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၌ လူတစ်စုအုပ်စုဖွဲ့၍ ဓားရှည်များနှင့်အတူ ဖမ်းဆီးရမိ

ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ၆၀ ရပ်ကွက်၌ လူတစ်စုအုပ်စုဖွဲ့၍ ဓားရှည်များနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၈ရက်နံနက်ဧနာရီခွဲခန့်က ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၆၀)ရပ်ကွက် ဓမ္မာရုံအတွင်းသို့ အမည်မသိ လူငါးဦးခန့်သည် ဓားရှည်များကိုင်ဆောင်ကာ ဓမ္မာရုံဝင်ပေါက် တံခါးမကြီးအား ဖျက်ဆီးဝင်ရောက်နေသည်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဌေးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အရန်မီးသတ်တပ်စုမှူး ဦးခင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖပြည်သူများနှင့် အတူ ဝိုင်းထားကြပြီး မြို့နယ်မြို့မ ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားရာ စခန်းမှူး ရဲအုပ်သက်နိုင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ကျော်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ အခင်းဖြစ်နေရာသို့ ချက်ချင်းရောက်ရှိလာပြီး ကျော်ကြီး (ခ) ကျော်မင်းထွန်း (၃၆နှစ်)နှင့် အပေါင်းပါဝါးဦးကို ၄င်းတို့ကိုင်ဆောင်သော ဌက်ကြီးတောင် ဓားရှည်လေးချောင်း၊ ဓားမြှောင်နှစ်ချောင်းတို့နှင့်အတူ တွေ့ရှိ၍ ရဲစခန်းသို့ ခေါ်ဆောင်သွားပြီးစစ်ဆေးရာ ထိုသို့ ဓမ္မာရုံအတွင်း ဝင်ရောက်ခဲ့ကြခြင်းမှာ ကျူးကျော်မြေရောင်းချသူများထံမှ မိုက်ကြေး ခွဲပိုက်ဆံတောင်းရန် လာရောက်ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ၍ ရပ်ကွက်ဓမ္မာရုံ အတွင်းသို့ တရားမဝင်သေစေလောက်သော လက်နက်ဓားရှည်များ ကိုင်ဆောင်၍ ရုန်းရင်းဆန်ခတ်မှုဖြစ်ပွားအောင်နှင့် အများပြည်သူတို့ကို အထိတ်တလန့်မှု ဖြစ်အောင် ပြုလုပ်ဆောင်ရွက်ခဲ့ကြသော ကျော်ကြီး(ခ) ကျော်မင်းထွန်း (၃၆နှစ်) ၊ မျိုးမင်းလတ်(ခ) ဝတုတ် (၂၇နှစ်)၊ သန်လျင်မြို့နယ်နေသူများဖြစ်သည့် ကျော်မြင့် (၅၀နှစ်)၊ အောင်မြိုင် (၃၆နှစ်)၊ ငြိမ်းချမ်း (၂၃နှစ်) တို့ကို ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရဲတပ်ဖွဲ့ စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝစာ)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မြိုင်မြို့တွင်းလမ်း လျှပ်စစ်မီးများတပ်ဆင်

မြိုင် နိုဝင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့တွင်းရှိ အဓိကကျသော ပခုက္ကူ လမ်း မန္တလေးနှင့် ပြန်/ဆက်လမ်းတို့တွင် လျှပ်စစ်မီးပွင့်များ နိုဝင်ဘာ ၂၇ ရက်က တပ်ဆင်ကြောင်း သိရသည်။

မြိုင်မြို့တွင် မြို့အဂ်ါရပ်နှင့်ညီညွတ်ပြီး သန့်ရှင်းသာယာရေး၊ ညအချိန်ထင်သာမြင်သာသွားလာနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းနှင့် ပြည်သူ့ဆေးရုံသို့ သွားလာသော ပြန်/ဆက်လမ်းတွင် လမ်းမီးခြောက်ပွင့်၊ ပခုက္ကူ-မန္တလေးသွားလမ်းတို့တွင် လမ်းမီးပွင့် ၂၀ တို့ဖြင့် ညအချိန်သာယာလှပရေးတို့အတွက် မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်လျှပ်စစ်ဌာနတို့ ပူးပေါင်းဆောင်ရွက်ကြကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဟန်မြင့်ထံမှ သိရသည်။

(၁၈၄)

လျှပ်စစ်ဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းပွင့်

စစ်တွေ နိုဝင်ဘာ ၃၀

ရခိုင်ပြည်နယ်အတွင်း မကြာမီကာလ၌ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးတော့မည်ဖြစ်ပါ၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရန်နှင့် လုပ်ငန်းခွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ စစ်တွေမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြောက်ဦးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ ပုဏ္ဏားကျွန်းမြို့နယ် လျှပ်စစ်မှူးရုံးနှင့် ကျောက်တော်မြို့နယ် လျှပ်စစ်မှူးရုံးတို့ရှိ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၂၄ ဦးအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကို ရခိုင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး လျှပ်စစ်ခန်းမတွင် နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပြီး ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသူရအောင်ဘိုက အဖွင့်စကားနှင့် လျှပ်စစ်နှင့်ပတ်သက်၍ လိုအပ်သော လုပ်ဆောင်ရမည့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ (၁၅၇)

ကျေးလက်ဆေးပေးခန်းနှင့် မြေနေရာလျှုဒါန်း

နတ်တလင်း နိုဝင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မြို့ခြံကျေးရွာအုပ်စု ကျောင်းကြီးကျေးရွာတွင် အလျှုရှင် ဦးကျော်စိန်-ဒေါ်အေးရှင် မိသားစုတို့က ဆောက်လုပ်လျှုဒါန်းသော ကျေးလက်ဆေးပေးခန်းနှင့် မြေနေရာကို ကျန်းမာရေးဦးစီးဌာနသို့ ပေးအပ်လျှုဒါန်းပွဲကို နိုဝင်ဘာ ၂၆ရက် နံနက် ၉ နာရီခွဲက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းခင်မကန် ဆရာတော် ခေမိန္ဒ၊ အလျှုရှင်ကိုယ်စား ဦးလှမြင့်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးလှိုင်ဦးတို့က အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးလှိုင်ဦးတို့က အမှာစကားပြောကြားပြီးနောက် အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို အလျှုရှင်များ ကိုယ်စား ဦးလှမြင့်က မြို့နယ်ဆရာဝန်ကြီးထံသို့ ပေးအပ်ကြောင်း သိရသည်။ **ဝင်းမြင့်**

ရင်းနှီးမြှုပ်နှံမှုအဆင့်မြင့်ဆွေးနွေးပွဲ

တရုတ်နိုင်ငံ အာဆီယံစင်တာ လိုင်နင်မြို့၌ (၂၀၁၅ ခုနှစ် မတ်လ)တွင် မြန်မာနိုင်ငံအတွက် ကမ္ဘာ့ထိပ်တန်းရင်းနှီးမြှုပ်နှံသူများ(Invistors)မှ ဦးစီးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား ပါဝင်ဆွေးနွေးနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

တက်ရောက်ဆွေးနွေးမည့်သူများသည် အောက်ဖော်ပြပါအချက်အလက်များ လိုအပ်ပါသည်။

၁။ Project Presentation ပြုလုပ်နိုင်သော အင်္ဂလိပ်/တရုတ်ဘာသာပြန် (Catalogues) လိုအပ်ပါသည်။

၂။ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် အသွား/အပြန် လေယာဉ်လက်မှတ်၊ နေထိုင်ရေးအတွက် ၂ ညအိပ် ၁ရက်၊ စားသောက်မှုကုန်ကျငွေအတွက် မြန်မာကျပ်ငွေ(ကျပ်သိန်းသုံးဆယ်တိတိ) စာရင်းပေးသွင်းရန် လိုအပ်ပါသည်။

၃။ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ(Invistors)နှင့် လုပ်ငန်းပူးပေါင်းရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်စာချုပ်ချုပ်ဆိုပြီးမှ အကျိုးဆောင်ခ(၅%)အား ကျွန်ုပ်တို့ထံသို့ ပေးဆောင်ရပါမည်။

၄။ ဤအစည်းအဝေးသို့တက်ရောက်လိုသော ဆန္ဒရှိသူများသည် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း၍ စာရင်းပေးသွင်းနိုင်ပါသည်။

ဖုန်း-၀၆၇-၄၁၇၇၅၊ ၀၉-၂၅၀၅၃၀၉၈၉၊ ၀၉-၆၈၁၇၃၃၅

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈/စ၃၂၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၅၇၇၃ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာအေး ၁၀/ကမရ(နိုင်)၀၉၀၄၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော ဆင်ဖြူရှင်တံတား၏ ၂၇-၁၂-၂၀၁၄ရက်မှ ၂၆-၁၂-၂၀၁၇ရက်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း(၃)နှစ်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား
ဆင်ဖြူရှင်တံတား

(ခ) ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ
မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ် (၁၀)တိုင်း၊ ပခုက္ကူ

(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်
၁၅-၁၂-၂၀၁၄ရက် ၀၆း၀၀နာရီမှ ၀၈း၀၀နာရီအထိ

(ဃ) အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ
မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အစည်းအဝေးခန်းမ၊ အမှတ် (၁၀)တိုင်း၊ ပခုက္ကူ

(င) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်
၁၅-၁၂-၂၀၁၄ရက် ၁၀း၀၀နာရီ

(စ) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ
မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အစည်းအဝေးခန်းမ၊ အမှတ် (၁၀)တိုင်း၊ ပခုက္ကူ

မှတ်ချက်။ (၁) အိတ်ဖွင့်တင်ဒါ၀ယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား (၁)စုံလျှင်ကျပ် ၁၀၀၀၀နှုန်းဖြင့် ၈-၁၂-၂၀၁၄ရက်မှ ၁၂-၁၂-၂၀၁၄ ရက် ၁၂:၃၀နာရီအထိ မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ် (၁၀) တိုင်း၊ ပခုက္ကူတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၂-၂၂၅၀၇သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ၊ စစ်ကိုင်းတိုင်းဒေသကြီး

ဖောင်းကြွပျောက်ပျောက်ထားခြင်း

ယာဉ်အမှတ် 6F/9936 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက်ပျောက်ထားခြင်း

ယာဉ်အမှတ် 2E/7302 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

မိခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက (သုခ၀တီ)အဋ္ဌမတန်းမှ မခင်ရတနာစိုးနှင့် ပဌမတန်းမှ မောင်နိုင်လင်းထက်တို့၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်မူနီမားဖြစ်ပါကြောင်း။ **ဒေါ်မူနီမား ၁၀/မလမ(နိုင်)၁၈၄၆၃၇**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာ၊ သိပ္ပံ လေးနှစ်သင်တန်း ၆၀၀ ကျော် တက်ခွင့်ရရှိ

ရန်ကုန် နိုဝင်ဘာ ၃၀

ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် အသီးသီး၏အထူးပြုဘာသာရပ်များအတွက် ပထမနှစ်သင်တန်းများကို ဒီဇင်ဘာ ၄ ရက်တွင်စတင်ဖွင့်လှစ်သွားရန် အဆင့်မြင့်ပညာရေးဦးစီးဌာန(အောက်မြန်မာပြည်)က ကြေညာချက်ထုတ်ပြန်ထားရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိသူ ကျောင်းသား ကျောင်းသူပေါင်း ၆၀၀ ကျော်ရှိကြောင်း ရန်ကုန်တက္ကသိုလ် သင်တန်းရေးရာဌာန တာဝန်ရှိသူ တစ်ဦးက ပြောသည်။

"၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိကြတဲ့ ပထမနှစ် ကျောင်းသား ကျောင်းသူ ၆၄၅ ဦးရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တို့ကသတ်မှတ်အရည်အချင်းပြည့်ဝတဲ့ကျောင်းသား ကျောင်းသူတွေကိုပါ တက်ရောက်ခွင့်ရရှိကြပါတယ်"ဟု ၄င်းက ပြောကြားသည်။

ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာ၊ သိပ္ပံ လေးနှစ်သင်တန်းကို ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ကစတင်ဖွင့်လှစ်ခဲ့ပြီး ယခုပညာသင်နှစ်တွင် ဘာသာရပ်အလိုက် တက်ရောက်သော ကျောင်းသား ကျောင်းသူအရေအတွက်မှာ ယခင်နှစ်ကထက် သိသိသာသာတိုးလာခဲ့ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာ၊ သိပ္ပံ လေးနှစ်သင်တန်းများကို အထူးပြုဘာသာရပ် ၂၁ ခုဖြင့် ခွဲခြားသင်ကြားပေးမည်ဖြစ်ပြီး ဘာသာရပ်တစ်ခုလျှင် တက်ရောက်သူ ကျောင်းသား ကျောင်းသူ အရေအတွက် ၅၀ အထက်ရှိပြီး အချို့ဘာသာရပ်များတွင် ၅၀ မပြည့်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ပြင်ပမှ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများသည် အဆောင်နေခွင့်လျှောက်ထားနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။ သို့ရာတွင် ဒုတိယနှစ်နှင့်အထက် သင်တန်းအားလုံးကို ဒီဇင်ဘာ ၁ ရက်မှစ၍ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်သည် မြန်မာနိုင်ငံ၏ ပညာရေးလောကတွင်သာမက တစ်ချိန်က အာရှအဆင့်အထိပါ ထင်ရှားခဲ့သည့်တက္ကသိုလ်ဖြစ်ပြီး ယခုအခါ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခုအဖြစ် ပြန်လည်ရောက်ရှိရေး အဘက်ဘက်မှ ပြုပြင်မွမ်းမံမှုများ၊ ပညာရေး အဆင့်မြှင့်တင်မှုများ ပြုလုပ်လျက်ရှိသည်။

သတင်း-ကြီတိုင်းအောင်၊ ဓာတ်ပုံ-သက္ကရ

အညာဒေသအတွင်း ဂါလန် ၁၀ သိန်းဆံ့ မြေသားမိုးရေလှောင်ကန် တူးဖော်နေ

မြင်းခြံ နိုဝင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်သည် အညာဒေသ မိုးခေါင်ရေရှားရပ်ဝန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့က သောက်သုံးရေဖူလုံစေရေးအတွက် အဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ မြင်းခြံမြို့နယ် ရဲတိုင်ရွာအတွင်း ဂါလန် ၁၀ သိန်းဆံ့ မြေသားမိုးရေလှောင်ကန်တစ်ခုကို စတင်တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

ရဲတိုင်ကျေးရွာ မြေသားမိုးရေလှောင်ကန်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ရတနာရွှေလက်ကုမ္ပဏီမှ တာဝန်ယူတူးဖော်ခြင်းဖြင့် ကျေးလက်ဒေသသောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

နိုဝင်ဘာ ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးအောင်ဇံနှင့် တာဝန်ရှိသူများက မြေသားမိုးရေလှောင်ကန်တည်ဆောက်ခြင်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကံချွန်က မြေသားမိုးရေလှောင်ကန်တူးဖော်မှုအခြေအနေများကို တင်ပြခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်စေရန်အတွက် စက်ရေတွင်းများတူးဖော်ခြင်း၊ ရေလှောင်ကန်များတူးဖော်ခြင်းများကို တိုင်းဒေသကြီးတစ်ခုလုံးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးက ပြောကြားသည်။

စော်မင်းနိုင်(မြင်းခြံ)

ကလေးဝမြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးအတွက် တွေ့ဆုံဆွေးနွေး

ကလေး၀ နိုဝင်ဘာ ၃၀

ကလေးဝမြို့နယ် ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းမှ ကျွဲတပ်၊ ဆင်ခေါင်း၊ ဂဇက်နှင့် နောင်ဖနန်ကျေးရွာအုပ်စုများရှိ ကျေးရွာများနှင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းမှ တုန်နန်းအုပ်စုရှိ ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပေါင်းစည်းဆောင်ရွက်နိုင်ရေးအတွက် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ကလေး၀မြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးဝင်း၊ ကလေး၀မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်နှင့် သက်ဆိုင်ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက နိုဝင်ဘာ ၂၇ ရက်က ဆွေးနွေးပွဲကျင်းပခဲ့သည်။

ရပ်မိရပ်ဖများ၏ လိုအပ်ချက်များနှင့် အခက်အခဲများ တင်ပြဆွေးနွေးချက်များ အပေါ် တာဝန်ရှိသူများက မှတ်သားရှင်းလင်းတင်ပြပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျွန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စုပေါင်းအဖြေရှာခဲ့ကြသည်။

ကျွန်ိုင်း

သတင်းတို

ကျွန်းလှမြို့နယ်အတွင်း လိုင်စင်မဲ့ယာဉ်များစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်များ စစ်ဆေးခြင်းကို နိုဝင်ဘာ ၂၉ ရက်မှ စတင်၍ ပြုလုပ်နေပြီး ကြိုတင်အသိပေးကြေညာထားပြီးမှသာ ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး လိုင်စင်မဲ့ဆိုင်ကယ်များကို ထုတ်လုပ်သည့်ခုနှစ်၊ ဆိုင်ကယ်အမျိုးအစားအလိုက် ကာလပေါက်စျေး၏ ၅၀ရာခိုင်နှုန်း ဒဏ်ကြေးဖြင့် လိုင်စင်ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညီ(ကျွန်းလှ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါလေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ မြန်မာ့မီးရထားမှ ပြန်လည်အသုံးပြု၍မရတော့သည့် သာစည်စက်ခေါင်းရုံမှ ချောဆီပျက် ၈၂၅၅ဂါလန်အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်-

တင်ဒါအမှတ်	**ပစ္စည်းအမျိုးအမည်**	**အရေအတွက်**
၄/၂၀၁၄-၂၀၁၅/မမ	ချောဆီပျက် ၈၂၅၅ ဂါလန်	1 Lot

တင်ဒါဝိတ်ရက်/အချိန် - ၂၂-၁၂-၂၀၁၄ ရက် (တနလင်္ဂနေ့) ၁၂:၀၀နာရီ
တင်ဒါဖွင့်ရက်/အချိန် - ၂၂-၁၂-၂၀၁၄ ရက် (တနလင်္ဂနေ့) ၁၃:၀၀နာရီ
တင်ဒါဖွင့်မည့်နေရာနှင့် - အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်ရုံး)၊ မန္တလေး
တင်ဒါတင်သွင်းရမည့်နေရာ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၈-၁၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း၀ယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်) မန္တလေး
မန္တလေးဘူတာကြီး၊ တတိယထပ်၊ အထက်မြန်မာပြည်အုပ်ချုပ်ရေးဌာန၊ ဖုန်း-၀၂-၃၅၈၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ် ၅/၂၀၁၄

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အထူးပြင်၊ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	**ပစ္စည်းအမျိုးအမည်**		
၁။	၂"-၄" ကျောက်	၆။	ချောင်းကျောက်စရစ်
၂။	၁"-၂" ကျောက်	၇။	၆"-၉" ကျောက်
၃။	စက်ခွဲကျောက်သေးရွယ်စုံ	၈။	ပန်းရံသဲ
၄။	ဘိလပ်မြေ	၉။	သစ်ခွဲသား(အထူ+အပါး)
၅။	သံချောင်း	၁၀။	အုတ်

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၁-၁၂-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅:၀၀နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်ရက် - ၁၂-၁၂-၂၀၁၄ ရက်

တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၂၇-၁၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၃-၄၀၀၀၈

အမည်ပြောင်း

ဦးမြင့်လွင်၏သား ကျောက်မဲမြို့၊ အထက (၄)၊ အဌမတန်း(က)မှ မောင်ကမ္ဘာစိုး ၁၃/ ကမန(နိုင်)၁၃၄၆၅၈ အား မောင်ကောင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပျောက်ဆုံးခြင်း

ကျိုက်မရောမြို့နယ် မောင်သစ္စာ ၁၀/ကမရ(နိုင်)၀၇၅၉၀၂ (ဘ) ဦးတင်အောင်၏ နိုင်ငံကူးလက်မှတ် (နံပါတ် မမှတ်မိပါ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

အလှူငွေများထည့်ဝင်နိုင်ရေး နှိုးဆော်ခြင်း

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက် စိုက်ပျိုးရေးတက္ကသိုလ်၏ နှစ်(၉၀)ပြည့်အထိမ်းအမှတ်အခမ်းအနားနှင့် (၁၆)ကြိမ်မြောက် အင်ဂြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲအတွက် ဒေါက်တာချိုချိစ် ၁၂/ကမန(နိုင်)၀၃၂၉၁၄ KBZ Bank Account-0651-122000-3737 ပျဉ်းမနားမြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

ပျောက်ဆုံးကြောင်း

ကျွဲတော် ဦးမင်းကိုလွင် ၉/အမဇ(ဧည့်)၀၀၀၁၉၂ ၏ ဖုန်း-၀၉-၂၀၀၃၃၇၂ ဖုန်းကတ်နှင့် ဖုန်းစာရွက်စာတမ်းများသည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။

ဦးမင်းကိုလွင်
ဖုန်း-၀၉-၂၀၂၇၈၆၄

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2A-5014 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ယာဉ်မှတ်ပုံတင်စာအုပ်ပိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁စယ/၉၁၂၃၆ ယာဉ်လက်ဝယ်ရှိသူ ဦးရွှေရိုး(ခ)ကြိုင်ဂေး ၁၄/ပတန(နိုင်)၀၂၇၂၈၀၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မအူပင်)၊
မအူပင်မြို့

ပြည်တွင်းသတင်းနှင့်ကြေငြာ

တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်

ကော့သောင်း၊ နိုဝင်ဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိပြီး တာဝန်ရှိသူများက ဒေသခံများနှင့် တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးကိစ္စ လိုအပ်ချက်များကို တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၈ ရက်က တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ပိုလ်မှူးကြီးဇော်လွင်နှင့် တာဝန်ရှိသူများက ကော့သောင်းခရိုင်အတွင်းရှိ ပါချန်မြစ်ကမ်းဘေး လုံဖောကျေးရွာနေပြည်သူများအား တွေ့ဆုံကာ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးခဲ့ပြီး ကျေးရွာမြစ်ကမ်းဘေးရေတိုက်စားမြေပြိုမှု ကာကွယ်နိုင်ရေး မြေထိန်းနံရံတည်ဆောက်ခြင်းများကိုလည်း သွားရောက်ကြည့်ရှုခဲ့သည်။

ထို့ပြင် အေးချမ်းသာကျေးရွာ၌လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကျေးရွာရေဆင်းတံတားကို တည်ဆောက်လျက်ရှိပြီး ကျေးရွာအတွင်းရှိ အလယ်တန်းကျောင်းတိုးချဲ့ကျောင်းဆောင်သစ် တည်ဆောက်နေခြင်းတို့ကိုလည်း တိုင်းဒေသကြီး ဝန်ကြီးက ဆက်လက်သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဖောသုတ်ကျေးရွာနှင့် အေးချမ်းသာကျေးရွာ ကျေးရွာချင်းဆက်လမ်း၌ နန်မန္တယ်ချောင်းကူးအရှည် ပေ ၁၈၀ သံကူကွန်ကရစ်တံတားတည်ဆောက်လျက်ရှိပြီး မကြာမီကာလအတွင်း ဒေသခံများ၏ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုလွယ်ကူလာတော့မည်ဖြစ်သည်။

ထို့အပြင် ကော့သောင်းမြို့နယ်အတွင်းရှိ ဆိပ်ဖူးကျေးရွာ၌လည်း ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အောင်ချမ်းသာကျေးရွာ၌လည်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေကို တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်း ပြည့်မီစွာ ပြီးစီးနိုင်ရေးအတွက် မှာကြားပေးခဲ့သည်။

ကော့သောင်းခရိုင်အတွင်း ကျေးလက်ဒေသများရှိ လမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေး၊ ပညာရေးမြှင့်တင်မှု၊ ကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းများအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေ ကျပ်သန်းပေါင်း ၃၅၄၅ သန်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်းပေါင်း ၈၅၉ သန်းဖြင့် အဆိုပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

အင်းတော်ကြီးဒေသ ကျောက်ထု၊ ကျောက်ခွဲလုပ်ငန်းဖြင့် ဒေသခံများ ဝင်ငွေတိုးပွားလျက်ရှိ

မိုးညင်း၊ နိုဝင်ဘာ ၃၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ဟိုပင်-နန့်မွန်း-ညောင်ပင်ကတ္တရာလမ်းခင်းရန် ကျောက်များစုပုံခြင်း၊ ကျောက်များခွဲခြင်းလုပ်ငန်းဖြင့် ဒေသခံများ အလုပ်အကိုင်ရရှိကာ ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

"အရင်နှစ်က စပါးပေါ်ခိုန်မှာ စပါးရိတ်ခ၊ သုံးစွဲဖို့ ငွေလိုလို့ နောင်ပေးစပါးကို ကြိုတင်ရောင်းချခဲ့ရတယ်။ ဒီနှစ်မှာ ကတ္တရာလမ်းခင်း စီမံကိန်းရှိလို့ ဒေသခံတောင်သူတွေ အလုပ်အကိုင်ရပြီးတော့ ဝင်ငွေတိုးလာတာမို့ နောင်ပေးစပါးရောင်းချစရာမလိုတော့ဘူး။ မိသားစုတစ်ပိုင်တစ်နိုင် အပိုဝင်ငွေလည်း ရရှိလာပါတယ်"ဟု အင်းသာရွာကျောက်ထုလုပ်ငန်း လုပ်ကိုင်လျက်ရှိသော ဒေသခံတောင်သူတစ်ဦးက ပြောသည်။

အင်းတော်ကြီးဒေသ ဟိုပင်-နန့်မွန်း-ညောင်ပင် ကတ္တရာလမ်းခင်းရန် လမ်းစီမံကိန်းကို မိုးညှင်းခရိုင်မှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ ၆၄ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ် မတ်လ သမိုင်းဝင်ရွှေမဏ္ဍိုဘုရားပွဲတော်အမီ ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကတ္တရာလမ်းလုပ်ငန်းတွင် ကျောက်ခွဲ၊ ကျောက်ထု၊ ကျောက်စုပုံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယခုအခါ ဒေသခံတောင်သူများ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ကိုင်သူများက အပိုဝင်ငွေဖြင့် လုပ်ကိုင်လာကြသည်။ ယခင်တုန်းက ဟိုပင်-နန့်မွန်း-ညောင်ပင် ကားလမ်းမကြီး အမာခံကျောက်ခင်းလမ်း စတင်လုပ်ဆောင်စဉ်က ကျောက်များကို ရေကန်ချောင်း၊ ဝှေလုံချောင်းနှင့် ဝေချပ်သိုင်းချောင်းတို့မှ အလွယ်တကူ ရယူခဲ့သော်လည်း ယခုအခါ အဆိုပါချောင်းအတွင်း မြေကြီးထဲမှ တူးယူကာ ဒေသခံများက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျောက်အဝယ်ဒိုင်၊ ကုမ္ပဏီများထံသို့ ၁၀ပေ၁ပေ တစ်ကျင်းလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ရောင်းချကြောင်း၊ လုပ်သားတစ်ဦးလျှင် နေ့စဉ် တစ်ကျင်းမှ တစ်ကျင်းခွဲအထိရရှိသဖြင့် နေ့စဉ် အပိုဝင်ငွေရရှိကြောင်း ကျောက်ထုလုပ်သားတစ်ဦးက ပြောသည်။

နီကိုး

မင်းဘူးမြို့နယ်၌ နယ်လှည့်အခမဲ့ဆေးကုပေး

မင်းဘူး၊ နိုဝင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ဇီးအိုင်ကျေးရွာသာသနာ့ဗိမာန်ကျောင်းတိုက်အတွင်း နိုဝင်ဘာ ၂၉ ရက်က မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မိုဘိုင်းနယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

မိုဘိုင်းနယ်လှည့်ဆေးကုသရေးအဖွဲ့မှ မင်းဘူးမြို့နယ် ကျန်းမာရေးဦးစီးမှူး သွားနှင့်ခံတွင်းအထူးကုဆရာဝန် ဒေါက်တာအောင်ကိုမင်း၊ အထွေထွေရောဂါကု ပါရဂူ ဒေါက်တာမေပိုပိုသာ၊ ဒေါက်တာနီနီဝင်း၊ ဒေါက်တာတင်ထွန်းအောင်၊ ဒေါက်တာတင်အောင်ချို၊ ဒေါက်တာနိုဇင်ရှိန်၊ ဆေးဝါးကျွမ်းကျင် ဒေါ်ဝင်းစန္ဒာဦးနှင့် သူနာပြုဆရာမများ၊ ဆင်ခေါင်းကျေးရွာ ကျေးလက်ကျန်းမာရေးမှူးနှင့် ကျန်းမာရေးဆရာမများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များသည် ဇီးအိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ အထွေထွေရောဂါဝေဒနာရှင် ၁၄၅ ဦး၊ သွားနှင့်ခံတွင်းဝေဒနာရှင် ၄၀၊ ကလေးရောဂါဝေဒနာရှင် ၂၅ ဦး၊ သားဖွားမီးယပ်ဝေဒနာရှင် ခုနစ်ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်ရေး ဌာနအောက်ရှိ အမှတ် (၁)သံမဏိစက်ရုံ(မြင်းခြံ) အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား (Lot)အလိုက် ဝယ်ယူရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်		စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1	Ball Bearing	24		11	Machine & Spare	26
2	Sample Gas	10		12	Hydraulic Valve	32
3	Refractory	4		13	Electric Motor	22
4	Chemical & Apparatus	21		14	Transformer, Transducer, Transmitter	27
5	Flexible Hose (Hydraulic pipe)	74		15	Fuse, Power Supply, UPS	12
6	Gear Box & Pump	6		16	Load Cell & Accessories	6
7	Cylinder & Seal	11		17	Circuit Breaker	11
8	Solenoid Valve	6		18	Switch & Sensor	62
9	Tyre	10		19	Lime Stone (ton)	6627
10	Belt & Conveyor	10				

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၅-၁၂-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၂-၁၂-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ် (၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G-2439 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၅၅၄/က၊ မြေကွက်တည်နေရာအမှတ် ၅၅၄/က၊ မာန်ပြေ ၁၃ လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဦးချန်ကောင်းအမည်ပေါက် နှစ်ဖက်ဝရန်မြေအား အမည်ပေါက် ဦးချန်ကောင်း(ဖခင်)နှင့် ဒေါ်စိန်တင်(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ၁။ ဒေါ်ခင်ညွန့်, ၁၂/သကတ(နိုင်)၀၅၄၂၇၀၊ ၂။ ဒေါ်အေးမြင့် ၁၂/သကတ(နိုင်)၁၁၇၂၅၁၊ ၃။ ဦးသန်းဌေး ၁၂/သကတ(နိုင်)၀၃၄၅၅၃၊ ၄။ ဦးလှရီ ၁၂/သကတ(နိုင်)၁၆၆၂၆၊ ၅။ ဦးသိန်းမြင့် ၁၂/သကတ(နိုင်)၁၀၈၉၃တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၉၃၇/၂၀၁၄)ရသူ ဦးမြတ်ခိုင် ၁၂/သကတ(နိုင်)၀၃၄၅၅၃ မှ သေဆာရင်းနှင့်ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံခိုင်ဆိုင်ကြောင်းစာချုပ်ရန် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ နေပြည်တော်တွင် အသုံးပြုရန်အတွက် အောက်ပါရုံးသုံးစက်ကိရိယာ ၈ မျိုးကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

1. Calculator (16 Digits) ၁၅၀ လုံး
2. Digital Multifunction Copier ၅ လုံး
3. Desktop Computer (Branded) ၁၀ လုံး
4. Printer (Black & White) ၁၀ လုံး
5. Note book Computer (Branded) ၈ လုံး
6. 2.0 HP Air Conditioner ၂၅ လုံး
7. Scanner ၃ လုံး
8. Fax Machine ၁၀ လုံး

၂။ အဆိုပါ အိတ်ဖွင့်ဈေးနှုန်းလွှာများကို ၁၇-၁၂-၂၀၁၄ ရက် ညနေ ၄:၃၀ နာရီနောက်ဆုံးထား၍ ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ် ၂၆၊ နေပြည်တော်သို့ အရောက်ပေးပို့တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ငွေတိုက်ဦးစီးဌာန၊ စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၄၁၀၅၂၉ နှင့် ၀၆၇-၄၁၀၅၂၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန
ငွေတိုက်ဦးစီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ် ၂၆၊ နေပြည်တော်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၂၉၆၉ ပစ်တိုင်းထောင်ကျစ် ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်မြင့် ၁၂/တမန(နိုင်)၀၅၄၂၇၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အများသိစေရန်ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက်၊ ကန်တော်ဦး၂လမ်းနေ ဦးအောင်စိုးခိုင်မှ ညောင်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၊ ဦးပိုင်အမှတ် ၅၆-ခ၊ မြေကွက်အမှတ် ၉၆-ခ၊ မြေဧရိယာ ၀ဒသမ ၀၉၀၀ဧကရှိ မြေအား အမည်ပြောင်း ခွဲစိတ်မြေဌားဂရန်ချထားပေးရန် လျှောက်ထားလာပါသည်။

၂။ ထိုသို့လျှောက်ထားမည်ဖြစ်ပါသောကြောင့် အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညောင်လေးပင်မြို့

ပြင်ဆင်ဖတ်ရှုပါရန်

၅-၁၀-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၇) ကန့်ကွက်ကြော်ငြာအမှတ်စဉ် ၁၆ ဦးကျော်မင်းထွန်း၏အမည်ပြောင်းတွင် မှတ်ပုံတင်အမှတ် ၁၂/ မကတ(ဧည့်)၀၀၀၇၂၀ အစား ၁/မကတ(ဧည့်)၀၀၀၇၂၀ ဟု ဖတ်ရှုပါရန်။

ပြည်တွင်းသတင်းနှင့်ကြေငြာ

ပြည်မတောင်တန်းမခွဲခြားသက်သေ ပင်လုံပြည်ထောင်စုကျောက်တိုင်သို့ လာရောက်လည်ပတ်စေလို

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး သန္တေတည်ရာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြည်မတောင်တန်း ပူးပေါင်းရေးစာချုပ်ကျောက်တိုင် (ပင်လုံပြည်ထောင်စုကျောက်တိုင်)ပန်းခြံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေနှင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပြီးနောက် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)တွင် ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။

ပင်လုံ ပြည်ထောင်စုကျောက်တိုင် ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးသည့် နောက်ပိုင်းတွင် ရပ်နီးရပ်ဝေးမှ ပြည်သူများက ယခင်ကထက် ပိုမိုများပြားစွာ လာရောက်အပန်းဖြေလေ့လာကြကြောင်း သိရသည်။

ပင်လုံဒေသခံတစ်ဦးက "ကျွန်တော်တို့ ပင်လုံမြို့သူ မြို့သားတွေက ဆောင်းတွင်း နံနက်ပိုင်းမှာ ဒီစေတီတော်ရင်ပြင်ကိုပတ်ပြီး လမ်းလျှောက်တယ်။ အပြေးလေ့ကျင့်တယ်။ ပြီးသွားရင် ကျောက်တိုင်နားမှာ ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းတွေလုပ်တယ်။ ညနေကျရင် စေတီတော်ပတ်လမ်းမှာ အားကစားဝါသနာရှင်တွေက စုပေါင်းပြီး ခြင်းခတ်တယ်၊ ဘောလုံးကန်ကြတယ်။ နေ့တိုင်း စည်ကားနေတယ်။ အဝေးကဧည့်သည်တွေလည်း လာရောက်လည်ပတ်ကြတယ်။ တစ်နည်းအားဖြင့်တော့ အောင်မြေနင်းတယ်လို့ပြောကြတယ်" ဟု ဆိုသည်။

ထို့ကြောင့် နိုင်ငံချစ်စိတ်၊ မိုးချစ်စိတ်၊ ရှင်သန်ထက်မြက်ကြသည့် ပြည်ထောင်စုသားများသည် ပင်လုံမြေ- အောင်မြေသို့ အလည်တစ်ခေါက်လာရောက်ကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။

မိုးလွင်ဦး(လွှိုင်လင်း)

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်းများ ဂျိုက်ကာနှင့် ပူးပေါင်းမြှင့်တင်မည်

ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ဂျိုက်ကာ(JICA)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံချက်များကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့တော် ရေပေးဝေရေးကို ဂျိုက်ကာနဲ့အတူ ပူးတွဲဆောင်ရွက်ခဲ့တာ အကျိုးများစွာရရှိခဲ့ပါတယ်။ နည်းပညာတွေရရှိခဲ့ပြီး စီမံခန့်ခွဲမှုစနစ်ကောင်းတွေကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းမှာ ရေပေးဝေမှုစနစ်တစ်ခု ရရှိလာခဲ့ပါတယ်။ ဆက်လက်ပြီး တောင့်လည်း တိုးတက်များပြားလာနေတဲ့ မြို့နေလူဦးရေကို တွက်ချက်ပြီး ရေပေးဝေရာမှာ ရေသန့်စင်စက်ရုံတွေက ရေတွေပို့ပေးတဲ့အခါနဲ့ ပိုက်လိုင်းတွေ တပ်ဆင်တဲ့အခါ ဂျိုက်ကာကနေ အကူအညီကောင်းတွေ ရရှိခဲ့ပါတယ်။ ဆက်လက်ပြီးတော့ လည်း စီမံချက်တွေကို တိုးမြှင့်ဆောင်ရွက်သွားဖို့ ကျွန်တော်တို့ နှစ်ဦးနှစ်ဖက် ဆွေးနွေးမှုမှတ်တမ်းသဘောတူညီမှု လက်မှတ်ရေးထိုးပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးက နိုဝင်ဘာ ၂၉ ရက်က ရန်ကုန်မြို့တော် ခန်းမရှိ အစည်းအဝေးခန်းမ (၄)၌ ကျင်းပသော သဘောတူညီမှုလက်မှတ်ရေးထိုးပွဲ၌ ပြောကြားသည်။

ဂျိုက်ကာနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းကာ ငပိုးရိပ်ရေပေးဝေရေးစီမံကိန်းတတိယအဆင့်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး **(အောက်ဝဲပုံ)** လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းမှာလည်း အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း သိရသည်။

ဂျိုက်ကာအနေဖြင့် ရန်ကုန်မြို့တော်အတွင်း ရေပေးဝေမှုကဏ္ဍများတွင် ပြည့်ဝသော ပံ့ပိုးမှုများနှင့် နည်းပညာများ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ ရန်ကုန်မြို့ရဲ့ ရေပေးဝေရေး၊ အမှိုက်စွန့်ပစ်ရေးနဲ့ မြန်မာ့မီးရထား အဆင့်မြှင့်တင်ရေးစတဲ့ရန်ကုန်မြို့ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေအားလုံးမှာ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်နေပါတယ်။ နည်းပညာအပြင် ငွေကြေးပံ့ပိုးမှုတွေလည်း ဆက်တိုက်ဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု ဂျိုက်ကာမြန်မာရုံးမှ ဌာနေကိုယ်စားလှယ် မစ္စတာ မာစာဟီကို တာနာကာက ပြောကြားသည်။

သတင်း-ဓင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

သတင်းတိုများ

စစ်ကိုင်းမြို့နန်းတည်နှစ်(၇၀၀)ပြည့်ပွဲတော်ကျင်းပရေးဆွေးနွေးညှိနှိုင်း

စစ်ကိုင်းမြို့တည်နန်းတည်နှစ် (၇၀၀) ပြည့်အထိမ်းအမှတ်ပွဲတော် ကျင်းပရေး သတင်းပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးကော်မတီ ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက်က ပိုးတန်းရပ်ကော်မတီရုံး၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဦးထွန်းလှအောင်နှင့် တာဝန်ရှိသူများ တွေ့ဆုံကြပြီး နှစ် (၇၀၀)ပြည့် အထိမ်းအမှတ် စာစောင်ထုတ်ဝေရေး၊ စစ်ကိုင်းမြို့မှ သမိုင်းဝင်ပုဂ္ဂိုလ်ကြီးများကို မှတ်တမ်းပြုစုကာ ပြခန်းဖွင့်လှစ်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ စစ်ကိုင်းမြို့တည်နန်းတည်နှစ် (၇၀၀) ပြည့်ပွဲတော်ကျင်းပနိုင်ရေးအတွက် စစ်ကိုင်းတောင်ရိုးမှ ဆရာတော်အရှင်သူမြတ်များနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ စစ်ကိုင်းတက္ကသိုလ်ငါးခုနှင့် ကောလိပ်နှစ်ခုမှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ယင်းမာပင်မြို့နယ်၌လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆွေးနွေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၂၉ရက်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေး ဟောပြောရာ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများက လျှပ်စစ်အန္တရာယ်အကြောင်း သိကောင်းစရာများနှင့် လျှပ်စစ်ကြောင့် မီးလောင်ဆုံးရှုံးမှုမဖြစ်ပွားစေရေး ဆွေးနွေးဟောပြောပေးခဲ့ပြီး ဓာတ်အားလိုင်းဆိုင်ရာ တပ်ဆင်ပေးရေးနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်ချက်များကိုလည်း လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ဆက်သွယ်နိုင်ကြောင်းပြောကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

အမျိုးသမီးများအခြေခံအိမ်တွင်းမှုသင်တန်းများ တီးတိန်၌ဖွင့်လှစ်

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(တီးတိန်)၏အခြေခံအိမ်တွင်းမှုသင်တန်းနှင့်အဆင့်မြှင့်စက်ချုပ်သင်တန်းများ၏ သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၈ ရက်က ချင်းပြည်နယ် တီးတိန်မြို့ အိမ်တွင်းမှုသင်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးလတ်နှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုရရှိသူ တီးတိန်မြို့နယ် ထာလ်မွာလ်ကျေးရွာမှ မထန်လမ့်ဝုန်နှင့် ဆွောင်းဇန်ကျေးရွာမှ မဒိမ့်ဒိတ်လျန်းတို့ကို ဆုများပေးအပ်ခဲ့ပြီး သင်တန်းသို့ ဒေသခံတိုင်းရင်းသူ ၇၀ တက်ရောက်ခဲ့သည်။

နေစု(ချင်းရိုးမ)

ရဲလုပ်ငန်းဆောင်ရွက်မှုများ မရမ်းကုန်းမြို့နယ်အတွင်းသတင်းစာရှင်းလင်း

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၂၈ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများပူးပေါင်းဆောင်ရွက်နိုင်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်နှင့် တာဝန်ရှိသူများက မှုခင်းဖြစ်စဉ်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် ဒုစရိုက်ကင်းရှင်းရေးများအတွက် ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ အခမ်းအနားသို့ မြို့နယ်တာဝန်ရှိသူများနှင့် ပြည်သူများ၊ ရပ်မိရပ်ဖများနှင့် အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

တနင်္သာရီတိုင်းဒေသကြီး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၁၀)မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကတ္တရာလမ်း (၁/၁)မိုင်၊ ကျောက်လမ်း (၅၈/၆.၆၈)မိုင်၊ မြေသားလမ်း (၄၁/၅.၃)မိုင်၊ ကွန်ကရစ်လမ်း (၂/၅.၃၅)မိုင်၊ ကွန်ကရစ်တံတား (၁၄၇၁)ပေ၊ သစ်သားတံတား (၁၀၁၉)ပေ၊ ရေပြွန် (၆၀၃)ပေ၊ တွင်းတိမ် (၃)တွင်း၊ တွင်းနက် (၄)တွင်း၊ လက်တူးတွင်း(၁၀)တွင်း၊ ရေကန်(၃)ကန်၊ စိန်စမ်းရေသွယ်ခြင်း (၁၅)ခု၊ အခြား (၄)ခု၊ အိမ်သာ (၃)လုံး၊ ဆေရောင်ခြည်စွမ်းအင် (၂၂၈၆)ခု၊ ရေအားလျှပ်စစ်(၁)ခု၊ မီးစက် (၁)ခု၊ အခြား (၃)ခုတို့ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၂၈-၁၁-၂၀၁၄ ရက် (သောကြာနေ့) ၉း၀၀ နာရီမှစတင်၍ ရုံးချိန်အတွင်း
တင်ဒါပိတ်သည့်ရက်နှင့်အချိန် - ၂၇-၁၂-၂၀၁၄ ရက် (စနေနေ့) ၁၆း၀၀ နာရီအထိ
တင်ဒါတင်သွင်းရမည့်နေရာ - တနင်္သာရီတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပိန်ခဲတောရပ်ကွက်၊ ထားဝယ်မြို့

တင်ဒါဖွင့်လှစ်မည့်ရက်အားထပ်မံကြေညာပါမည်။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၅၅-၂၄၀၆၆၊ တင်ဒါခေါ်ယူရေးကော်မတီ

ပါမောက္ခဦးတင်ရွှေ (ဓာတု-မန္တလေး)
အဝေးရောက် ဓာတုဗေဒဆရာဖြစ်သင်တန်း

၉ တန်း၊ ၁၀တန်း ဓာတုဗေဒပညာများကို အဝေးသင်စနစ်ဖြင့် Lecture Guide များ၊ ညွှန်ကြားချက်များ ပေးပို့၍ သင်ကြားနေသည်။ ယခု (Nov., Dec.,Jan.)Section အတွက် စတင်ပို့ချနေပြီး သင်တန်းကြေးကို (၃)ကြိမ်ခွဲ၍ ဘဏ်မှပေးပို့နိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၁၂၂၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လိုသည့် မကွေးလေဆိပ်အဆောက်အအုံ အကြီးစားပြုပြင်တည်ဆောက်ရန်လုပ်ငန်းများ အတွက် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါလျှောက်လွှာနှင့် တင်ဒါစည်းကမ်းများကို ၁-၁၂-၂၀၁၄ရက်မှ ၈-၁၂-၂၀၁၄ရက် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါဝိတ်ရက်မှာ ၃၁-၁၂-၂၀၁၄ ရက် ညနေ ၁၆း၃၀ နာရီဖြစ်ပါ၍ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
ဖုန်း-၀၆၃-၂၈၅၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအားရန်ကုန်စတိ၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။	**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်**	- ၁-၁၂-၂၀၁၄ရက်
၃။	**တင်ဒါပိတ်မည့်ရက်**	- ၅-၁၂-၂၀၁၄ရက်
၄။	**တင်ဒါပိတ်မည့်အချိန်**	- ၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အဝေးဆက်သွယ်ရေးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးချုပ် အခြေစိုက်အဝေးဆက်သွယ်ရေးစခန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် DWDM & STM-4 ဖိုင်ဘာဆက်ကြောင်းများ 14Nodes နှင့် GbE IP (88Hops) မိုက္ကရိုဝေဗ်ဆက်ကြောင်းများ၌ စက်ပစ္စည်းများ ပို့ဆောင်တပ်ဆင်ခြင်းလုပ်ငန်းများအား ဆက်ကြောင်းဖွင့်လှစ်အသုံးပြုနိုင်သည်အထိ ဆောင်ရွက်ပေးရန် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် ဖိုင်ဘာ/မိုက္ကရိ Transmission လုပ်ငန်းအတွေ့အကြုံရှိသော နိုင်ငံသားပိုင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) DWDM ဖိုင်ဘာဆက်ကြောင်း 12 Nodes နှင့် STM-4 ဖိုင်ဘာဆက်ကြောင်း (2 Nodes)
(၂) (2+0) GbE IP မိုက္ကရိုဝေဗ်ဆက်ကြောင်း (42 Hops)
(၃) (2+0) GbE IP မိုက္ကရိုဝေဗ်ဆက်ကြောင်း (46 Hops)

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ၄-၁၂-၂၀၁၄ ရက်အထိ တင်ဒါပုံစံ Form ရောင်းချမည်ဖြစ်ပြီး ၁၈-၁၂-၂၀၁၄ ရက် ၁၆း၀၀ နာရီတိတိ နောက်ဆုံးထား၍ ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အဝေးဆက်သွယ်ရေးဌာန
အမှတ် ၁၂၅၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၇၀၇၂၇၊ Fax နံပါတ်-၀၁-၃၇၀၄၄၅

ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁၁-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ကြော်ငြာ ၄ ကန့်ကွက်ကြော်ငြာ ကမာရွတ်မြို့နယ် ဦးအေးမြင့်+၁၏ ဂရန်သစ်တွင် မြေကွက်အမှတ် ၂၁၂ အစား မြေကွက်အမှတ် ၄ ဟု ဖတ်ရှုပါရန်။

ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖြည့်စွက်ခွင့်ပြုရန်ပုံဆွဲဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းအမျိုးအစား	လုပ်ငန်းပမာဏ	စံချိန်စံညွှန်း
၁	ကျောက်ချောလမ်း	၆/၀ မိုင်	၂" ×၄" ကျောက်သိပ်သည်းပြီး ၆" ထု၊ ၁၁/၂" ×၂" ကျောက်သိပ်သည်းပြီး ၃" ထု (သပ်ကျောက်အပါ အဝင်)၊ မြေနီကျောက်စရစ်သိပ်သည်းပြီး ၂" ထု၊ လမ်းသားအကျယ် ၁၂'၊ လမ်းပုခုံး တစ်ဘက် ၃ပေစီ သိပ်သည်းပြီး ၉"ထု
၂	မြေနီလမ်း	၁/၆ မိုင်	သိပ်သည်းပြီး ၆" ထု၊ လမ်းပုခုံး တစ်ဘက် ၃ပေစီ
၃	မြေသားလမ်း	၅/၂ မိုင်	အောက်ခြေအကျယ် ၂၄'၊ လမ်းသား အကျယ် ၁၂'၊အမြင့် ၂'၊ ရေမြောင်း နှစ်ဘက် (၃' +၂'/၂) × ၂'
၄	ကွန်ကရစ်တံတား	၃၅၀	သံကူကွန်ကရစ်ကြမ်းခင်း ၉" ထု၊ အုတ်မြစ်အနက် အနည်းဆုံး ၁၀'-၆"
၅	သစ်သားတံတား	၉၉၀	အကျယ်၁၄'၊ အုတ်စီမြေထိန်းနံရံ၊ သစ်သား(သို့)သံရက်မ၊ သစ်သားကြမ်းခင်း
၆	ကွန်ကရစ်ရေကျော်	၃၆၀၀	အကျယ် ၁၈'၊ အုတ်မြစ်အနက် အနည်းဆုံး ၄'၆"လမ်းသားကွန်ကရစ် ၉" ထု
၇	ရေပြွန်	၆၅၀	၃' ပေအချင်း ၃" အထူ ကွန်ကရစ်ရေပြွန် တစ်လုံးတွဲ(သို့) နှစ်လုံးတွဲ (အရှည် ၂၅' အထက်ရေပြွန်များ Box Culvert ဆောင်ရွက်ရန်
၈	Box Culvert	၃၆၀၀	၆" ထု သံကူကွန်ကရစ်ကြမ်းခင်း၊ အုတ်မြစ် အနက် အနည်းဆုံး ၃' -၆"
၉	စက်ရေတွင်း	၇ တွင်း	အနက် ၂၀၀'မှ ၈၀၀'အတွင်း စက် ရေတွင်း၊ အုတ်ရေကန်၊ ရေစက်ရုံ၊ အင်ဂျင်၊ ဂျင်နရေတာ၊ ရေမြှုပ်ပန့်
၁၀	မြေသားရေကန်	၁ ကန်	၁၀၀' ×၁၀၀' ×၆' သွပ်ဆူးကြိုးဝင်းခြံနှင့် လက်နှိပ်တုံကင်
၁၁	အခြားရေပေးရေး	၃ ခု	ကျေးရွာလိုအပ်ချက်အတိုင်း ဆောင်ရွက်ရန်
၁၂	ရေအားလျှပ်စစ်	၂ ရွာ	230V ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်း
၁၃	လျှပ်စစ်ဓာတ်အားလိုင်း	၃ ရွာ	မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ 11KW ဓာတ်အားလိုင်း၊ 400V ဓာတ်အားလိုင်း နှင့် ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၁-၁၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း အမှတ် (A/6) တောင်တွင်းကြီးလမ်းရှိ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၃၁-၁၂-၂၀၁၄ရက်၊ ၁၆း၀၀နာရီ နောက်ဆုံးထားချ၍ တင်ဒါများတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို အထက်ပါရုံးခွဲလည်းကောင်း၊ ဖုန်း-၀၆၃-၂၈၃၆စနှင့် ၀၆၃-၂၈၃၆ဂ တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ

(DPS ရဲ့ GPS)

- အိမ်ခြံမြေ အကျိုးတော်ဆောင်များ အနေဖြင့် မိမိလက်ဝယ်ရှိ မြေကွက်များကို အချိန်တိုအတွင်း ပြန်ရိုင်းမည့်မြေပုံများ။
- Digital Map/GIS Map 2014 မြေပုံရပြီ။
- အစိုးရထုတ်ပြန်ထားသော မြို့နယ်လမ်းများအလိုက် အခွန်နှုန်းထားများ မြေပုံနှင့်တကွရပြီ။
- ယခင်က မြေပုံဟောင်းများရှိခဲ့ပြီး တိုင်းခဲ့ပြီးသော ကွင်း (သို့) ခြံမြေ၊ လယ်မြေများကို လက်ရှိ အခြေအနေများအတိုင်း မြေပုံများ ပြန်လည် ပြုစုနိုင်မည်။ ဧရိယာအမှန်ရမည်။
- ရန်ကုန်မြေပုံများကို ခရိုင်အလိုက်သော် လည်းကောင်း၊ မြို့နယ်တစ်ခုခြင်း၏ အသေးစိတ် အခွက်အလက် လိုအပ်လျှင်သော် လည်းကောင်း၊ ဝန်ဆောင်မှုများကို အချိန်တိုအတွင်း အမြန်ဆောင်ရွက် ပေးလျက်ရှိပါသည်။

Design Printing Services Co., Ltd.
165, 35th St (Mid), KTDA Tsp, Yangon. Tel: 204020, 09 255725948, 0950-30177, www.dpsmap.com, Email: admin@dpsmap.com

DPS MAPS

သူ့စကား

"ကျွန်တော်က သန်လျင်မှာ သီလဝါ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး အကျိုးဆောင် လုပ်ငန်း လုပ်ကိုင်ပါတယ်။ ယခင်က ဝယ်လက်မှာ လိုချင်တဲ့နေရာမှာ အကျယ်အဝန်း(၈က) တိုင်းတာပြီး တည်နေရာကို ပုံနှင့်တကွ ပြသဖို့ မလွယ်ကူခဲ့ပါဘူး။ DPS ရဲ့ GPS ကြော်ငြာတွေ့ပြီး GPS ကို အသုံးပြုခဲ့လို့ ဝယ်လက်မှာလိုချင်သော နေရာရဲ့တည်နေရာနှင့် မြေအကျယ် အဝန်း (၈က)ကို GPS ရဲ့ အကူအညီနဲ့ ပုံနှင့်တကွ တိကျစွာပြသနိုင်ပါပြီ။"

ရန်နိုင်ဦး
(သီလဝါ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အကျိုးဆောင်လုပ်ငန်း)
သန်လျင်-ကျောက်တန်း

လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲ အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ရန်ဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ (၁၂)ကြိမ်မြောက် လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် စာမေးပွဲအောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်)၌ ၂၈-၁၂-၂၀၁၄ရက် (တနင်္ဂနေ့) နံနက် ၉း၀၀နာရီတွင် ကျင်းပပါမည်။

၂။ အဆိုပါအခမ်းအနားတွင် ၂၀၁၄ခုနှစ် သြဂုတ်လ၌ကျင်းပခဲ့သော လက်မှတ်ရပြည်သူ့စာရင်းကိုင် (၃တိယပိုင်း) အမှတ်စဉ်(၃၈) စာမေးပွဲနှင့် ၂၀၁၄ခုနှစ် မေလ၌ ကျင်းပခဲ့သော ဒီပလိုမာစာရင်းကိုင် (၃တိယပိုင်း) စာမေးပွဲအောင်မြင်သူများကို အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်ပါသည်။

၃။ အထက်အပိုဒ်(၂)ပါ စာမေးပွဲအသီးသီးနှင့် ၂၀၁၄ခုနှစ် မတ်လ၌ ကျင်းပခဲ့သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း) အမှတ်စဉ်(၃၉) စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယအဆင့်ဖြင့် အောင်မြင်သူများနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံး ရရှိသူများကိုလည်း ဂြေသားဆုများ ချီးမြှင့်မည်ဖြစ်ပါ၍ အောင်လက်မှတ်နှင့် ဆုလက်ခံရယူမည့် သင်တန်းသား သင်တန်းသူအားလုံးကို အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားပါသည်။

၄။ အောင်လက်မှတ်တက်ရောက်ယူမည့်သူများသည် အောင်လက်မှတ်ကြေးကျပ် ၅၀၀၀နှင့် ပတ်စ်ပို့အရှယ်ဓာတ်ပုံတစ်ပုံ၊ ဆုလက်ခံရယူမည့်သူများသည် တက်ရောက်ခွင့်လျှောက်လွှာကို အပိုဒ်(၁)ပါလိပ်စာတွင် ၁-၁၂-၂၀၁၄ရက်မှ ၁၉-၁၂- ၂၀၁၄ ရက်အတွင်း ပေးသွင်းလျှောက်ထားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံစာရင်းကောင်စီ

ရောင်းရန်ကြော်ငြာ
တရားမကျင့်ထုံး ကိုဧဝေအေအမိန့်-၂၁၊ နည်းဥပဒေ-၆၆
မြိတ်ခရိုင်တရားရုံး
၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၃၉

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
မြိတ်မြို့။ — နှင့် — ၁။ ဦးမြင့်ဆွေ ၂။ ဒေါ်အင်မူ

တရားနိုင် — **တရားရှုံးများ**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်တရားရုံး၏ ၂၀၁၃ခုနှစ် တရားကြီးမှုအမှတ်(၁၃)တွင် ရရှိခဲ့သော ဒီကရီအရ အောက်ပါပစ္စည်းကို ၂၀၁၃ခုနှစ် ဇန်နဝါရီ ၁ရက် (၁၃ဂ၆ခုနှစ် ပြာသိုလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်း

မြိတ်မြို့၊ ဝန်စရာရပ်၊ ဒေါနလမ်း၊ အမှတ် (၉၈၈)၊ ကွင်းအမှတ်-၂၂(တ)ကြောင်ငယ်၊ ဦးပိုင်အမှတ်-၂၂၊ မြေဧရိယာ ၀ဒသမ၁၃၄ကရှိ မြေဌားဂရန်မြေ(၁)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၄၆×၂၂×၁၁)ပေရှိ မြေညီထပ်ကွန်ကရစ်ခင်း အာရံစီတိုင်နှင့် အုတ်နံရံကာ၊ ပထမထပ် လျှာထိုးပျဉ်ခင်း၊ အာရံစီတိုင်နှင့် အုတ်နံရံကာ သွပ်မိုး(၂)ထပ်တိုက်တစ်လုံး။ **လေလံကြိမ်းခင်းဈေး ကျပ်သိန်း ၈၀၀**

လေလံရောင်းချမည့်စည်းကမ်းချက်များ

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှသာဖြစ်ပါသည်။ မှားယွင်းကြောင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းရသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်သည်။သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် အသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
(၄) လေလံတင်ရောင်းချရာတွင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်-၁၀၀/-လျှင် ၂၅/-ကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
(၅) လေလံတင်ရောင်းချခြင်းကို ရောင်းချသည့်အရာရှိက ရွေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
(၆) ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံး၌ အပြေအကျေပေးသွင်းရမည်။(၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမဖွင့် သည့်ရက်တွင် ပေးသွင်းရမည်။
(၇) လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက တစ်ဖန်ပြန်၍ လေလံတင်ရောင်းချပေးလိမ့်မည်။ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းအောင်)
ခရိုင်တရားသူကြီး၊ မြိတ်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားမြို့၊ စီတာပူ၊ စက်မှုရပ်ကွက်၊ အိမ်အမှတ် ၅၀၊ ခြံအမှတ် ဦးပိုင်-၂၀၁၈ ဦးစဘော်ထိန်နူးခေါင် ၁/မကန(နိုင်)၀၉၁၄၄၆၉ မြေပေးအမိန့် ဦးပိုင်-၂၀၁အား ၁၉၉၉-၂၀၀၀ခုနှစ်တွင် အစိုးရရုံးမှ ထုတ်ယူရရှိခဲ့ပြီး မိမိအိမ် ပြောင်း ရွှေ့မှုပြုလုပ်စဉ် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်ထုတ်ယူပေးပါရန် လျှောက်ထားချက်အပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစဘော်ထိန်နူးခေါင် ၁/မကန(နိုင်)၀၉၁၄၄၆၉
ဖုန်း-၀၉-၄၄ဝ၀၀၁၅၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ အေးသာယာမြို့၊ မြေကွက်အမှတ် ၆၆၊ အကွက်အမည် (စမ်းသီတာ)၊ ဦးပိုင်မြေကွက်အမှတ် ၁၆၀၊ ဧရိယာ ၀ ဒသမ ၀၅၇၊ စတုရန်းပေ ၂၄၈၃၊ အလျားပေ၆၀×အနံပေ၄၀ ဂရန်အမှုတွဲအမှတ် ၁၆၁၉(၁၉၉၂-၂၀၂၂) နှစ် ၃၀ ဖြင့် ဂရန်မြေ၏ မူလအမည်ပေါက်သူမှာ ဦးမြင့်ဦး၊ ကပ-၄၇၇၅၀၃(၆၄၆) စစ်လက်နက်ပစ္စည်းတပ်ဖြစ်ကြောင်းသိရှိရပါသည်။ ယခုအခါ အရောင်းအဝယ် ဆက်စပ်စာချုပ်များအရ ဦးဝင်းမြင့် နဝ.နရ(နိုင်)၀၂၆၆၁၉ဂ ၄င်းသာလျှင် ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းမရှိရကြောင်း၊ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဒေါ်သိန်းဌေး ၁၃/တကန(နိုင်)၀၃၁၁၇၀က အထက်လိပ်စာပါဂရန်မြေနှင့် ၄င်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုအပြီးအပိုင်ဝယ်ယူရန်အတွက် ၂၆-၁၁-၂၀၁၄ ရက်တွင် တန်ဖိုး၏ သုံးပုံနှစ်ပုံကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

၂။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကြေညာချက်ပါရှိပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ခွင့်ကိစ္စအရပ်ရပ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိအိဖြိုးဟန်(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၂)
အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးဝင်း
အမှတ်(၃)ရပ်ကွက်၊ ထုံးဖို၊ အေးသာယာမြို့
ဖုန်း-၀၉-၄၀၃၇၃၆၅၈၊ ၀၉-၃၀၆၆၃၉၉၇

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်
(၃၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်၏ (၃၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အစမ်းလေ့ကျင့်ခြင်း ၉-၁-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၉း၀၀နာရီ
ဘွဲ့နှင်းသဘင် ၁၀-၁-၂၀၁၅ ရက် (စနေနေ့) နံနက် ၉း၀၀နာရီ

၂။ (၃၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်၏ အောက်ပါစာမေးပွဲများကို အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။

(က) သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူ(၁၂/၂၀၁၁) သင်တန်းစာမေးပွဲ အောင်မြင်သူများ။
(ခ) သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံ (၅/၂၀၁၂) ပုံမှန်သင်တန်းနှင့် (၅/၂၀၁၂) နောက်ဆက်တွဲစာမေးပွဲအောင်မြင်သူများ။
(ဂ) အထွေထွေသွားရောဂါကုဒီပလိုမာ (၁၂/၂၀၁၂) သင်တန်းနောက်ဆက်တွဲ စာမေးပွဲနှင့် အထွေထွေသွားရောဂါကုဒီပလိုမာ (၁/၂၀၁၄)သင်တန်း စာမေးပွဲအောင်မြင်သူများ။
(ဃ) နောက်ဆုံးနှစ်ဘီဒီအက်စ်(၁/၂၀၁၂) သင်တန်း ထပ်ကျော့စာမေးပွဲ အောင်မြင်သူများနှင့် နောက်ဆုံးနှစ် ဘီဒီအက်စ်(၁/၂၀၁၃) သင်တန်း ပုံမှန်စာမေးပွဲအောင်မြင်သူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
တက်ရောက် - ၁၅၀၀/- (ကျပ်တစ်ထောင့်ငါးရာ)
အဝေးရောက် - ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဘွဲ့လွန်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော (၁$\frac{1}{2}$×၂)လက်မအရွယ် ကာလာဓာတ်ပုံသုံးပုံ ပူးတွဲလျက် ၈-၁၂-၂၀၁၄ ရက်မှ ၂၆-၁၂-၂၀၁၄ ရက်အထိ တင်သွင်းကြရမည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ် မော်ကွန်းထိန်း၊ ဘွဲ့နှင်းသဘင်နှင့် ဘွဲ့လွန်ဌာနစိတ် ဖုန်း-၅၇၁၂၇၁၊ ၅၇၁၂၇၃၊ ၅၆၄၆၃၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(ဖျိုးဝင်း)
လက်ထောက်မော်ကွန်းထိန်း
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်
ရန်ကုန်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/3125၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇/၃၄၆၇၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ရောင်းရန်ကြော်ငြာ
တရားမကျင့်ထုံး ကိုဧဝေအေအမိန့်-၂၁၊ နည်းဥပဒေ-၆၆
မြိတ်ခရိုင်တရားရုံး
၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၂၈

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
မြိတ်မြို့။ — နှင့် — ၁။ ဦးတင်ထွန်း ၂။ ဒေါ်ရွှေဝင်း

တရားနိုင် — **တရားရှုံးများ**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်တရားရုံး၏ ၂၀၁၃ခုနှစ် တရားကြီးမှုအမှတ်၄၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်ပါပစ္စည်းကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁ရက် (၁၃ဂ၆ခုနှစ် ပြာသိုလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်း

မြိတ်မြို့၊ မြို့သစ်(၇)ရပ်၊ ယုဇနလမ်း၊ အမှတ် (၁၆/တ)၊ ကွင်းအမှတ် ၃၉(င)ဘုကားကိုင်၊ ဦးပိုင်အမှတ် (ခ/၆၆၇)၊ မြေဧရိယာ ၀ ဒသမ ၀၂၃ဧကရှိ ဂရန်မြေ (၁)ကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ (၃၃×၁ဝ×၂၀)ပေရှိ မြေညီထပ်ကွန်ကရစ်ခင်းပေါ်ကြေပြားခင်း သံကူကွန်ကရစ်တိုင်၊ အုတ်နံရံကာ၊ ပိုင်ဇောင်းနေရင်း၊ ဖော်မီကာအိပ်ခန်း၊ ပထမထပ်၊ သံကွန်ကရစ်ရက်မ၊ လျှာထိုးကြမ်းခင်း၊ သံကူကွန်ကရစ်တိုင်၊ အုတ်နံရံကာ၊ ဂျပန်လျှာထိုးနံရံကာ အိပ်ခန်း၊ ရှေ့မျက်နှာစာကြွေပြားကပ်၊ ကွန်ကရစ်မိုး(၂)ထပ်တိုက်တစ်လုံး။

လေလံကြိမ်းခင်းဈေး ကျပ်သိန်း (၇၀၀)

လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှသာဖြစ်သည်။ မှားယွင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါ က တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်သည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချရာတွင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသည့်အရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုဝယ်၍ (၁၅)ရက်မြောက်နေ့တွင် တရားရုံး၌ အပြေအကျေပေးသွင်းရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမ ဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းအောင်)
ခရိုင်တရားသူကြီး၊ မြိတ်ခရိုင်တရားရုံး

ဖြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၁-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာ ကြော်ငြာ ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ် (၁၂)ဦးတင်ဦး+၂၏ အမည်ပြောင်းတွင် မြေကွက်အမှတ် S-၅၈ အစားမြေကွက်အမှတ် (၂၂) ဟု အမှန်ဖတ်ရှုပါရန်။

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ ၂၄ လမ်း၊ အမှတ် ၅၃၈/ကနေ ဦးသောင်းမြင့်ပိုင်ဆိုင်သည့် မြေကွက်ပေါ်တွင် ဧရယျတုဆောက်လုပ်ရေးမှ ကန်ထရိုက်တာတစ်ဦးဖြစ်သည့် ဦးကျော်သွင် ၁၂/ဗတထ(နိုင်)၀၀၂၆၅၇ဆောက်လုပ်လျက်ရှိသည့် တစ်ခန်းတွဲ ၎င်းထပ်တိုက်အနက်မှ ကန်ထရိုက်တာရရှိမည့် ၁စပေ×ပေ၅၀အကျယ်ရှိ ၎င်းလွှာ (စ-ထပ်) Hall တိုက်ခန်းအား အပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်စွာထွန်းက ဦးကျော်သွင်ထံသို့ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ပါ အချက်အလက်အတိုင်း ၃၀-၁-၂၀၁၄ရက်မှစ၍ အရစ်လိုက်ပေးချေထားပြီးဖြစ်သည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်သူမရှိပါက စာချုပ်ပါအတိုင်း ကျွန်ုဒွေပေးဆောင်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ရည်မွန်ထက် LL.B, D.B.L, D.I.L **ဦးလင်းနိုင်မြင့် M.B.L, D.B.L**

အထက်တန်းရှေ့နေ **တရားလွှတ်တော်ရှေ့နေ**

အမှတ် ၄၀၊ ဦးထွန်းလင်းခြံလမ်း၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၀၉-၄၃၀၃၀၃၅၇

အများသိစေရန်အသိပေးကြေညာခြင်း

"ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃/ရန်ပြေ)ရပ်ကွက်၊ ရန်ပြေ ၁၂လမ်းရှိ အမှတ် (၂၃)ပေါ်တွင် GREEN ENERGY CONSTRUCTION မှ ဆောက်လုပ်မည့် (၃)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အအုံတွင် ကန်ထရိုက်တာအကျိုးခံစားခွင့်ရရှိမည့် လေးလွှာ(ခြေရင်းခန်း)၊ (အလျား ၁၂ဝ်×အနံ ၅၄)ပေရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ GREEN ENERGY CONSTRUCTION ၏ကန်ထရိုက်တာ ဦးစန်းတင့်ဧရာ၏ ၁၂/ပဇတ(နိုင်)၀၃၃၀၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် "၂၆-၁၁-၂၀၁၄ ရက်စွဲပါ အရစ်ကျငွေပေးချေခြင်းစနစ်ဖြင့် တိုက်ခန်းရောင်းဝယ်ခြင်းကတိစာချုပ်"အရ တရားဝင်နည်းလမ်းတကျဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏ တန်ဖိုးငွေအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ကန့်ကွက်ရန်ရှိပါက ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များအားယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးသီတာမော်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၄၂၉)

Than Than Win & Associates (Law Firm)

အမှတ်(၁၀၅)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၅၁၄၈၅၂၁၊ ၀၁-၃၇၇၇၅၈

ဦးကျော်မောင်မောင်ဦး @ Mr. Fat (Shaffi) @ Jue Ko

၁၂/တမန(နိုင်)၀၀၂၈၉၅ သိစေရန်

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၃၀)နေ ဦးလွင်မိုး ၁၂/ပဇတ(နိုင်)၀၀၇၆၀၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားသိစေအပ်ပါသည်။

၁။ ဦးကျော်မောင်မောင်ဦးသည် WAAHID Trading Company Limited အမည်ဖြင့် ကားအရောင်းပြခန်း ဖွင့်လှစ်ရောင်းချခဲ့စဉ် ကျွန်ုပ်တို့၏မိတ်ဆွေအား T/IPSUM S. WHITEACM 21003374 အမျိုးအစား မော်တော်ယာဉ်တစ်စီးအား ကျပ် ၁၉၅ သိန်းတိတိဖြင့် ရောင်းချပေးမည်ဆိုကာ ၃-၁၀-၂၀၁၂ရက်ကတည်းက စရန်ငွေကျပ်သိန်း ၅၀တိတိကို စာချုပ်ချုပ်ဆိုလက်ခံ ရယူထားခဲ့ကြောင်း လွှဲအပ်ချက်အရသိရှိရပါသည်။

၂။ သို့သော် ဦးကျော်မောင်မောင်ဦးသည် ကျွန်ုပ်တို့၏မိတ်ဆွေအား ရောင်းချပေးမည်ဆိုသော အထက်ပါအမျိုးအစားမော်တော်ယာဉ်ကို ရောင်းချပေးအပ်ခဲ့ခြင်း မပြုခဲ့သည့်အပြင်၊ ရယူထားသည့် စရန်ငွေကျပ်သိန်း ၅၀ကိုလည်း ယနေ့အချိန်ထိ ပြန်လည်ပေးအပ်ခဲ့ခြင်းမရှိ၍ ကျွန်ုပ်တို့၏ မိတ်ဆွေတွင် နစ်နာမှုများဖြစ်ပေါ်နေကြောင်းကိုလည်း ဦးကျော်မောင်မောင်ဦးမှ ကိုယ်တိုင်သိရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ဦးကျော်မောင်မောင်ဦး ရယူထားသည့် စရန်ငွေကျပ်သိန်း ၅၀ နှင့် ဦးကျော်မောင်မောင်ဦးရယူထားသည့် (၂)နှစ်တာကာလအတွက် နစ်နာကြေးငွေ (၂၅)သိန်း စုစုပေါင်းငွေ ကျပ် ၇၅သိန်းတိတိကို ယခုကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ဖြစ်စေ၊ တစ်လုံးတစ်ခဲတည်း အပြေအကျေ လာရောက်ပေးအပ်ရန် အကြောင်းကြားပါသည်။

၄။ ပျက်ကွက်ခဲ့ပါက ထပ်မံ၍အကြောင်းကြားတော့မည်မဟုတ်ဘဲ တရားဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကုန်ကျမည့်တရားစရိတ်အဝယ်သည် ဦးကျော်မောင်မောင်ဦး၏ တာဝန်သာဖြစ်ကြောင်းကိုလည်း ထပ်လောင်းသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးအောင် LL.B **ဒေါ်သန္တာဝင်း LL.B, D.B.L, D.I.L**

တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၆၀) **အထက်တန်းရှေ့နေ(စဉ်-၃၅၂၄၈)**

အမှတ် (၃၅) သုံးလွှာ၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၃၈၇၃၁၂၊ ၀၉-၅၁၀၃၃၈၉၉၊ ၀၉-၄၃၀၂၃၁

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ လက်ယက်စမ်းကျေးရွာ၊ အမှတ် ၂၁၊ ဦးပိုင်အမှတ် ၁၅၂/ယ၊ ဒေါ်နန္ဒာမျိုး ပြေစာအမည်ပေါက်ခြံမြေ ပေ(၁၃၀×၄၀)အကျယ်ရှိမြေအား ၁၉-၆-၂၀၁၄ ရက်တွင် ဦးမျိုးမြင့်အောင် ၁၂/ဆကခ(နိုင်)၀၁၆၂၅၉၉မှ ဒေါ်မင်းမင်းသွယ် ၇/တဂန(နိုင်)၀၉၈၉၂၉၉မှ ဝယ်ယူလက်ရောက်ရယူပိုင်ဆိုင်ခဲ့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မင်းမင်းသွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှ LL.B

အထက်တန်းရှေ့နေ (စဉ်-၂၉၆၆၀/၀၉)

ဖုန်း-၀၉-၄၃၀၇၃၄၂၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် (၈၂၂)၊ လေးလွှာ(က)၊ (၁၅×၅၀)ပေ၊ (၇၅၀)စတုရန်းပေအကျယ်အဝန်းရှိ နေအိမ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အခန်းရှင်ဦးစီးဘဲကူးမား ၁၂/ဥကမ(ဇည်)၀၀၀၂၀၆ ထံမှ ဒေါ်သူဇာဝင်း ၉/မထလ(နိုင်)၀၀၁၇၄၆ က ၂၆-၁၁-၂၀၁၄ ရက်တွင် နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် တိုက်ခန်း၀ယ်ယူ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေ၀ယ်ယူထားပြီး ဖြစ်ပါသည်။ ဤအရောင်းအ၀ယ်ကို ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှ ၅ ရက်အတွင်း တရား၀င်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအ၀ယ်ပြုလုပ်ခြင်းကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သူဇာ၀င်း

၉/မထလ(နိုင်)၀၀၁၇၄၆

အမှတ် ၂၁၊ ခြောက်လွှာ(က) ဘယသုဒ္ဓိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်

ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၀-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ (၃) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၇) ဒေါ်အေးသန်း+၁၏ အမည်ပြောင်းတွင် လျှောက်ထားသူ ဒေါ်အေးသန်း+၁အစား ဦးသန်းထွန်း ၁၂/ဥကတ(နိုင်)၀၁၇၁၄၄ ဟု အမှန်ဖတ်ရှုပါရန်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ၀င်း (ပဲခူးမြို့၊ မိုလ်းခိုင်ကြီးရွာ)

အသက်(၇၇)နှစ်

တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အာသောကလမ်း၊ အမှတ် ၄၁ (ပထမထပ်)နေ (ဦးလှအောင်-ဒေါ်ဖွား တင်)တို့၏သမီး၊ ဦးပု(ခ)ဦးမျိုးဝင်း)၏ ချစ်လှစွာသောဇနီး၊ ဦးမြင့်သိန်း-ဒေါ်မူမူမြင့်၊ ဦးအောင်မင်း-(ဒေါ်တင်ကြည်)၊ ဦးသန်းနွေး(ခ)ကိုဌေး(2/E)မာလာတီ 6 RTS-ဒေါ်ခင်ခင်ဌေး (ဌေးသယ်ယူပို့ဆောင်ရေးနှင့် လိပ်သည်းကျောက်ရောင်းဝယ်ရေး)၊ (ဦးဌေးမြင့်)-ဒေါ်သန်းသန်း၊ ဒေါ်တင်တင်ရီ၊ (ဦးစံမြင့်ဦး)-ဒေါ်လဲ့လဲ့ပြုံး(စမ်းချောင်း-စည်ပင်)တို့၏မိခင်၊ မြေးဘ၅ယောက်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏အဘေးသည် ၂၉-၁၁-၂၀၁၄ရက် ညနေ ၃း၂၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုဿာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂီဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဦးမြသောင်း

(မော်လမြိုင်မြို့နယ်၊ ကတိုးကျေးရွာ)

အသက်(၇၆)နှစ်

မော်လမြိုင်မြို့နယ်၊ ကတိုးကျေးရွာနေ (ဦးနီ-ဒေါ်ရင်မိ)တို့၏သား၊ (ဦးမောင်တင်-ဒေါ်ပုတင်)တို့၏သားသမက်၊ ကော့သောင်းမြို့နယ်နေ (ဦးဒေါလာ)-ဒေါ်ခင်တင့်၏မောင်(ဦးကွန်ပါ)-ဒေါ်ခင်လှတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တိုက် ၂၊ အခန်း ၂၀၅၊ မြနန္ဒာအိမ်ရာ၊ (၁၄)ရပ်ကွက်၊ အုတ်ကျင်း၊ လှိုင်မြို့နယ်နေ (ဦးစိုးသောင်းဦး)-ဒေါ်သင်းသင်းမော်၊ ဒေါက်တာလှဝင်း-ဒေါ်သန်းသန်းဝင်း၊ ဦးမြနိုင်-ဒေါက်တာမိုမိုတွန်း၊ ဦးမင်းနိုင်-ဒေါ်မိုးမိုးအေး၊ ဦးဟိန်းအောင်-ဒေါ်အေးအေးအောင်၊ ဦးသန်းထွန်း-မမြတ်မွန်၊ (ကိုသိန်းထိုက်)-မမိုးမိုးခိုင်၊ မလဲ့လဲ့ဝင်း၊ မောင်မောင်ထင်ပေါ်-မခင်ဝေယံအေး တို့၏ဖခင်၊(ဒေါ်ဝင်းကြည်)၏ခင်ပွန်း၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၂၉-၁၁-၂၀၁၄ရက်(စနေနေ့) နံနက် ၁၁း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုဿာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တရားရုံးတော်၌

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၂၆

ဦးဇော်ညွန့် နှင့် ၁။ ဦးဝင်းဇော်ဦး

၂။ ဦးမိုးဝင်း

တရားလို **တရားပြိုင်များ**

အမှတ် ၄၉၃၊ သဲလွင်လမ်း၊ ၆၄/ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေ (၁) ဦးဝင်းဇော်ဦး၊ (၂) ဦးမိုးဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးဇော်ညွန့်က မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အရေးကိစ္စ ကိုကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေ၊ တရားပြိုင်မှ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖွဲ့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ဧရေွင်)

မြို့နယ်တရားသူကြီး

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဇဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ညောင်တုန်းမြို့နယ်တရားရုံးတော်၌

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၄

ဒေါ်သန်းသန်းဌေး နှင့် ၁။ ဦးမောင်မြင့်

၂။ ဦးကြည်

၃။ ဒေါ်ကျင်သန်း

၄။ ဦးအောင်မြင့်

၅။ ဒေါ်သန်းသန်း၀င်း

တရားလို **တရားပြိုင်များ**

ဂန်ချောင်းကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာ၀တီတိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ဦးမောင်မြင့်၊ ဦးအောင်မြင့် သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ခွင့်ပြုချက်ဖြင့် အခမဲ့ထားသူများအား ဖယ်ရှားထွက်ခွာပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၈ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအဖွဲ့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(ဝင်းဝင်းနွယ်)

မြို့နယ်တရားသူကြီး

ညောင်တုန်းမြို့နယ်တရားရုံး

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ ဦးဝင်းနိုင်ဦး-ဒေါ်ထွေးထွေးနိုင်တို့၏သား မောင်ကျော်ဇင်နိုင် ၁၂/တမန(နိုင်)၁၁၂၂၀၂သည် မိဘဆွေမျိုးသားချင်းများအပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘများ၏ သွန်သင်ဆုံးမမှုများကို နာခံခြင်းမရှိပါသဖြင့် ၄င်းအား ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို (လုံး၀) လုံး၀တာ၀နိ်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)**

ဦး၀င်းနိုင်ဦး ၁၂/ဗဟန(နိုင်)၀၀၃၀၀၀

ဒေါ်ထွေးထွေးနိုင် ၁၂/တမန(နိုင်)၀၃၂၁၁၄

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး

ဦးကြင်သိန်း မြန်မာနိုင်ငံစာရင်းကိုင်များအသင်း (FBSA)

အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်းမြို့နယ်၊ ကျိတ်တန်းလမ်း၊ အမှတ် ၄၂၊ ပထမထပ် (ခြေရင်းခန်း)နေ ဒေါ်မြင့်မြင့်အေး (ကုန်သွယ်ရေး-၁၀၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်သိန်း-ဦး)-ဒေါ်အေးအေးသင်း၊ ဦးလှိုင်ထွန်း-ဦး-(ဒေါ်မာမာသိန်း)၊ ဦးထင်အောင်-ဒေါ်အေးအေးသိန်း (အမျိုးသားမှတ်တမ်း)၊ ဦးကျော်ကျော်သိန်း (VOA) -ဒေါ်ဥမ္မာချို၊ ဦးအောင်မြင့်မိုး (SMART Group of Company)-ဒေါ်သီတာသိန်း၊ ဦးစိုးကြည်သိန်း (အဆွေရိပ်ကွန်ယျူတာ မိတ္တူ)-ဒေါ်သန္တာအောင် (2C2P)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၉-၁၁-၂၀၁၄ ရက် (စနေနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုဿာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၁၂-၂၀၁၄ရက် (သောကြာနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ဆောင်

ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း)၊ ရောင်း/စက်၊ မြန်မာ့သစ်လုပ်ငန်း

အသက်(၇၆)နှစ်

ဒေါက်တာဌေးဌေးစိန် (ပါမောက္ခ၊ သတ္တဗေဒဌာန၊ မြိတ်တက္ကသိုလ်)၏ ဖခင်ကြီးသည် ၂၇-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခ(ဌာနမှူး)၊ ပါမောက္ခများနှင့် ဆရာ/ဆရာမများ

သတ္တဗေဒဌာန၊ မန္တလေးတက္ကသိုလ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး

ဦးသန်းနိုင် I.T.C မိုးကောင်း၊ စက်မှုလက်မှုသင်တန်းကျောင်း(ငြိမ်း)

အသက် (၆၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်နေ (ဦးဖေတင်-ဒေါ်မြမြအေး) တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးအေးကို)-ဒေါ်ခင်မိမိလှိုင်တို့၏ညီ၊ (ဦးစောသီ ခို)-ဒေါက်တာဒေါ်အောင်အောင်ကြည်တို့၏အစ်ကို၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၆လမ်း၊ အမှတ် ၅၃၊ ဒုတိယထပ်(ခြေရင်းခန်း)နေ မမေသွယ်ဦး၊ မသင်းသင်းနိုင်တို့၏ဖခင်၊ ဒေါ်ခင်အေးအေးထွန်း၏ ချစ်လှစွာသော ခင်ပွန်း သည် ၂၉-၁၁-၂၀၁၄ရက် (စနေနေ့) နံနက် ၃း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂- ၂၀၁၄ရက် (တနလာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အခေါ်ကြီးရှိ ထိန်ပင်သုဿာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဒေါ်ခိုင်ချိုကျော်ငြိမ်း

အသက်(၆၁)နှစ်

ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ် ၉၅နေ (ဦးကျော်ငြိမ်း-ဒေါ်နွဲ့နွဲ့ရီ)တို့၏ သမီး၊ ဦးခင်ဇော်၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးသက်နိုင်ဖြိုး-မဇာ၀တ်ရည်တို့၏မိခင်၊ ဦးသောင်းကျော်ငြိမ်း၊ ဦးအောင်ကျော်ငြိမ်း-ဒေါ်စပ်စုမြတ်၊ ဒေါ်ချိုချိုကျော်ငြိမ်း၊ ဒေါက်တာထွန်းကျော်ငြိမ်း- Dr. Susanne Prager Nyein၊ ဦးဘိုဘိုကျော်ငြိမ်း-ဒေါ်စုတို့၏ညီမ၊ ဒေါ်ယမင်းကျော်ငြိမ်း၏အစ်မသည် ၂၉-၁၁-၂၀၁၄ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုဿာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂီဟ အပေါင်းအား အသိပေးအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်ကျော်နိုင် A.G.T.I (M.P) B.Sc (Physics)

အသက် (၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ တိုက်(၁)၊ အခန်း ၂၄နေ (ဦးတင်လှ)-ဒေါ်သန်းကြည်တို့၏သားကြီး၊ (ဦးတင်အောင်မြင့်)-ဒေါ်ခင်ရီရီစံတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၂၅၁၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်နေ ဒေါ်ဥမ္မာမြင့် (Eastern Rose Fashion House)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းထူးကျော် (B.Arch 2014)၊ မခင်သစ္စာစိုး (BIT.16)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်

ယနေ့နံနက် ၉ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၉ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင်နိုဝင်ဘာလပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၃ ဒီဂရီစင်တီဂရိတ်ထိ၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့၊ ဟားခါးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၀၆ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း၊ စင်လာကူ (SINLAKU) သည် ဗီယက်နမ်နိုင်ငံတောင်ပိုင်းကမ်းခြေဒေသများသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

ရေစူးကန့်သတ်ချက် လိုက်နာကြရန် ရေလမ်းသတိပေးနှိုးဆော်ချက်

ပြည်တွင်း ရေလမ်းများတွင် ရေယာဉ်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် နှစ်စဉ် နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်အတွင်း ရေနည်းကာလ သတ်မှတ်၍ ရေယာဉ်များ၏ ဝန်တင်ရေစူးကို ရေကြောင်းနယ်မြေများအလိုက် အောက်ပါအတိုင်း ကန့်သတ်ထားပါသည်-

စဉ်	မြစ်အမည်	ရေကြောင်းနယ်		ရေစူးကန့်သတ်ချက်	
		မှ	ထိ	ပေ	လက်မ
၁။	ဧရာဝတီမြစ်	ဟသ်ာတ	ပြည်	၅	၆
၂။		ပြည်	မန္တလေး	၅	၀
၃။		မန္တလေး	ကသာ	၄	၀
၄။		ကသာ	ဗန်းမော်	၃	၉
၅။		ဆင်ဘို	မြစ်ကြီးနား	၂	၆
၆။	ချင်းတွင်းမြစ်	ချင်းတွင်း၀	မုံရွာ	၃	၀
၇။		မုံရွာ	ကလေး၀	၃	၃
၈။		ကလေး၀	ဟူမ္မလင်း	၃	၀
၉။		ဟူမ္မလင်း	ခန္တီး	၂	၆

သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေးစူးကန့်သတ်ချက်ကို ရေယာဉ်များ လိုက်နာရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

ကြော်ငြာ

ကျေးဇူးတင်ရှိပါကြောင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကထိန်၊ သာသနာ ဒါယကာကြီး
ဦးစိန်းမောင် (ဆန်းနယ်ဦးဆေးဆိုးပန်းရိုက်လုပ်ငန်း၊ မုံရွာမြို့)
အသက်(၉၀)

၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)တွင် ခန္ဓာဟောင်းကိုစွန့်ပစ်၍ ဘဝတစ်ပါးသို့ပြောင်းသွားသော ဆန်းနယ်ဦးမိသားစု၏အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဖခင်ကြီး ဦးစိန်းမောင် အသက်(၉၀)အား ကျန်းမာချမ်းသာစွာနှင့် အသက်ရှည်စေရန် အထူးဂရုစိုက်၍ ကျန်းမာရေးပြုစုစောင့်ရှောက်ပေးခဲ့ပါသော တူဖြစ်သူ မုံရွာမြို့၊ မေတ္တာဦးဆေးရုံပိုင်ရှင်ဒေါက်တာမြင့်မြင့်ဦးနှင့်ဥတုပြောင်းဖျားနာစဉ်ပြုစုကုသပေးသော မေတ္တာဦးဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများ၊ ၂၃-၁၁-၂၀၁၄ရက် မန္တလေးမြို့သို့ရောက်ရှိစဉ် ကျန်းမာရေးကုသမှုများ အထူးဆောင်ရွက်ပေးသော သမီးဖြစ်သူ သမားတော်ကြီး ဒေါက်တာထွန်းအောင်ကျော်-ဒေါက်တာမို့မို့ကြည်နှင့်နန်းတော်ဆေးရုံမှဆရာဝန်၊သူနာပြုများ၊ ဖေဖေ၏အိမ်ထောင်ရေးယောက်ျား ဦးမောင်ရှိကာလနေထိုင်စဉ် အနီးကပ်ပြုစုခဲ့ပါသော တူမ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ရွှေးရွှေးသန်း၊ မြေး-မောင်တိုးတက်လှိုင်၊ မောင်ဇော်နိုင်ဝင်း၊ ဖေဖေ၏ညီ၊ ညီမနှင့်မြေးများအားလည်းကောင်း၊ ဖျားနာဝေဒနာပျောက်ကင်းသည့် ၂၃-၁၁-၂၀၁၄ရက် နံနက် မုံရွာနေအိမ်တွင် သက်နံ့နှင့် လှုံ့ဖြေယိမ်းဆက်ကပ်လှူဒါန်းရာ၌ ကြွရောက်၍ ဖခင်ကြီးလေ့လာဆည်းပူးဖြေဆိုအောင်မြင်ခဲ့သည့် အာဘိဓမ္မာတရားများနှင့် အနုမောနာတရားများ ချီးမြှင့်ပေးခဲ့ပါသော သုတရာမကျောင်းတိုက် ဦးခေမိန္ဒ(ဓမ္မာစရိယ)အားလည်းကောင်း၊ ၂၅-၁၁-၂၀၁၄ရက် နံနက် ဦးစိန်းမောင်၏ နောက်ဆုံးအချိန်ကာလ သက်နံ့နှင့်လှုံ့ဖြေယိ ဆက်ကပ်လှူဒါန်းရာ၌ နန်းတော်ဆေးရုံသို့ကြွရောက်၍ အာဘိဓမ္မာတရားနှင့် သရဏဂုံသုံးပါးချီးမြှင့်ပေးခဲ့ပါသော မန္တလေးမြို့ မဟာဓမ္မပါလကျောင်းတိုက် ဦးကုမုဒအားလည်းကောင်း၊ ဦးစိန်းမောင်နေအိမ်တွင် ၂၅-၁၁-၂၀၁၄ရက်သံဝေဂတရားနှင့် ၂၆-၁၁-၂၀၁၄ရက် သက်ဗျောက်ဆွမ်းတရား ဟောကြားပေးခဲ့ပါသော သုတရာမကျောင်းတိုက် ဦးသုဘောဂ(ဓမ္မာစရိယ)အားလည်းကောင်း၊၂၆-၁၁-၂၀၁၄ရက် မွန်းလွဲ ၁၃း၀၀နာရီတွင် နေအိမ်သို့ကြွရောက်၍ သရဏဂုံတင်ချီးမြှင့်ပေးပါသော သုတရာမကျောင်းတိုက် ဆရာတော်နှင့်သံဃာများ၊ မုံရွာမြို့၊ မြို့မသုဘာ ဓမ္မာရုံ၌ ပြောင်းသွားသည့် ဘဝသစ်အတွက်ရည်မှန်း၍ သရဏဂုံတင်ခြင်းနှင့် ရေစက်ချတရား ဟောကြားချီးမြှင့်ပေးခဲ့ပါသော မုံရွာမြို့၊ အုတ်ကန်တောရပရိယတ္တိစာသင်တိုက်ကြီး၏ ပဓေနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးနန္ဒေဘာသနှင့်တကွ မိဂဒါဝုန်ကျောင်း၊ အရှေ့လေးထပ်ကျောင်း၊ ခိုးသန်းကျောင်း၊ မုံရွာသုဗောဓါရုံကျောင်း၊ သုတရာမကျောင်းတို့မှ ဆရာတော် ပင့်သံဃာအပေါ်၊ ၉၀၊ ယင်းနေ့ ၁၄း၀၀နာရီတွင် နေအိမ်၌ သံဝေဂတရားများ ရွတ်မွာချီးမြှင့်ပေး၍ လိုက်ပါပို့ဆောင်ခဲ့ပါသော ဧသုဝတီသီလရှင်စာသင်တိုက်၊ ယင်းမာဗြိုင်သီလရှင်စာသင်တိုက်တို့မှသီလရှင်ဆရာကြီး ဆရာလေးအပေါ်၊ ၉၀ တို့အားလည်းကောင်း၊ ဖခင်ကြီး၏ဥတုဇရပ်ဝန်းအား ဂူသွင်းသဂြိုဟ်သည့် နာရေးကိစ္စအ၀ဝတွင် အဘက်ဘက်မှလိုလေသေးမရှိ ကူညီဆောင်ရွက်ပေးကြပါသော နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်နှင့်ဇနီး၊ တော်မတီဝင်များ၊ ဌာနမှူးများ၊ ဝန်ထမ်းမိသားစုများ၊ စစ်ကိုင်းတိုင်းစည်ပင်သာယာရေး အဖွဲ့၊ မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရွှေဘိုမြို့နယ်စည်ပင်သာယာရေး အဖွဲ့၊ မုံရွာခရိုင် ကျေးလက်ဦးစီးဌာန၊ မုံရွာမြို့နယ် သမဝါယမဦးစီးဌာနစစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ မုံရွာဆည်မြောင်းထိန်းသိမ်းရေးတို့မှ တိုင်းညွှန်ကြားရေးမှူးများ၊ ဦးစီးမှူးများနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းမိသားစုများ၊ ဦးသန်းအေး လက်ဖက်ရည်ဆိုင်နှင့် မောင်မိုး လက်ဖက်ရည်ဆိုင်တို့မှ ဖခင်ကြီး၏ လက်ဖက်ရည်ဝိုင်း မိတ်ဆွေ အပေါင်းအသင်းများနှင့် သားသမီး၊ မြေးများ၏ သူငယ်ချင်းအပေါင်းအသင်းများအားလည်းကောင်း၊ ဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့၊ မုံရွာလယ်တီ ဝိပဿနာ ပြန့်ပွားရေးအဖွဲ့၊ ကရဏာမြင့်မိုရ်လူမှုကူညီရေးအသင်း၊ နာရေးပြီးခြောက်သည်အထိ ဆောင်ရွက်ပေးကြသူများ၊ လိုက်ပါပို့ဆောင်ကြသူများ၊ လွမ်းသူ၀မ်းနည်းခြေ၊ ၀မ်းခြင်းပေးပို့ကြသူများ၊ ဆက်သွယ်မေးမြန်းကြသော ရပ်ဝေး၊ ရပ်နီးသူငယ်ချင်း၊ မိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံး တို့အား ကျေးဇူးအထူးတင်ရှိပါသည်။
ကျန်ရစ်သူမိသားစု

ဒေါက်တာမြတ္တန်းဝေ
ဆေးရုံအုပ်ကြီး(သုခကမ္ဘာဆေးရုံ)
အသက်(၆၂)နှစ်

မြောင်းမြမြို့နေ (ဦးထွန်းမြင့်-ဒေါ်ခင်မြ)တို့၏သားကြီး၊ (ဦးခင်အေး)-ဒေါ်အမာတင်တို့၏သားသမက်၊ ရဲမျူးသိန်းထွန်းဝေ-ဒေါ်အေးခိုင်ဦး(တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး)တို့၏အစ်ကို၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၃)၊ စံပယ်လမ်း၊ ငွေကြာရံရိပ်သာနေ ဒေါ်ခင်သန်းဝင်း၏ခင်ပွန်း၊ ဦးခန့်ကျော်ဦး-ဒေါ်စုမွန်သန့်၊ ဦးယုဂန်မင်းဗိုလ်-ဒေါ်နန္ဒာတင်တို့၏ဖခင်သည် ၃၀-၁၁-၂၀၁၄ရက် ညနေ ၆း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၄ရက်တွင် ရေဝေးသုဘာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

တစ်လပြည့်ဆွမ်းကျွေး ဖိတ်ကြားခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ
ဗိုလ်ကြီးအေးချို (ငြိမ်း)
သူရဲကောင်းမှတ်တမ်းဝင်၊ ဒုဗ္ဗန်ကြားရေးမှူး(DWIR)၊ တေ(၄)၊ ကဝမြို့
အသက်(၆၀)

ကွယ်လွန်သူ ဗိုလ်ကြီးအေးချို(ငြိမ်း)အား ရည်စူး၍ ၅-၁၂-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝင်းနေအိမ်၌ တစ်လပြည့် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ကျော်နိုင်
A.G.T.I (MP), B.Sc (Physics)
အသက်(၅၃)နှစ်

သူငယ်ချင်း ဦးကျော်ကျော်နိုင်သည် ၂၉-၁၁-၂၀၁၄ရက် နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
1982. Batch အင်းစိန်
G.T.I မှ သူငယ်ချင်းများ

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။
နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှူးကော်မတီ

ဦးယုံစန်း
မဆူပင်မြို့နယ်၊ချောင်းကြီးကျေးရွာ
အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် ၃၄ (ဦးမောင်စော-ဒေါ်ဖွားသင်)တို့၏သား၊ ဒေါ်စိန်တင်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်ကျော်)-ဒေါ်တင်တင်ဝင်း၊ ဦးကျင်စန်း-ဒေါ်မြတ်ဝင်း(ဦးတင်ဝင်း)-ဒေါ်ဝင်ပြုံး၊ ဦးစန်းအောင်-ဒေါ်သန်းသန်းမြင့်၊ ဦးစန်းမောင်-ဒေါ်မိမိ၊ ဦးခင်မောင်ကျော်-ဒေါ်သီတာမွန်၊ (ဦးတင်ထွန်းဝင်း)၊ ဦးချစ်စိန်-ဒေါ်ဝေနှင်းမွန်တို့၏ဖခင်၊ မြေး ၁၇ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၂၉-၁၁-၂၀၁၄ရက်(စနေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၁၂-၂၀၁၄ရက် (တနင်္သာနေ့) ညနေ ၄နာရီတွင် ရေဝေးသုဘာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး
ဒေါ်နှင်းရီ
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ် ၅၉၊ ၁၇လမ်းနေ(ဦးမောင်သိုက်)၏ဇနီး၊ (ဒေါ်မကထူး)၏ညီမ၊ (ဦးစိန်ဝင်း)-ဒေါ်သိန်းရီတို့၏ အစ်မ၊ ဒေါ်သန်းမြဒေါ်ခင်ကြည်၊ ဒေါ်အေးသန်း၊ (ဦးနေဝင်း)-ဒေါ်နန်းဥမ္မာခိုင်၊ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်လှလှဝင်း၊ ဦးစိုင်းစိုင်း၊ ဒေါ်ကျင်စိန်တို့၏မိခင်ကြီး၊ မောင်ဇင်ဖြိုးဟိန်း၊ မောင်လှိုင်ဖြိုးဟိန်း၊ မောင်သူရနေဝင်းတို့၏ ဘွားဘွားကြီးသည် ၂၉-၁၁-၂၀၁၄ရက် (စနေနေ့)မွန်းလွဲ ၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုဘာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

ဦးကျော်ဖေ (ပန်းပု)
ရွှေတိဂုံအရှေ့ဘက်မုခ်
(လေးတောင်၊ ဇရပ်ပြင်)
အသက်(၇၀)

